



မြန်မာဆိုင်းအဖွဲ့မှ

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ တွင်

ebook အဖြစ် ဖြန့်ချိပါသည်။

https://www.facebook.com/groups/570954929632738/

# အလင်္ကာကျော်စွာ ဦးဟန်ပ

နန်းညွန့်ဆွေ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

ပထမ နှိပ်ခြင်း၊ ၁၉၇၁၊ အုပ်ရေ ၂၂,၀၀၀

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေး အဖွဲ့၊

အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က တာဝန်ခံ
ထုတ်ဝေသည်။

စာပေဗိမာန်ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) ၃၆၁-ပြည်လမ်း၊

ရန်ကုန်မြို့တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

# မာတိကာ

နိဒါန်း၊


၁။ ဦးဟန်ပ ငယ်ရွယ်စဥ်ဘဝ ... ၁

၂။ ပြည်မြို့တွင် ပညာသင်ကြားရခြင်း ... ၉

၃။ ဇာတ်ရုပ်သေးများနှင့် တွဲဖက်ဆောင်ရွက်ခြင်း ... ၁၉

၄။ မြန်မာ့ဆိုင်းဝိုင်းကြီး ... ၂၅

၅။ ဦးဟန်ပနှင့် ဗလာဆိုင်းဆရာဘဝ ... ၃၆

၆။ ရွှေမန်းမြို့သို့ ရောက်ရှိခြင်း ... ၅၂

၇။ အောက်မြန်မာနိုင်ငံသို့ ပြန်လာခြင်း ... ၅၆

၈။ နိုင်ငံတော် ဆိုင်းအဖွဲ့ကို ဦးစီးရခြင်း ... ၆၆

၉။ တိုင်းတပါးသို့ က-ဇာတ်အဖွဲ့နှင့် သွားရောက်ခြင်း ... ၇၄

၁၀။ အလုပ်မှ အငြိမ်းစား ရရှိခြင်း ... ၈၁

၁၁။ ဦးဟန်ပ စပ်ဆိုခဲ့သော သီချင်းများ ... ၈၇

၁၂။ နိဂုံး ... ၉၂

# နိဒါန်း

စာရေးသူသည် ၁၉၅၃ ခုနှစ်ကပင် ယဉ်ကျေးမှု ဌာနသို့ ရောက်ရှိခဲ့ရာ ဆရာကြီး ဦးဟန်ပတို့ ရောက်သည်နှင့် များစွာ မကွာလှပေ။ သို့ရာတွင် စာရေးသူမှာ စာပေ ပြုစု ထုတ်ဝေမှု ဆိုင်ရာ သုတေသန ဌာနတွင်သာ အချိန် ကုန်ရသဖြင့် ၄င်း၊ ဇာတ်သဘင် ဂီတဆိုင်ရာ ပညာကို ထိုစဉ်က စိတ်မဝင်စား သေးသဖြင့် ၄င်း ဆရာကြီး ဦးဟန်ပတို့ နေထိုင်ရာ နိုင်ငံတော် ဆိုင်းအဖွဲ့ ကဇာတ်အဖွဲ့သို့ အရောက်အပေါက် နည်းခဲ့ပါသည်။

သို့ပါသော် နိုင်ငံခြား ယဉ်ကျေးမှု မိတ်ဆက်အဖွဲ့များ တနှစ် တနှစ်တွင် အများအပြား လာရောက်လေ့ ရှိရာ ထိုအဖွဲ့များ လာတိုင်း ဒိုင်ခံ၍ ဧည့်ခံရလေ့ ရှိသော ဤစာရေးသူနှင့် ဆရာကြီး ဦးဟန်ပတို့၏ အဖွဲ့သည် မကြာခဏ ဆိုသလို ဆုံတွေ့ရပါသည်။ မကြာခဏ ဆိုသလို နိုင်ငံတော် သမ္မတကြီး အိမ်၌ ၄င်း၊ ဝန်ကြီးချုပ် အိမ်၌ ၄င်း၊ စာပေဗိမာန် ဧည့်ခံပွဲများ၌ ၄င်း ဆရာကြီး၏ လက်သံကို ကြားရပါသည်။

၁၉၅၈ ခုနှစ်လောက်က စာရေးသူသည် ရွှာစားကြီး စိန်ဗေဒါအကြောင်း ဆောင်းပါးကို စတင် ရေးသားခဲ့ ပြီးသည်မှ စ၍ မြန်မာ တူရိယာ ဂီတပညာရှင်များ အကြောင်း၊ ဂီတစာဆိုများ အကြောင်းကို ဆက်လက် ရေးသားရန် စိတ်ဝင်စားခဲ့ပါသည်။ သို့ရာတွင် ဂီတစာဆိုများ အကြောင်းကို ရှေးဦးစွာ လေ့လာ ရေးသားခဲ့သဖြင့်

ဆိုင်းပညာရှင် ဖြစ်သော ဆရာကြီး ဦးဟန်ပ အကြောင်းကို ရေးသားရန် စိတ်မဝင်စားခဲ့သေးပါ။

သို့နှင့် အချိန်တွေ ကုန်ခဲ့ရာ နောက်ဆုံးတွင် ဆရာကြီး ဦးဟန်ပ လေဖြတ်၍ မင်္ဂလာဒုံ စစ်ဆေးရုံ၌ တက်ရောက် ကုသနေရကြောင်း၊ ဆေးရုံမှ ဆင်းလာ၍ အိမ်တွင် အတော် သက်သာနေကြောင်း စသော သတင်းများကိုသာ မကြာခဏ ကြားရ၍ လူကိုယ်တိုင်မူကား တခါတခေါက်မျှ မရောက်ခဲ့နိုင်ပါ။

နောက်ဆုံးမှာမူ စိတ်ဝင်စားသော အကြောင်းတခု ပေါ်လာပါသည်။ မြန်မာ တူရိယာဂီတ ပညာတွင် စည်းဝါး၊ သံကျ၊ ဟန်ထားများသည် စနစ်တကျ ရှိသလော၊ စည်းချက် ဝါးချက် ဒုံးချက်တို့ကို မည်ကဲ့သို့ မှတ်သားသနည်း၊ မြန်မာ တူရိယာဂီတ ပညာ၏ အခြေခံ ကြိုးသီချင်းများ ဖြစ်ကြသော "ကလာပ်၊ ဖောင်လား၊ သာနိုးငါး" ဆိုသည့် ကြိုးသီချင်း ၁၃ ပုဒ်သည် စည်းဝါးဒုံးချက် မှန်ကန်ကိုက်ညီပါ၏လော၊ ယဉ်ကျေးမှု ဌာနမှ စီစဉ် ကျင်းပခဲ့သည့် ပန်တျာမူမှန် (နိုင်ငံတော်မူ) အဖွဲ့၏ ဆုံးဖြတ်ချက်များ အကြောင်းကို ဆရာကြီးအား မေး၍ ရေးမှတ် ယူထားရန် စိတ်ကူးရပါသည်။ တတ်နိုင်လျှင် ဆရာကြီး ပြောသွားသည့် အချက်များကို ပင်ကိုယ်သံဖြင့် နားထောင်နိုင်အောင် အသံ သွင်းယူထားရန် ရည်ရွယ်ပါသည်။

သို့နှင့် ၆-၇-၆၆ ရက်နေ့တွင် အဆိုတော် ဦးဘခိုင်၊ အဆိုတော် ဦးသိန်းကြွယ် တို့နှင့် ချိန်းကာ ဆရာကြီး နေအိမ်သို့ သွားခဲ့ပါသည်။ ဆရာကြီးသည် ပက်လက် ကုလားထိုင်တွင် ထိုင်၍ နေပါသည်။ ညာဖက်လက်, ညာဖက်ခြေ, ကိုယ်တခြမ်း လေဖြတ်၍ မလှုပ်နိုင်တော့ပါ။ ဘယ်ဖက်ခြေ ဘယ်ဖက်လက်နှင့် ဦးခေါင်းသာ ကောင်းပါ

တော့သည်။ လျှာခပ်လေးလေး ဖြစ်နေပါသည်။ သတိ အလွန်ကောင်းသည်။ သီချင်းများ၊ စည်းဝါးများကို တိတိကျကျ ပြောဆိုပြသနိုင်ပါသည်။

ကျွန်တော်တို့ ရောက်သဖြင့် ဆရာကြီးသည် ဝမ်းသာကာ မျက်နှာ ရွှင်လန်းလာပါသည်။ အားရပါးရ စကားပြောပါသည်။ မမောနိုင် မပန်းနိုင် သီချင်းများကို သီဆိုပြပါသည်။ ဦးဘခိုင်အားငှင်း၊ ဦးသိန်းကြွယ်အားငှင်း သီချင်း ဆိုခိုင်းကာ စည်းချက် ဝါးချက် ဒုံးချက်များကို တွက်၍ ပြပါသည်။ ရှေးဟောင်း နှောင်းဖြစ်များကို ပြန်လည် ပြောရသဖြင့် အတိတ်ကို မြင်ယောင်ကာ ရောဂါကို မေ့သွားဟန် တူပါသည်။ ကျွန်တော်လည်း ပြောသမျှကို ရေးယူခဲ့ပါသည်။

ညနေခင်း ရောက်၍ ပြန်ရန် နှုတ်ဆက်သောအခါ မျက်နှာ ညှိုးသွားပါသည်။ မျက်ရည် လည်လာပါသည်။ "သေချင်ပြီဗျာ မနေချင်တော့ဘူး၊ သေလဲ မသေနိုင်ဘူး" ဟု ဝမ်းနည်းစကား ပြောပါသည်။ ကျွန်တော်တို့လည်း ဆရာကြီး၏ မျက်နှာကို ကြည့်၍ စိတ်မကောင်းကြပါ။ သို့နှင့် ဆရာကြီးအား အားပေးစကား ပြောကာ ကန်တော့၍ ပြန်ခဲ့ကြပါသည်။ စိတ်တွင်မူ မကြာမီ တနေ့တွင် အသံသွင်းစက်ကို ယူလာ၍ ဆရာကြီး အသံကို သွင်းယူထားမည်ဟု အားခဲမိပါသည်။

မကြာပါ။ စာရေးသူတို့နှင့် တွေ့ဆုံပြီး ရစ်ရက်အကြာ ၁၄-၇-၆၆ ရက်နေ့တွင် ဆရာကြီး ကွယ်လွန်ပြီ ဆိုသော သတင်းဆိုးကြီးကို ကြားရပါတော့သည်။ သို့နှင့် ဆရာကြီး၏ အတ္ထုပ္ပတ္တိ အကျဉ်းကို

ကောက်ကာငင်ကာ ရေး၍ လုပ်သား ပြည်သူ့နေ့စဉ် သတင်းစာတွင် ဆရာကြီး ဦးဂုဏ်ဘဏ်၏ နာမည်နှင့် ထည့်သွင်း ဖော်ပြခဲ့ပါသည်။

ဆရာကြီး ဦးဟန်ပ ကိုယ်တိုင် ပြောသွားသော စကားများကို ပုံနှိပ်စာလုံးဖြင့် ထုတ်ဖော်ရန် စိတ်ကူးနေခိုက်တွင် စာပေဗိမာန် စာတည်းအဖွဲ့က ဤစာရေးသူအား ဆရာကြီး ဦးဟန်ပ အကြောင်းကို ရေးခိုင်းလာသဖြင့် ငုပ်နေသော ဆရာကြီး၏ အာဘော်သည် ထင်ပေါ် လာရတော့မည် ဖြစ်သဖြင့် ဝမ်းသာစရာ ကောင်းလှပါသည်။

သို့ဖြစ်သည် အတိုင်း၊ ဆရာကြီးနှင့် ပထမဆုံးလည်း ဟုတ်၍ နောက်ဆုံးလည်း ဟုတ်သော ထိုနေ့က တွေ့ဆုံလိုက်ရ ပုံများကို နောင်လာ နောက်သားတို့ အမှတ်တရ ရှိစိမ့်သောငှာ ဤစာစောင်ကို ရေးသား ပြုစုလိုက်ပါသည်။

သို့ရေးသားရာတွင် ထိုနေ့က ဆရာကြီးနှင့် တွေ့ဆုံ ပြောဆိုကြပုံကို အဓိက ထား၍ ဆွေးနွေးဟန် မေးမြန်းဟန်နှင့် ဇာတ်လမ်းပမာ ဖွဲ့ဆို ရေးသားထားပါသည်။

ဤစာစောင်တွင် ပါသော အချက်အလက်များ အားလုံးသည် စာရေးသူ၏ အတ္တနောမတိဖြင့် ဖွဲ့နွဲ့ ရေးသားခြင်း မဟုတ်ပါ။ ထိုနေ့က ဆရာကြီး ဦးဟန်ပ ကိုယ်တိုင် ပြောဆိုသွားသော အချက်များကို မူတည်ကာ ဦးဘခိုင်၏ ဖြည့်စွက် ပြောဆိုချက်များ၊ ဦးသိန်းကြွယ်၏ ပြောပြချက်များ၊ ဦးမြဦး (သံလျင်မြဦး) ၏ ပြောပြချက်များ၊ အလင်္ကာကျော်စွာ စောင်းဦးဘသန်း၏ ပြောပြချက်များနှင့် ဆရာကြီး ဦးဂုဏ်ဘဏ်၏ ပြောပြချက်များကို သင့်တော်အောင် ပေါင်းစပ် ယူငင်ကာ ရေးသားထားပါသည်။ ထိုမှတပါးလည်း သဘင်ကောင်စီ

ညီလာခံ၊ ခေတ်ပေါ် ဂီတကောင်စီ ညီလာခံတွင် ဆရာကြီး ဦးဟန်ပ ကိုယ်တိုင် ပြောသွားသော ဩဝါဒ မိန့်ခွန်း စကားများကိုလည်း မှီငြမ်း ပြုထားပါသည်။

မည်သို့ပင် ဖြစ်စေ အသက်အရွယ် အိုကြီးအိုမနင့်ပင် တိုင်းပြည်၏ ဂုဏ်၊ လူမျိုး၏ ဂုဏ်ကို ဆိုင်းပညာဖြင့် မြှင့်တင် ဆောင်ရွက် သွားရှာသော ဆရာကြီး ဦးဟန်ပအား ဤစာစောင်ဖြင့် ချီးကျူး ဂုဏ်ပြုခွင့် ရသဖြင့် နှစ်သိမ့် ဝမ်းသာရပါသည်။

အလားတူ ပင်လျှင် ယနေ့ သက်ရွယ် ကြီးမားလျက် ရှိကြသော တူရိယာ ဂီတပညာရှင်ကြီး တို့သည် ကိုယ်ထိလက်ရောက် တိုင်းပြည်၏ အကျိုး လုပ်သား ပြည်သူတို့၏ အကျိုးကို သည်ပိုး ဆောင်ရွက် နိုင်ကြပါစေ ဟူသော ဆန္ဒသည် စာရေးသူ၏ အရင်းခံ စေတနာပင် ဖြစ်ပါကြောင်း။

**နန်းညွန့်ဆွေ**

အခန်း ၁

# ငယ်စဉ်ဘဝ

အခြေဂုဏ်ဖြန်းလို့ မကြွားဝံ့ပါဘု၊

ရွှေပဒုံပန်းသို့အလားပါဘဲ၊

မန်းမြို့သားပါဗျ ဦးဟန်ပခေါ်။

ငယ်အရွယ်ကလေးရယ်က၊

အနယ်နယ်မရွေး လျှောက်ကာနေ၍၊

အောက်ရွာပြေ နယ်ခရီးမှာ၊

တီးလို့သာပျော်။

ကြုံပြန်သနော် အများတကာသိကြပါတော့၊

ဂုဏ်တန်ခေါ် ဖွားဇာတိပါဘဲ၊

တရားဓမ္မာညှိလိုက်တော့ ထင်စွာပေါ်၊

သဘင်အရာပေါ်မှာဖြင့် ကျော်ကာကြား။

**ကြွားမဝိပါဘု၊**

**အများသိစရာ အမှန်ပြောရလျှင်ဖြင့်၊**

**ကံသဘော ဉာဏ်သဘောအဟုန်နှင့်**

**အထူးအလံရတာမတော့၊**

**အကြံရောအဖန်ရောစုံတဲ့ ဦးဟန်ပ,ပါခင်ဗျား။**

ဆရာကြီး ဦးဟန်ပ ကိုယ်တိုင် ရေးစပ်သော ဦးဟန်ပဘွဲ့ လေးချိုး ဖြစ်ပါသည်။ ဦးဟန်ပသည် အတီးကောင်းသူသာ မဟုတ်၊ အဆိုကောင်းသူလည်း ဖြစ်သဖြင့် ဒွေးချိုး၊ လေးချိုး၊ တေးထပ်၊ သီချင်းကြီး၊ သံဆန်းစသော သီချင်းများကို ကိုယ်တိုင်ဆို၍ တီးလေ့ ရှိပေသည်။ ရှေးဆရာကြီးများနှင့် စနစ်တကျ လေ့လာဆည်းပူး သင်ကြားခဲ့ရသဖြင့် လေးချိုး၊ တေးထပ် စသော ကဗျာများကို ကျကျနန ရေးဖွဲ့နိုင်ပေသည်။

မြန်မာဘုရင် သီပေါမင်းတရား လက်ထက်တွင် ဆီဆုံဆယ်ရွာစား ဆိုင်းဆရာကြီး ဆရာဖေ ဟူ၍ ရှိလေသည်။ ထိုဆရာဖေ၏ သားများမှာ ဆရာစိမ့်နှင့် မောင်ကလေး စိန်ဗေဒါတို့ ဖြစ်ကြလေသည်။ ဆရာစိမ့်ရော စိန်ဗေဒါပါ ဆိုင်းလောကတွင် တံခွန်စိုက်အောင် ကျော်ကြားခဲ့သော ပုဂ္ဂိုလ်များ ဖြစ်ကြလေသည်။

ဆရာဖေနှင့် အလွန် ရင်းနှီးသော မိတ်ဆွေကြီး တဦးမှာ ဦးကျော်ဇံ ဖြစ်လေသည်။ ဦးကျော်ဇံသည် လက်ျာဖက် လက်တချောင်း

ကောင်းစွာ မသန်သဖြင့် ရွှေနန်းတော်အတွင်း အမှုထမ်း မဖြစ်ရရှာပေ။ ဆိုင်းကိုလည်း လူကောင်းတို့ကဲ့သို့ အားကြိုးမာန်တက် မတီးနိုင်သဖြင့် ဆိုင်းဆရာ အမည်ကို ကောင်းစွာ မခံနိုင်ပေ။ သို့သော် မြန်မာ တူရိယာဂီတ ပညာကို အခြေအမြစ်နှင့်တကွ ကောင်းစွာ တတ်မြောက် ကျွမ်းကျင်သဖြင့် အားလုံးက အလေးပြု နည်းမှီး သင်ယူရသော ပညာရှင်ကြီး ဖြစ်လေသည်။ တပည့်များကို ပတ္တလားဖြင့် သင်ပြသည်။ ဆိုင်းကို ရံဖန်ရံခါ ဝင်၍ တီးပြသည်။ ထိုအခါ မသန်သော လက်ကို အဝတ်ပတ်၍ တီးရလေသည်။ ဦးကျော်ဖံသည် ရှေးခေတ် ပညာရှင်ကြီးများ ထံမှ ကောင်းစွာ နည်းခံ သင်ယူ ရရှိခဲ့သည့် အလျောက် တူရိယာဂီတ ပညာ၌ နည်းစုံစွယ်စုံ တတ်မြောက်သူ ဖြစ်ရကား ပညာမာနလည်း အတော် ရှိလေသည်။ အပြောအဆိုမှာလည်း ဒိုးဒိုးဒေါက်ဒေါက်နှင့် ဘွင်းဘွင်းရှင်းရှင်း ပြောတတ်သည်။ ဆရာဖေက မိမိ၏ သားများအား သီချင်း သင်ပြပြီးသော အခါတွင် ဦးကျော်ဖံထံသို့ သွား၍ ဆေးကြောနိုင်းသည်။ ဦးကျော်ဖံက ဆရာစိမ့်နှင့် စိန်ဗေဒါတို့အား သီချင်းကို သီဆို တီးမှုတ် နိုင်းပြီးသော အခါ-

"ဒီသီချင်း ဘယ်သူ သင်သလဲ" ဟု မေးသည်။ ထိုအခါ "အဖေ သင်ပါသည်" ဟု ဖြေကြသည်။ ဦးကျော်ဖံက ခေါင်းကို ရမ်းကာ "မင့်အဖေ သင်တာ အလကား၊ ငါပြောတာ မှတ်ထား" ဟု ဆို၍ ကျကျနန သီဆိုတီးမှုတ် သင်ပြပေးသည်။ တခါတရံတွင် ဦးကျော်ဖံသည် ဆရာဖေ၏ အိမ်သို့ လာကာ

"ဟော့... မောင်စိမ့်နှင့် မောင်ကလေးတို့ လာကြစမ်း"

ဟု ခေါ်ကာ သူလိုချင်သည့် သီချင်းကို တီးခိုင်းသည်။ နေရာမကျလျှင် ဆရာဖေ ရှေ့မှာပင် ဆူသည်၊ အော်သည်၊ စိတ်ရှည်လက်ရှည်လည်း သင်ပြတတ်သည်။ ဤသို့ဖြင့် ဆရာစိမ့်နှင့် ကိုမောင်ကလေးတို့သည် ပညာပြည့်ဝ လာကြလေသည်။ ဆရာဖေ ကိုယ်တိုင်က မောင်ကလေးအား

"လူကလေး၊ ငါသင်တာကိုလဲ မေ့မပစ်နဲ့၊ မင့်အကို မောင်စိမ့် ပြောတာကိုလဲ မှတ်ထား၊ ဦးကျော်ဇံ သင်ပြတာကိုလဲ ခေါင်းထဲမှာ စွဲထား၊ အလိုရှိတဲ့ အခါမှာ ထုတ်သုံး၊ ဘယ်ဟာမှ ဖျောက်မပစ်နဲ့"

ဟု ပြောဆို ဆုံးမလေသည်။ ထိုကြောင့်လည်း စိန်ဗေဒါသည် ဖခင်ဖြစ်သူ ဆရာဖေ၊ ဦးကျော်ဇံနှင့် ဆရာစိမ့်တို့ ထံမှ ပညာအမွေများကို နည်းခံ ရရှိခဲ့သည့် အတိုင်း နောက်ပိုင်းတွင် ဆိုင်းဆရာတို့၏ အထွတ်အထိပ်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပေသည်။ ဆရာစိမ့်သည် အသက် ခပ်ရွယ်ရွယ်ကပင် ကွယ်လွန်သွားသဖြင့် ဆိုင်းလောကတွင် စိန်ဗေဒါ တဦးသာလျှင် ထီးထီးမားမား ကျန်ရစ်ခဲ့လေတော့သည်။

သက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်း လဆုတ် ၈ ရက်နေ့တွင် မြန်မာဘုရင် သီပေါမင်းအား အင်္ဂလိပ် မျက်နှာဖြူတို့ ဖမ်းဆီးခေါ်ဆောင် သွားသဖြင့် မြန်မာ တူရိယာဂီတ ပညာသည်တို့မှာ ချီးမြှင့် မြှောက်စားမည့်သူ မရှိဖြစ်ကာ စားဝတ်နေရေး အတွက် အခက်ကြုံကြရ လေသည်။ မြန်မာဘုရင်ကို ဖမ်းဆီးခေါ်ဆောင် သွားပြီးနောက် မြန်မာနိုင်ငံကို အင်္ဂလိပ် လက်အောက်ခံ ကျွန်နိုင်ငံ အဖြစ်သို့ သွတ်သွင်းသည်ကို မခံမရပ်နိုင် ဖြစ်ကာ သေမြေကြီး ရှင်ရွှေထီးဟု သဘောထားလျက် အင်္ဂလိပ် အစိုးရကို ဆန့်ကျင်ပုန်ကန်

တိုက်ခိုက်နေသည့် မြန်မာမျိုးချစ် ပုဂ္ဂိုလ်များကလည်း ရှိနေသေးသဖြင့် အထက် မြန်မာနိုင်ငံတွင် လူမှုရေး၊ စီးပွားရေး အခြေအနေမှာ အလွန် ဆိုးဝါးလျက် ရှိနေလေသည်။ တူရိယာဂီတ အနုပညာသည်များမှာ ရေးအခါက ရွှေနန်းတော်ကြီးကို အားကိုး၍ မရတော့သဖြင့် ပြည်သူလူထုကို အားကိုးမှသာ စားဝတ်နေရေး စိတ်အေးရမည့် အဖြစ်သို့ ရောက်ရှိလာလေသည်။

ထိုကြောင့် အချို့ ပညာရှင်များသည် သီပေါစော်ဘွားကြီးက အားပေး ချီးမြှောက်သည်ဟု ကြားရသဖြင့် သီပေါသို့ သွားသူလည်း သွားကြသည်။ အချို့သည်လည်း မိမိတို့နှင့် နီးစပ်ရာရာ တောလက် ကျေးရွာများသို့ ပြောင်းရွှေ့ နေထိုင်ကာ ဇာတ်အဖွဲ့၊ အငြိမ့်အဖွဲ့၊ တူရိယာအဖွဲ့များကို ဝါသနာတူသူချင်း စုပေါင်း တည်ထောင်ကာ ဝမ်းရေး ပြဿနာကို ဖြေရှင်းကြရလေသည်။

အထက် မြန်မာနိုင်ငံထက် အောက် မြန်မာနိုင်ငံက အင်္ဂလိပ် လက်အောက် ရောက်ခဲ့သည့် အချိန် စောခဲ့သောကြောင့် အရောင်းအဝယ်များ ဖွံ့ဖြိုးကာ စီးပွားရေးကောင်း၍ နေလေသည်။ အင်္ဂလိပ် အစိုးရသည် မြန်မာနိုင်ငံထွက် ဆန်စပါးကို အလွန်မက်သည် ဖြစ်ရကား ဆန်စပါးကို ဈေးကြီးပေး၍ ဝယ်သည်။ ဆန်စပါး ပိုမိုစိုက်နိုင်အောင် အားပေးသည်။ အခြား လုပ်ငန်းကလေးများ ကိုလည်း လွတ်လပ်စွာ ရောင်းဝယ်လုပ်ကိုင်ခွင့် ပြုသည်။ သို့နှင့် အောက်ရပ် အောက်ပြည်တွင် စားဝတ်နေရေး ချောင်လည်၍ နေလေသည်။ ထိုစဉ်အခါက အထက် မြန်မာနိုင်ငံမှ လူအများပင် အောက်ရပ် အောက်ပြည်သို့ ဆင်းလာကာ လယ်ငှားလုပ်ခြင်း၊ ကောက်စိုက် ကောက်ရိတ် အငှားလုပ်ခြင်း များကို လုပ်ကိုင်ခဲ့ရ လေသည်။ အညာလှေကြီးများ ပင်လျှင် ပဲ၊ ပြောင်း၊ အာလူး၊ ဆေး

စသည့် ကုန်များကို တင်ဆောင်လာကာ အောက်ရပ် အောက်ပြည်သို့ လာ၍ ရောင်းချကြရ လေသည်။

ထိုနည်းနှင်နှင် အထက် မြန်မာနိုင်ငံမှ တူရိယာ ပညာရှင်များသည်လည်း ရေကြည်ရာ မြက်နုရာ ဖြစ်သော အောက် မြန်မာနိုင်ငံသို့ လာရောက် အမှုထမ်းကြရ ပေသည်။

ဆရာဖေနှင့် ဦးကျော်ဖံတို့တွင် လေးစားလောက်သော ဆရာလည်း ဖြစ်၍ မိတ်ဆွေလည်း ဖြစ်သော ဆရာဖောင် ဆိုသူ တဦးရှိသည်။ ဆရာဖောင်မှာ မင်းတုံးမင်း လက်ထက်တွင် ရေကင်းတော် အဖွဲ့မှ နဲဆရာကြီး အဖြစ် အမှုထမ်းခဲ့သူ ဖြစ်လေသည်။ ဆရာဖောင်တွင် မောင်မှင်ဟု ခေါ်သော သားတယောက် ရှိလေသည်။ မောင်မှင်သည် နာမည်ကျော် ရုပ်သေးဆရာကြီး အမေပု၏ တပည့်ရင်း ဖြစ်လေသည်။ ရုပ်သေးမင်းသား မင်းသမီးမှ အစ ဇာတ်စင်တစင်လုံး သေတ္တာမှောက် ကပြနိုင်သူ ဖြစ်ပါသည်။ ပတ်တီးပညာ၊ နဲပညာ၊ ကြေးတီး၊ မောင်းတီး စသော ဆိုင်းပညာ အရပ်ရပ်ကိုလည်း တတ်မြောက်သည်။ သို့ရာတွင် နဲပညာတွင် အလွန် ထူးချွန်သည့် အလျောက် နဲမှုတ်ရသည်က များလေသည်။

မောင်ဘိုးမှင်ခေါ် ဆရာမှင်သည် အစ်ကိုဖြစ်သူ မောင်ဘိုးဆင်နှင့် အတူ မန္တလေး အညာမှ အောက်ပြည် ဒဂုန်သို့ စုန်ဆင်း၍ လာခဲ့လေသည်။ ကြည့်မြင်တိုင် ဘူတာရုံ၏ အနောက်ဖက်နားတွင် မင်းသမီး ဆင်ခိုးမလေး တည်ထောင်ထားသော ဆိုင်းအဖွဲ့တွင် မောင်ဘိုးဆင်နှင့် မောင်ဘိုးမှင်တို့ အလုပ်ဝင်၍ လုပ်ကြလေသည်။ ဆရာမှင်၏ ဇနီး ဒေါ်မေတွင် သုံးနှစ်ရွယ် သားငယ် မောင်သာထွန်း ဟူ၍ ရှိလေသည်။ မောင်သာထွန်းကား နောင်တွင်

ဦးဟန်ပ ဟူ၍ နာမည်ကြီးလာမည့် ပုဂ္ဂိုလ်ပေတည်း။ အငယ် မောင်လှဖေမှာ နို့စို့အရွယ် ဖြစ်လေသည်။ မင်းသမီး ဆင်ခိုးမလေး၏ ဆိုင်းအဖွဲ့တွင် ဝင်၍ အလုပ် လုပ်ကြရင်း ရန်ကုန် အနီးအနား တဝိုက်တွင် လှည့်လည်သွားလာ နေကြရလေသည်။ ဤတွင် ကျွန်တော်က ဆရာကြီး ဦးဟန်ပအား မေးပါသည်။

"ဘဘ- အဲဒီတုံးက အကြောင်းကိုတောင် မှတ်မိ သေးတယ်နော်"

"ဟာ- ကောင်းကောင်း မှတ်မိတာပေါ့၊ အဲဒီတော့ အသက် သုံးနှစ်ကျော်လောက် ရှိသေးတာ၊ မောင်လှဖေက နို့စို့အရွယ်ပေါ့"

သတိကောင်းလှသော ဆရာကြီး ဦးဟန်ပအား အံ့သြချီးကျူးရင်း ထိုအရွယ်က ထူးခြားသည့် အဖြစ်အပျက် တခုခုကို ပြောပြရန် တောင်းပန်လိုက်ပါသည်။ ဆရာကြီးသည် ပက်လက် ကုလားထိုင်ကို နောက်မှီ၍ မျက်စိကလေး မှေးကာ စဉ်းစားရင်း

"တနေ့တော့ အဖေနဲ့ ဘကြီးတို့ ဆိုင်းတီးသွားကြတယ်၊ လှေနဲ့ သွားရတယ်။ အဖေတို့ လှေနဲ့ မော်တော် တိုက်မိပြီး လှေမှောက် သွားတယ်လို့ သတင်းကြားတာနဲ့ အမေဟာ ကျုပ်ကို ခါးတစ်ခွင် ချီပြီး ကြည့်မြင်တိုင် ကမ်းနားမှာ ဟိုပြေးသည်ပြေးနဲ့ လူကြုံ လိုက်မေးနေတာကို မှတ်မိတယ်၊ ကျုပ် ဒီတော့ ဘာမှ မသိတတ်သေးဘူး၊ ကြီးလာတော့မှ စဉ်းစားပြီး အမေ့ကို သနားမိတယ်၊ နောက်တော့လဲ အဖေနဲ့ ဘကြီးတို့ ကောင်းကောင်းမွန်မွန်ဘဲ ပြန်ရောက်လာကြတယ်၊ ဒီတော့မှ အမေလဲ စိတ်အေးသွားတယ်၊ အဲ နောက်တခု သတိရသေးသဗျ၊ ကျုပ်တို့ အဲဒီမှာ နေတုံးက ကျုပ်မှာ

ကြက်မျက်သင့်တဲ့ ရောဂါ ဖြစ်တယ်၊ ကြက်မျက်သင့်တယ် ဆိုတာက မျက်စိဟာ နေ့ခင်းမှာ မြင်တယ်၊ ညမှာ မမြင်ဘူး၊ မီးရောင်တွေ ရှိပေမဲ့လဲ မမြင်ဘူး"

ကြက်မျက်သင့်သော ရောဂါအကြောင်းကို ကြားခဲ့ဘူးသော်လည်း ကိုယ်တွေ့ မမြင်ဘူးပါ၊ ထိုရောဂါ အကြောင်း ဗဟုသုတ အနေနှင့် သိချင်သည့် အတိုင်း ဆရာကြီးအား ဆက်လက် ပြောပြရန် တောင်းပန်ရပါသည်၊ ထိုအခါ ဆရာကြီးက ဆက်လက်၍

"ကျုပ်ကို ညမှာ ဟိုဟိုဒီဒီ ခေါ်သွားတော့ ကျုပ်က ကောင်းကောင်း မမြင်ဘဲ စမ်းတဝါးဝါး ဖြစ်နေတယ်၊ ဒါနဲ့ လူကြီးတွေက ဒီကလေး ကြက်မျက်သင့်တဲ့ ရောဂါ ဖြစ်နေပြီလို့ ပြောပြီး နားလည်တဲ့ ဆရာသမားတွေ မေးပြီး လုပ်ကြ ထင်ပဲ့ဗျာ၊ တနေ့မှာ အမေက ကြက်မြစ်ကြက်သဲ ဟင်းချက်ပြီး ကျုပ်ကို ကျွေးတယ်၊ ငါးအုပ်တဲ့ ဆောင်းကို သိသလား၊ အဲဒီ ဆောင်းကို သွားငှားပြီး အနားမှာ ထားတယ်၊ အမေက ကြက်မြစ်ကြက်သဲ ဟင်းကို ပန်းကန်လေးနဲ့ ထည့်လာပြီး ကြက်ကို ခေါ်သလို တီတီတီတီလို့ ခေါ်တယ်၊ အဲဒီ အခါမှာ ကျုပ်က ခပ်လှမ်းလှမ်းက နေပြီး ပြေးလာကာ ပန်းကန်ကို ယူစားရတယ်၊ အဲဒီအခါ အမေက ကျုပ်ကို ဆောင်းနဲ့ အုပ်ထားလိုက်တယ်၊ ကျုပ်လဲ ကြက်သားဟင်းကို ပန်းကန်ထဲက နှိုက်စားလို့ ကုန်ခါနီးလဲ ရောက်ကရော အဖေက နောက်ကလာပြီး ရေအိုးထဲက ရေတွေနဲ့ ဗွမ်းကနဲ ကျုပ်အပေါ် လောင်းချလိုက်တာဘဲ၊ ကျုပ်လဲ တခါထဲ လန့်သွားရတာပေါ့"

ကျွန်တော်မှာ အထူးအဆန်းကို ကြားရသဖြင့် အတော်ပင် စိတ်ဝင်စား သွားကာ ရယ်ရမလို ငိုရမလို ဖြစ်နေပါတော့သည်။

"အဲဒီတော့ ဘယ်လိုနေတုံး ဘဘ" ဟု ကျွန်တော်က ဆက်၍ မေးပါသည်။ "ဟာ... အတော် ထူးဆန်းတယ်ဗျ၊ ကြက်မျက်သင့်တဲ့ ဝေဒနာဟာ တခါထဲ ပျောက်သွားတာဘဲ၊ ညမှာလဲ ကောင်းကောင်း မြင်သွားတယ်၊ နောက်ထပ်လဲ မဖြစ်တော့ဘူး၊ ခုအသက် အထိဘဲ" ဟု ဆက်၍ ပြောပါသည်။

ဦးဘိုးဆင် ဆိုသူသည် မြန်မာဘုရင်၏ အိုးစည်တော် အဖွဲ့တွင် ပါဝင်ခဲ့သူ ဖြစ်၍ လက်ျာဖက် လက်တွင် ခြင်္သေ့ရုပ်ကို ဆေးအနက်ဖြင့် ထိုးထားသည်။ ဦးဘိုးဆင်နှင့် ဦးဘိုးမှင်တို့သည် ကြည့်မြင်တိုင် ဆင်ခိုးမလေး၏ အဖွဲ့တွင် အခါလည်ခန့်သာ အလုပ်လုပ်ပြီးနောက် မန္တလေးသို့ ပြန်သွားကြလေသည်။ ရန်ကုန်တွင် အလုပ် လုပ်ရသည်မှာ စီးပွားရေး အနေဖြင့် ကောင်းသော်လည်း ပညာ အနေဖြင့်မူ မိမိတို့နှင့် တွဲ၍ လုပ်မည့် သူများ၏ အခြေအနေမှာ ကောင်းစွာ အဆင်မပြေလှချေ။ ထို့ကြောင့် မန္တလေးသို့ ပြန်ရောက်လျှင် မိမိတို့နှင့် ပညာလည်း တူ၍ သဘာဝလည်း တူသော သူများကို စုစည်းကာ အောက်ရပ် အောက်ပြည်သို့ အဖွဲ့လိုက် ဆင်းလာရန် ရည်သန်၍ ပြန်သွားခြင်း ဖြစ်ပေသည်။

မန္တလေးတွင် အတော်အသင့် နေထိုင်ပြီးနောက် ဆရာပေနှင့် တွဲမိကာ အစီအစဉ်တမျိုး ဖန်တီးခဲ့လေသည်။ ဆရာပေသည် မိမိ၏ ဆရာရင်း ဖြစ်သော ဆရာဖေအား ခွင့်တောင်းကာ ပြည်မြို့သို့ စုန်ဆင်း၍ ဆိုင်းခွဲထောင်ရန် စီစဉ်ခဲ့လေသည်။ ထိုအခါ ဆရာဖေကလည်း တပည့်ဖြစ်သူ ဆရာပေအား အခြေအနေအရ ခွင့်ပေးကာ ပညာပိုမို ပြည့်စုံစေရန် ဦးကျော်ဇံအားလည်း

ပင့်ခေါ်သွားရန် တိုက်တွန်းလေသည်။ ထိုအခါ ဆရာပေသည် ဦးကျော်ဇံအား အစစ သင်ပြဆုံးမရန် ဆရာအဖြစ် ပင့်ခေါ်သွားလေသည်။ နဲ့ဆရာ အဖြစ်ဖြင့်မူ ဦးဘိုးမှင်ခေါ် ဆရာမှင်အား ခေါ်သွားလေသည်။

အခန်း ၂

# ပြည်မြို့တွင် ပညာသင်ကြားရခြင်း

သို့နှင့် ဆရာမှင်တို့ မိသားစုသည် ဦးဟန်ပခေါ် မောင်သာထွန်း အသက် ငါးနှစ်ခန့်တွင် ပြည်မြို့သို့ ရောက်လာခဲ့လေသည်။ ပြည်မြို့သို့ ရောက်လာသောအခါ ဆိုင်းထောင်၍ အလုပ် လုပ်လေသည်။ အဖိုးဖြစ်သူ ဦးရွှေဖောင်က ဝိုင်းတီး၍ အဖေက နဲမှုတ်သည်။ မောင်သာထွန်းအား ပြည်မြို့ ထောင်ကြီးဝနားရှိ ဆရာသိုင်း၏ အတန်းကျောင်းတွင် ထား၍ စာသင်စေသည်။ မောင်သာထွန်းလည်း ငယ်စဉ်ကပင် အက အလွန် ဝါသနာ ပါလေသည်။ အနေအထိုင်မှာ မိန်းကလေးကဲ့သို့ ပိပိရိရိ ရှိလှပေသည်။ အချိန်ရှိတိုင်း အကကို လေ့ကျင့်၍ နေတတ်လေသည်။ အကတတ်သည့် မင်းသား မင်းသမီးများ ထံတွင် မေးမြန်း အတုခိုးကာ အကကို လေ့ကျင့်၍သာ နေခဲ့လေသည်။

ဆရာပေတွင် မောင်ဘဖဲဟု ခေါ်သော သားတယောက် ပါရှိခဲ့သည်။ ဆရာမှင်တွင် မောင်သာထွန်းနှင့် မောင်လှဖေ ဟူသော သားနှစ်ယောက် အပြင် မသိန်းရင် ဟူသော သမီး တယောက်ပါ ထွန်းကားခဲ့လေသည်။ ဆရာကြီး ဦးကျော်ဖဲသည် မောင်ဘဖဲ မောင်သာထွန်းနှင့် မောင်လှဖေ တည်းဟူသော ကလေးသုံးယောက်ကို ရင်ခွင်၌ ထားကာ ဆိုင်းတီးတတ်လေသည်။ ဆိုင်းတီးရာသို့ ကလေးများကို ခေါ်သွား၍ သင်ပြတတ်လေသည်။

မောင်သာထွန်း အသက် ကိုးနှစ်ခန့်တွင် အဖိုး ဖြစ်သူက ပြည်မြို့ ရွှေဆံတော်ပွဲတွင် ဆိုင်းတီး သွားရာသို့ မောင်သာထွန်းအား ခေါ်သွားခဲ့လေသည်။ မောင်သာထွန်းအား ရင်ခွင်၌ ထား၍ ပတ်လုံးများကို တွဲဖက် တီးပုံများကို တီးပြသည်။ ထံတျာတေရှင် သီချင်းကို စ၍ တီးပြသည်။ မောင်သာထွန်းသည် ထိုအရွယ်က စ၍ ဂီတပညာကို ထံတျာတေရှင်က အစ သင်ယူခဲ့ရသည်။ မောင်သာထွန်းသည် ငယ်စဉ်ကပင် အနေအထိုင် ကြော့ကြော့မော့မော့ နေတတ်၍ အကပညာကိုလည်း အတော်အသင့် တတ်ထားသည့် အလျောက် အသွားအလာ အနေအထိုင်မှ အစ ဟန်နှင့်ပန်နှင့် နေတတ် သွားတတ်သဖြင့် လူကြီးတွေက "ဒီသူငယ်ကလေး တယ်ပြီး ဟန်ကောင်းသည်" ဟူ၍ ပြောဆို ချီးမွမ်းကြသည်။ မောင်သာထွန်းသည် ဆိုင်းတီးရာ၌လည်း များစွာ ဟန်ကောင်းလှ ပေသည်။ အချို့က မောင်သာထွန်းကလေး၏ ဟန်ကောင်းပုံကို ကြည့်၍ "ဟန်ပ့ါဗျား၊ ဟန်ပ့ါဗျား" ဟု ချီးကျူး ထောပနာ ပြု၍ ပြောကြသဖြင့် မောင်သာထွန်း တည်းဟူသော ငယ်နာမည်သည် တစတစ ပျောက်ကာ မောင်ဟန်ပ မောင်ဟန်ပ ဟူ၍ အနွတ္ထသညာ ခေါ်တွင်လာခဲ့လေသည်။

မောင်သာထွန်းသည် ငယ်စဉ်ကပင် ဟန်ကို အခြေခံ ပြုခဲ့ပေသည်။ ပတ္တလားပင် တီးတီး၊ ကြေးနောင်ကိုပင် တီးတီး၊ မောင်းကိုပင် တီးတီး ဟန်နှင့် တီးတတ်လေသည်။

ဟန်ပ့ါဗျား၊ ဟန်ပ့ါဗျာ ဟု ဆိုရာမှ မောင်ဟန်ပဟု ခေါ်တွင်လာခြင်း ဖြစ်ရာ ဤနေရာတွင် ဟန်နှင့် ပကို ခွဲလိုက်လျှင် "ပ" သည် ထွန်းပခြင်း အနက် တောက်ပခြင်း အနက်ကို ကောက်ယူရပါမည်။ "ဟန်ပ" ဟူသည် ပုံပန်းသဏ္ဍာန် ဟန်နေဟန်ထား

အားဖြင့် လူ၏ ဂုဏ်သရေကို ထွန်းပနိုင်စေသည့် ပုဂ္ဂိုလ်ဟု ယူဆရပါမည်။

မောင်ဟန်ပသည် ကိုးနှစ် အရွယ်မှ စတင်ကာ တူရိယာဂီတ ပညာကို သင်ယူခဲ့ရသည် ဖြစ်ရာ အသက် ၁၃ နှစ် အရွယ်တွင် ဂီတ သင်ရိုးကျွတ်အောင် တတ်မြောက်ခဲ့သည်ဟု ဆိုပေသည်။

"ဒါဖြင့် ဘဘရဲ့ ဆရာရင်းဟာ ဦးရွှေဖောင် ပေါ့နော်... " ဟု ကျွန်တော်က မေးလိုက်သော အခါ ဆရာကြီး ဦးဟန်ပက "ဟာ... အဲဒီတော့ ဦးရွှေဖောင် မရှိတော့ဘူး ဆရာပေကို ပြောတာ" ဟု ပြန်ဖြေပါသည်။

"ဘဘက ဆရာပေကို အဖိုးလို့ ခေါ်တယ်ပေါ့" ဟု ထပ်၍ မေးရပြန်ပါသည်။ ထိုအခါ ဆရာကြီးက

"ဟုတ်တယ် ကိုယ်ရင်ရဲ၊ ဆရာပေက ကျုပ်ကို ပတ္တလား စသင်ပေးတယ်၊ ဆရာပေကို ကျုပ်က ဆရာလို့ ခေါ်တယ်၊ ဒီအခါမှာ ဆရာပေက 'အောင်မာ... ခွေးမသား၊ နင်က ငါ့ကို ဆရာတဲ့လား နင့်အဖေကလဲ ငါ့ကို ဆရာလို့ ခေါ်တယ်၊ နင်ကလဲ ငါ့ကို ဆရာလို့ ခေါ်တယ်၊ နင်တို့ သားအဖ ညီအစ်ကို တော်နေမှာပေါ့၊ နင့်အဖေက ငါ့တပည့် နင်က ငါ့မြေးတပည့်၊ ငါ့ကို အဖိုးလို့ခေါ်' လို့ ပြောတယ်၊ ကျုပ်ကလဲ မခေါ်ဘူး၊ မခေါ်လို့ သုံးချက် အရိုက်ခံရတယ်...၊ ဒီတော့မှ အဖိုးလို့ ခေါ်တယ်... "

ဟု ရှင်းပြပါသည်။ ကျွန်တော်သည် ရှေးခေတ်က ပညာရှင်များ၏ လေးစား ချစ်ခင်စရာ ကောင်းပုံများကို စဉ်းစားရင်း ပြုံးနေမိပါသည်။

"အဲဒီတုံးက အသက် ဆယ်နှစ်လောက်ဘဲ ရှိသေးတယ်၊ အဖိုးဆီမှာ ထံတျာက အစ သင်ရိုးကျွတ်အောင် သင်ယူခဲ့ရတယ်၊ အဲဒီ အချိန်က စပြီး ဆရာပေကို အဖိုးလို့ ခေါ်ခဲ့တာဟာ အခုထက်ထိဘဲ၊ မင့်ဆရာ ဘယ်သူလဲလို့ သူများက မေးလျှင် ကျွန်တော့်ဆရာ အဖိုးဘဲလို့ ဖြေခဲ့တယ်... ။ နာမည်ကိုတောင် ဖော်မပြောရဲဘူး" ဟု ပြောပါသည်။ "ဆိုင်းတီးတဲ့ အခါမှာလဲ အဖိုးနဲ့ဘဲ တီးတာပေါ့နော်" ဟု ကျွန်တော်က မေးသောအခါ "ဟုတ်တယ်၊ အဖိုးက ပိုင်းတီးတယ်၊ အဖေက နဲမှုတ်တယ်၊ ပြည်မြို့မှာဘဲ နေကြတယ်" ဟု ဖြေပါသည်။

"ဒါထက် ဘဘရယ်... ၊ ကြားဖြတ် မေးရအုံးမယ်၊ ထံတျာတေရှင် သီချင်းကို ဘဘတို့ သင်လာရတုံးက ရှစ်စည်း ရှစ်ဝါး အကိုက်ဘဲလား။ ဘယ်လို သင်ခဲ့ရသလဲ" ဟု မေးလိုက်သောအခါ ဆရာကြီးက "အဖိုး သင်ပေးခဲ့တာ အကိုက်ဘဲ ကိုယ်ရင်ရဲ၊ ရှစ်စည်း ရှစ်ဝါး နှစ်ဒုံး အကိုက်ဘဲ... " ဟု ဖြေပါသည်။ "ဒါဖြင့် ဘဘ သင်ခဲ့တဲ့အတိုင်း နည်းနည်း ဆိုပြပါ" ဟု တောင်းပန်သောအခါ ဆရာကြီးက-

၁။ ထံတျာတေရှင်၊ ထံတျာတေရှင်၊ ဒျန့်ဒျန့် ထံတျာတေရှင်၊ (ရှစ်ဝါး)

၂။ ဒလု ဒလု ထုံး ဒျန့်ဒျန့်၊ တောပင် တောလုံး နံ့ပါလို့လေး (ရှစ်ဝါး)

၃။ ထက်စငယ် ကောင်းကင်၊ မိုးတည့် မိုးတိမ်ပြင်၊ (ရှစ်ဝါး)

၄။ စံရှင် စံရှင် ပျော်ပါး၊ ရွှေဘော်တစုများငယ်နှင့်လေး၊ (ရှစ်ဝါး)

၅။ သည်မိုး သည်မိုး ဒေဝါ၊ မိုးတည့် မိုးဒေဝါ၊ (ရှစ်ဝါး)

၆။ အုံ့ကာလေ တမဲမဲ၊ ရွာလေ တဖွဲဖွဲ၊ (ရှစ်ဝါး)

၇။ ထံတျာတေရှင်၊ ထံတျာတေရှင်၊ ဒျန့်ဒျန့် ထံတျာတေရှင်၊ (ရှစ်ဝါး)

၈။ ဒလု ဒလု ထုံး ဒျန့်ဒျန့်၊ ဒလု ဒလု ထုံး ဒျန့်ဒျန့်၊ (ရှစ်ဝါး)

၉။ တျော တေ ထံတျာ တေ ဒျန့်၊ တျော တေ တျာ၊ (ရှစ်ဝါး)

ဟု တပိုဒ်စီ တပိုဒ်စီ စည်းဝါးချကာ ကျကျနန သီဆိုပြပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တပိုဒ်စီ တပိုဒ်စီတွင် ဝါးလတ်ဝါး ရှစ်ဝါး နှစ်ဒုံးကိုက် အညီအမျှ ရှိကြပါသည်။ ဝါးလတ် လေးဝါးကို တဒုံးဟု သတ်မှတ်ပါသည်။ ဝါးလတ်နှင့် တီးသော သီချင်းများ၏ ဝါးအရေအတွက်ကို လေးဂဏန်းနှင့် စားလျှင် ပြတ်ရပါမည်။ နာရီစည်းဝါးနှင့် တီးသော သီချင်းများ၏ ဝါးအရေအတွက်ကို နှစ်ဂဏန်းနှင့် စားလျှင် ပြတ်ရပါမည်။ အဘယ့်ကြောင့်ဟူမူ နာရီနှစ်ဝါးကို တဒုံးဟု သတ်မှတ်ခြင်းကြောင့် ဖြစ်ပါသည်။ 'နာရီမှန်မှန်၊ တီးလက်သံကား၊ နှစ်တန်တဒုံး၊ ကျမြဲထုံးတည့်' ဟု ရာဇမတ္တ ဟာသမဥ္စရီ ကျမ်းတွင် ဆိုပါသည်။

ဆရာကြီးအား ဤအကြောင်းကို အသေးစိတ် မေးရသည်မှာ အကြောင်း ရှိပါသည်။ ကျွန်တော်တို့ တူရိယာဂီတ လောကတွင် ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား စသော သီချင်းများကို သီဆို တီးမှုတ်ရာတွင် သူ့မူ ငါ့မူများ ကွဲပြားကာ မညီမညွတ် ရှိနေကြပါသည်။ ထို မညီမညွတ်ရသည့် အကြောင်းရင်းမှာ စနစ်တကျ တိုင်းထွာရန် ပေတံ မရှိသောကြောင့် ဖြစ်ပါသည်။ ရှေးကမူ စည်းဝါး၊ သံကျ၊ ဟန်ထား ဟူသော အကြောင်းသုံးရပ်သည် တိတိကျကျ ရှိခဲ့သည်။ သီပေါ်မင်း

ပါတော်မူပြီးနောက် နန်းတွင်းမှ ဂီတပညာရှင်များ အကွဲကွဲ အပြားပြား ထွက်ခွာသွားကုန်ကြ ပြီးနောက် မိမိတို့ ရောက်ရာ နေရာတွင် ဝါသနာပါသူများကို သင်ကြား ပြသရင်း တကျောင်းတဂါထာ တရွာတပုဒ်ဆန်း ဆိုသလို ဖြစ်ကုန်ကြသည်ဟု ယူဆရပါသည်။

စည်းဝါးအရာတွင်မူ အထက်၌ ပြခဲ့သည့်အတိုင်း သူ့စည်းကမ်းနှင့်သူ စနစ်တကျ ထားရှိခဲ့သည်။ သီချင်းစာပိုဒ်များတွင် အတောထည့်လျှင် တဝါးတောနှင့် နစ်ဝါးတောကို သင့်လျော်အောင် (ဝါ) ဒုံးကိုက်အောင် ဖြည့်စွက်၍ ထည့်ရသည်။ အကယ်၍ စာသားကိုယ်တိုင်က ဒုံးကိုက် ဝါးပြည့်နေလျှင် တဝါးတော နစ်ဝါးတောကို အပြင်တော အနေနှင့် ထပ်မထည့်ဘဲ အတွင်းတောကို သုံးရသည်။ ယင်းကို ငုံတောဟုလည်း ခေါ်သည်။ အဓိပ္ပါယ်မှာ စာသား၏ အတွင်းမှနေ၍ တောခြင်း (ဝါ) စာသားကို ခြုံငုံ၍ တောခြင်းမျိုး ဖြစ်သောကြောင့် အတွင်းတောဟု ခေါ်ခြင်းဖြစ်သည်။

ဤသို့ စနစ်တကျ ရှေးက ထားရှိခဲ့သော်လည်း နောင်းခေတ်လူများ၏ လက်ထက်၌ ယင်းစည်းကမ်း စနစ်များကို ဂရုတစိုက် မလေ့လာကြသဖြင့် စည်းဝါးအရာ၌ ချွတ်ချော် တိမ်းယိမ်းကုန်ကြတော့သည်။ အခြား သီချင်းကြီးတွေကို ထားပါဦး။ ထံတျာတေရှင်က စ၍ပင် မညီမညွတ် ဖြစ်နေကြသည်။ ထို့ကြောင့် ဆရာကြီး ဦးဟန်ပအား ကျွန်တော်က ဤအကြောင်းကို အသေးစိတ် မေးရခြင်း ဖြစ်ပါသည်။ ဆရာကြီး ကိုယ်တိုင်က ပြောသွားသော စကားကို နောင်လာနောင်သားတို့အား ကိုးကား၍ ပြောနိုင်အောင် သက်သေခံအဖြစ် မေးထားရခြင်း ဖြစ်ပါသည်။

"ဒါထက် ဘဘရယ်၊ အခုလူတွေ ထံတျာတေရှင် တီးနေတာ ဘယ်မှာ ရှစ်စည်း ရှစ်ဝါး ကိုက်လို့လဲ၊ ပန်တျာကျောင်းတွေမှာ သင်နေတာလဲ မကိုက်ဘူး"

ဟု ကျွန်တော်က ပြောပါသည်။ ထိုအခါ ဆရာကြီးက "ကျုပ်ကို အဖိုး သင်ပေးသွားတာ အကုန်ကိုက်တယ် ကိုယ်ရင်ရ၊ ထံတျာတေရှင်တွင် မဟုတ်ဘူး၊ ကလပ်ကြိုး ငါးပုဒ်၊ ဖောင်ကြိုး သုံးပုဒ်နဲ့ သာနီးပျော်ဘွယ်ကြိုး ငါးပုဒ် ဆိုတဲ့ အခြေခံ သင်ရိုး ကြိုးသီချင်း ၁၃ ပုဒ် အားလုံး ကိုက်တယ်" ဟု ပြောပါသည်။

"ဒါဖြင့် သူတို့ တီးနေတာမှာ ဘာကြောင့် မကိုက်တာလဲ ဘဘ" ဟု ကျွန်တော်က မေးသောအခါ ဆရာကြီး ဦးဟန်ပက "တချို့ အပိုဒ်တွေမှာ နှစ်ခါ မထပ်သင့်ဘဲ နှစ်ခါ ထပ်နေတာ ရှိတယ်။ တချို့ အပိုဒ်တွေမှာ အတွင်းတောနဲ့ တီးထားတာကို အတွင်းတောမှန်း မသိတော့ အတော ထပ်ထည့်ထားလို့ စည်းဝါးပိုပြီး မှားနေတယ်"

ဟု ပြောပါသည်။ ထိုအခါ ကျွန်တော်ကပင်

"ဒီ ဂီတပညာရှင်ကြီးတွေကလဲ အတွင်းတောကိုတောင် မသိဘူးလား" ဟု မေးလိုက်ရာ ဆရာကြီးက

"ကိုယ်ရင့်နှယ်၊ ပြောရတာ ခက်ပါတယ်ဗျာ၊ နာမည်ကြီး နေတိုင်း သဘောမပေါက်ကြဘူးဗျ" ဟု စိတ်ပျက်စွာနှင့် ပြောပါသည်။ ဤတွင် ဥပမာကလေး တခုကို ပြလိုပါသည်။ ထံတျာတေရှင် သီချင်း ဒုတိယ အပိုဒ်တွင်

ဒလု ဒလု ထုံး ချန့်ချန့် တောပင် တောလုံး နှံ့ပါလို့လေး။ ။

ဟု ဆိုရာ၌ နှံ့ဆိုသော စာလုံးအထိ ဝါးလတ်ခြောက်ဝါး ရှိနေပေပြီ။ ဝါးလတ် ရှစ်ဝါးသာလျှင် ထားရမည် ဖြစ်ရာ နှစ်ဝါးသာ ကျန်တော့သည်။ စာကမူ မဆုံးသေးချေ။ "ပါလို့လေး" ဟူသော စာသုံးလုံး ကျန်နေသေးသည်။ ကျန်သော နှစ်ဝါးစာတွင် "ပါလို့လေး" ကို အကွက်လုပ်၍ တီးလိုက်မည် ဆိုပါက အပြင်တောနှင့် နှစ်ဝါးကို ထပ်ထည့်ရ ပေလိမ့်မည်။ အပြင်တော နှစ်ဝါး ထပ်ထည့်လျှင် ဆယ်ဝါး ဖြစ်သွားကာ ဒုံးမကိုက်တော့ချေ။ ထို့ကြောင့် နှံ့အထိ ခြောက်ဝါးယူပြီးလျှင် ကျန်နှစ်ဝါးကို အတောလုပ်လိုက်သည်။ ထိုနှစ်ဝါးထဲတွင် "ပါလို့လေး" ဆိုသော စာသုံးလုံးကို ဝင်၍ သီဆိုရလေသည်။ အပြင်တော ထည့်ရန် မလိုတော့ချေ။ ယင်းကို အတွင်းတောဟု ခေါ်သည်။ တနည်းအားဖြင့် ငုံတောဟု ခေါ်သည်။ "ထောင်ရောင်နေ၊ မှောင်မှောင်ချွေ" အစရှိ သီချင်းတွင် အပြင်တောတလှည့် အတွင်းတောတလှည့် သုံးထားပုံမှာ လွန်စွာ မှတ်သားဖွယ် ကောင်းလှသည်။ နာရီစည်းဝါးနှင့် သုံးသော သီချင်းများတွင်လည်း အတွင်းတောများကို အထင်အရှား တွေ့နိုင်ပေသည်။

ဤအချက်ကို ကျွန်တော်က မကျေနပ်သဖြင့် ကျွန်တော်က ထပ်၍ "ဘဘတို့ ပန်တျာမှုမှန် လုပ်တုံးက အဲဒီ အမှားတွေကို ပြောမပြဘူးလား" ဟု မေးလိုက်သောအခါ ဆရာကြီး ဦးဟန်ပက

"ဒီလိုလေ ကိုယ်ရင်ရဲ့ အထက် မြန်မာနိုင်ငံက ဂီတပညာရှင်တွေ အောက်နိုင်ငံက ဂီတပညာရှင်တွေကို အစိုးရက

ခေါ်ပြီး ပန်တျာမူမှန် လုပ်ဖို့ ခိုင်းတဲ့ နေရာမှာ အစည်းအဝေး စလျှင်စခြင်း ငြင်းခုံပြီး ရန်ဖြစ်နေလို့ ဘယ်တော်ပ့ါမလဲ၊ အစိုးရဖက်က လူကြီးတွေက အထင်သေး သွားမှာပေ့ါ၊ ဒါကြောင့် ကျုပ်တို့က လိုက်လျော ပေးလိုက်တာပါဘဲ" ဟု ဖြေပါသည်။

ဤအဖြေမှာ မှန်သင့်သလောက် မှန်ပါသည်။ သို့သော် မကောင်းပါ။ တသက်လုံး အစဉ်တစိုက် အမှားကြီးသည် သမိုင်းတွင်သွား ပေတော့မည်။ ယခုလည်း တွင်နေဆဲ ဖြစ်ပေသည်။ ဂီတလောကမှ နာမည်ကြီးပုဂ္ဂိုလ် အချို့ကလည်း ဒုံးကိုက်ရမည် ဆိုသော အချက်ကို မကြိုက်ကြပါ။ လက်မခံကြပါ။ ထိုသူတို့၏ အကြောင်းပြချက်မှာ ဒုံးသည် ဆိုင်းတွင်သာ သုံးသည်။ ဆိုင်းတွင်ပင်လျှင် ပတ်မကြောင်ခေါ် စခွန့် ပေါ်လာမှ ဒုံးပေါ်လာသည်။ ထိုကြောင့် စောင်းသမားက ဒုံးကို ဂရုစိုက်ရန် မလိုဟု ဆင်ခြေပေးကြသည်။ ဤအကြောင်းပြချက်မှာ အလွန် မရေရာသော အကြောင်းပြချက်သာ ဖြစ်ပေသည်။ ပတ်မကြောင်မှာ အင်္ဂလိပ် အစိုးရလက်ထက် ၁၂၆၅ ခုနှစ်လောက်တွင်မှ ပေါ်သည်။ ဒုံးသည် မြန်မာဘုရင် မင်းမြတ်များ ရှိစဉ် ကုန်းဘောင်မင်းခေါ် သာယာဝတီမင်း လက်ထက်တွင် အထင်အရှား ရှိကြောင်းကို ရာဇမတ္တ ဟာသမဥ္ဇရီကျမ်းက ဆိုထားနှင့်လေပြီ။

ဒုံးကိစ္စကို ခဏဖယ်ထားပြီး ထံတျာတေရှင်ကို ပြန်ကြည့်လိုက်လျှင် တချို့အပိုဒ်များတွင် အတွင်းတောကို အတွင်းတောမှန်း မသိသဖြင့် အတော ထပ်ထည့်ကြသ၍ စည်းဝါး ပိုနေသည်မှာ အရုပ်ဆိုးလှပေသည်။ ထိုပုဂ္ဂိုလ်များ၏ စကားကို အဘယ်သို့လျှင် ယုံကြည်ရပါအံ့နည်း။ ထိုသူတို့သည် မြန်မာ

တူရိယာဂီတ ပညာကို စနစ်တကျ သင်လာခဲ့ခြင်း မဟုတ်ကြောင်း ထင်ရှားလှပေသည်။

"ဒါထက် ဘဘ၊ အခြေခံ ကြိုးသီချင်း ၁၃ ပုဒ်စလုံး ဒုံးကိုက်တယ်နော်" ဟု ကျွန်တော်က ထပ်၍ မေးလိုက်သောအခါ ဆရာကြီးက

"ကျုပ်ကို အဖိုး သင်ပြသွားတာ အားလုံးကိုက်တယ်" ဟု ဖြေပါသည်။

"ဒါဖြင့် တခု မေးပါရစေ ဘဘ၊ ဆင်မင်းကြိုးခေါ် ဝေဘာဂီရိ သီချင်းမှာ 'ဆီးတား၊ ဆီးတား၊ ကား...' ဆိုတဲ့ အပိုဒ်မှာ အတောက လေးဝါး ဖြစ်နေပါတယ်၊ ဝါးလတ်မှာ အတော လေးဝါးရယ်လို့ မရှိပါဘူး၊ အဲဒါ ဘယ်လိုလဲ"

ဟု မေးလိုက်သောအခါ ဆရာကြီး ဦးဟန်ပက သူ၏ လက်တဖက်ဖြင့် ပေါင်ကို ပုတ်ကာ ဝါးချ၍ ပြပြီး ဝေဘာဂီရိ သီချင်းကို ဆိုပြပါသည်။

ဆီးတား ဆီးတား ဝါး = (၄-ဝါး)

ကာ + ဝါး + ဝါး = (၂- ဝါး)

"ကာ ဆိုတဲ့ စာလုံးက ရှေ့က ဝါးကို တက်နင်းပြီး သူရဲ့ အသံရှိန်က နှစ်ဝါး ယူရတယ်၊ ဒီတော့ ခြောက်ဝါး ဖြစ်သွားတာပေ့ါ၊ အဲဒီ

ခြောက်ဝါးမှာ အတော နှစ်ဝါးနဲ့ ပေါင်းပြီး ရှစ်ဝါး၊ နှစ်ဒုံးကိုက် ဖြစ်သွားတာပေါ့" ဟု ရှင်းပြပါသည်။

"ဒါထက် ဘဘရယ်၊ သာယာ သီချင်းမှာ

ချည်ခင်စွတ်က မြူးတယ် မြူးတယ်ကို (ခြောက်ဝါး)

သင်တိုင်းဝတ်ကယ်က ကျူးတယ် ကျူးတယ်ကို (ခြောက်ဝါး)

အဲဒီလို ရှစ်ဝါး မပြည့်ဘဲ ခြောက်ဝါး ရှိနေပါတယ်၊ တချို့ကလဲ အပိုဒ်နှစ်ခု ပေါင်းပြီး ၁၂ ဝါး ဆိုယင် သုံးဒုံးကိုက် ဖြစ်တယ်လို့ ပြောကြပါတယ်၊ ဘယ်လိုပါလဲ"

ဟု မေးလိုက်သော အခါတွင် ဆရာကြီးသည် အတန်ငယ် စဉ်းစားတွေဝေ နေလိုက်ပြီးမှ-

"မဟုတ်ဘူး ကိုယ်ရင်ရဲ့၊ ဒီမှာ နားထောင်" ဟု ဆိုကာ တပိုဒ်လျှင် ရှစ်ဝါး၊ နှစ်ပိုဒ်လျှင် ၁၆ ဝါးတိတိ ဆိုပြပါသည်။ ခြားနားချက်မှာ... ချည်ခင်စွတ် ဆိုသော အပိုဒ်တွင် အတွဲအဖက်နှင့် ဖွဲ့ပုံမှာ ပို၍ ခန့်ညားသွားပါသည်။ ကျွန်တော်တို့ ရထားသော ချည်ခင်စွတ်မှာ ဖြစ်ကတတ်ဆန်း ချည်ခင်စွတ်မျိုး ဖြစ်နေပါသည်။

"ကျုပ်အဖိုး သင်ပြခဲ့တုံးက အဲဒီလိုဘဲ" ဟုလည်း ထပ်၍ ပြောပါသည်။ ကျွန်တော်သည် ဆရာကြီး၏ ပြောပြချက်များကို ရေးမှတ်ရင်း လွန်စွာ အားတက် ဝမ်းသာမိပါသည်။

ဤသို့ဖြင့် အခြေခံ ကြိုးသီချင်း ၁၃ ပုဒ်ကို ဆရာကြီး ဦးဟန်ပသည် အဖိုး ဆရာပေထံတွင် ပတ္တလားဖြင့် ကျကျနန သင်ယူ တတ်မြောက်ခဲ့ ကြောင်းကို သိရှိရပါသည်။ ဆရာပေနှင့် ဦးကျော်ဇံ တို့သည် သူ့အား ကြပ်မတ်၍ သင်ကြားပေးခဲ့ကြ သောကြောင့် ငယ်ဆရာများ ဖြစ်သည်ဟု ဆိုပါသည်။

ကိုးနှစ်ကျော်ကျော် ဆယ်နှစ်သား အရွယ်မှ စ၍ သင်ရိုးများကို သင်ခဲ့ရာ ၁၃ နှစ်သားလောက်တွင် သင်ရိုးကျွတ်ခဲ့ပေသည်။ တူရိယာ ဂီတဖက်တွင် ပါရမီကလည်းရှိ ဉာဏ်ကလည်း ကောင်းသဖြင့် အလွယ်နှင့် တတ်မြောက်၍ သွားတော့သည် ဖြစ်ရာ စာသင်ကျောင်းကို ဆက်မနေတော့ဘဲ ဆိုင်းလောကထဲသို့ ဝင်လာခဲ့လေသည်။ စာပေကိုမူ ဆရာကြီးများ ထံတွင် အချိန်ရတိုင်း မေးမြန်း မှတ်သားလျက်သာ နေခဲ့လေသည်။ အဖိုး၏ ဆိုင်းထဲတွင် မောင်းတီး၊ စခွန့်တီး၊ ကြေးတီး၊ ဝါးလက်ခုတ်တီးမှ စ၍ ဆိုင်းပညာကို အစစ စုံအောင် လေ့ကျင့်ရသည်။ မှတ်ရသည်။ မရသေးသော သီချင်းကို တက်ရသည်။

အခန်း ၃

# ဇာတ်ရုပ်သေးများနှင့် တွဲဖက် ဆောင်ရွက်ခြင်း

ဆိုင်းပညာမှာ သီချင်းရရုံနှင့် မလုံလောက်ချေ။ မဟာဂီတ စာအုပ်ကြီး တအုပ်လုံးရှိ သီချင်းများကို ရထားလင့်ကစား ဆိုင်းတီး တတ်သည်ဟု မဆိုနိုင်သေးချေ။ ဆိုင်း၏ အသုံးအနှုန်း ဆိုင်း၏ သဘော သဘာဝကို တမျိုးမှတ်သား လေ့ကျက် ယူရလေသည်။

ဤသို့ဖြင့် သုံးနှစ်ခန့် ဆိုင်းထဲသို့ လိုက်သောအခါ ဆိုင်း၏ သဘောကို အတော် စုံလင်စွာ သိနားလည် သွားလေသည်။ အသက် ၁၆ နှစ် ရှိသောအခါ ပိုင်းတီးလက်ထောက် အဖြစ် ဆိုင်းထဲ လိုက်ရလေသည်။ ထိုအခါ မင်းသားကြီး ဦးစိန်ကတုံးနှင့် တွဲရလေသည်။ ထိုစဉ်က ဦးစိန်ကတုံးမှာ မင်းသား မဟုတ်သေး၊ မင်းသားကြီး လုပ်၍ ကသည်။ ရုံဝင်ခမှာ တမူး ပေးရသည်။

"ဒါထက် ဘဘ၊ အက ဝါသနာ ပါတယ်ဆို၊ ဘယ်သူ့ဆီမှာ သင်ခဲ့ရသလဲ" ဟု ကျွန်တော်က မေးပါသည်။ ထိုအခါ ဆရာကြီးက "ငယ်ငယ်တုံးကတော့ သူများတွေ ကတာကို ကြည့်ပြီး ထင်သလို ရှောက်ကတာဘဲဗျ၊ အသက် ၁၆ နှစ်သားကျလို့ ဦးစိန်ကတုံးနဲ့ တွဲရတော့ ဦးစိန်ကတုံးဆီမှာ အကသင်တယ်၊ ဦးစိန်ကတုံးဟာ အက

အင်မတန် ကောင်းတဲ့ မင်းသားဘဲ၊ အကရဲ့ အခြေခံဖြစ်တဲ့ ခေါင်း၊ ခါး၊ ခြေ၊ လက်က အစ စနစ်တကျ သင်ယူရတယ်" ဟု ပြန်ပြောပါသည်။

"ဒါဖြင့် ဘဘ၊ မင်းသားလုပ်ဖို့ စိတ်ကူးသေးသလား" ဟု ကျွန်တော်က ထပ်၍ မေးသောအခါ-

"ဟာ- စိတ်ကူးတာပေါ့၊ ကျုပ်က မင်းသား သိပ်ဖြစ်ချင်တာကလား၊ မင်းသား လုပ်ရတာက သက်သာတယ်၊ ဆိုင်းတီးရတာက ပင်ပန်းတယ် ကိုယ်ရင်ရ" ဟု အားရပါးရ ပြောပါသည်။ ထိုနောက် ဆရာကြီးကပင် ဆက်၍-

"ဒါပေမဲ့ အကကို ဟုတ်တိပတ်တိ ဆက်မသင်ရပါဘူး၊ အဖိုးက ဆိုင်းဘဲ တီးခိုင်းတော့ အသက် ၁၇ နှစ်သားမှာ ဆိုင်းခွဲပြီး တီးရတယ်။ အဖိုးက၊ မင်း ဆိုင်းပညာမှာ ပါရမီ ရှိပါတယ်ကွာ၊ ဆိုင်းကိုဘဲ ထူးချွန်အောင် လုပ်ပါ ဆိုတာနဲ့ အကကို ဆက်မသင်ရတော့ဘူး၊ ကျုပ်တို့ခေတ်က ဂီတ အခြေခံ သင်ရိုးကျတ်တဲ့ အပြင် ခွာပြာသင်း ဆိုတဲ့ ဆိုင်းတော်ဘွဲ့ ပတ်ပျိုး၊ ဘုံပျံနေနန်း ပတ်ပျိုးကြီးတွေကို ရမှ ဆိုင်းခွဲပြီး တီးရတယ်၊ အသက် ၁၆ နှစ်မှာ ဘုံပျံနေနန်းကို မရသေးလို့ ဆိုင်းခွဲ တီးခွင့် မပေးဘူး၊ အသက် ၁၇ နှစ်သားကျတော့မှ ခွဲခွင့်ပေးတယ်၊ သီချင်းကြီးတွေကို နှစ်စဉ် အဖိုးဆီမှာ ပြန်တက်ယူရတယ်" ဟု ပြောပြပါသည်။ စင်စစ်အားဖြင့် ဆရာကြီး ဦးဟန်ပသည် ဆရာပေနှင့် ဦးကျော်ဖံတို့၏ တပည့်ရင်း ဖြစ်ပေသည်။ မန္တလေးမှ ဆရာစိမ့်နှင့် ဦးစိန်ပေဒါတို့ ညီအစ်ကိုသည် ဆရာဖေကြီးနှင့် ဦးကျော်ဖံတို့၏ တပည့်ရင်းများ ဖြစ်ကြသည်။ ဆရာပေမှာ ဆရာဖေကြီး၏ တပည့်ရင်း ဖြစ်ရကား ဆရာကြီး ဦးဟန်ပနှင့် ဆရာကြီး

ဦးစိန်ဗေဒါတို့သည် ပညာအရာတွင် ညီအစ်ကို အရင်းဟူ၍ ခေါ်ဆိုနိုင်ပါသည်။

"ဆရာစိမ့်နဲ့ တွေ့လိုက်ဘူးသေးသလား အဘ" ဟု ကျွန်တော်က မေးသောအခါ၊

"ဟာ… ဆရာစိမ့်နဲ့ တွေ့လိုက်ဘူးတာပေ့ါ၊ အသက် ၁၆ နှစ် ၁၇ နှစ်သားလောက်ကဘဲ၊ ကျုပ်က ပခန်း ဆရာညိုကြီးနဲ့ လိုက်သွားတုံးကပေါ့၊ ကြို့ပင်ကောက် မြို့မှာ ဆရာစိမ့် လာတီးတယ်၊ အဖိုးက မှာလိုက်တယ်၊ မင့်အကို ဆရာစိမ့် တီးတာကို သေသေချာချာ နားထောင်၊ ဟန်နေဟန်ထားကို အတုခိုးလို့ မှာလိုက်တယ်၊ ဆရာစိမ့်ဟာ အသားကတော့ မဲတယ်၊ အသားမဲလို့ သူ့ကို သီပေါမင်းက ကျီးကန်းကလေးလို့ ခေါ်တယ်၊ သီပေါမင်း ရှိတဲ့ ရတနာဂီရိမှာ အိမ်တက်မင်္ဂလာပွဲ လုပ်တော့ သီပေါမင်းက ဆရာဖေကြီးရဲ့ သား ကျီးကန်းကလေးကို ခေါ်ခဲ့ပါလို့ မှာတယ်၊ ဆရာစိမ့်က သဘော် မစီးဝံ့ဘူး မူးမှာ ကြောက်တယ်၊ ဒါကြောင့် ဆရာစိမ့်ရဲ့ ညီ၊ ဗေဒါမောင်ကလေးကို လွှတ်လိုက်ရတာ အသားမဲပေမဲ့ ဝိုင်းထဲကျတော့ လှသွားတာဘဲ၊ တယ်ပြီး ဣန္ဒြေရတာကိုး၊ လူဟန်ကလဲ ကောင်းတယ်၊ လက်ကျကတော့ အင်မတန် နတယ်၊ စောင်းတီးသလိုဘဲ၊ စိန်ဗေဒါနဲ့ မတူဘူး၊ စိန်ဗေဒါက လက်သံပြောင်တယ်၊ မြည်တယ်၊ ဆရာစိမ့် လက်သံက အင်မတန် ညက်ညောပြီး နတယ်၊ ဆရာစိမ့်က ပတ်လုံးကို သားရေပါးပါးနဲ့ ကြက်ပြီး ခတ်နာနာ ရိုက်တီးတယ်၊ ဆရာစိမ့်နဲ့ တွေ့တော့ ကျွန်တော် ဟန်ပပါ အကိုကြီးရယ်လို့ ပြောရော၊ ဟာ… ရင်းရင်းနှီးနှီးဘဲ လည်ပင်း ဖက်တော့တာဘဲ၊ ညီလေး ညီလေးနဲ့ ခေါ်တယ်၊ ခိုင်ပန်းစုံ သီချင်းကို စည်းဝါး အထွက်အဝင်၊ ပတ်မကြောင် အဆို့အပိတ်ကို သူကိုယ်တိုင် ပတ်မကြောင် တီးပြပြီး သင်ပေးတယ်၊

အင်မတန် စေတနာ ကောင်းတဲ့ ပုဂ္ဂိုလ်ဘဲ၊ သူ့ဆီမှာ တခြား သီချင်း နဲနဲပါးပါးလဲ မေးရင်း မှတ်သား လိုက်ရပါတယ်၊ ကျေးဇူးရှင်ပါဘဲ"

ဟု အားရပါးရ ပြောပြပါသည်။

"စိန်ဗေဒါနဲ့ကော တွေ့လိုက်သေးသလား... ဘဘ" ဟု ကျွန်တော်က စကားဆက်ပြီး မေးလိုက်သောအခါ

"စိန်ဗေဒါနဲ့ တွေ့တာ နောက်မှ ပြောမယ်၊ မန္တလေးကျမှ တွေ့ရတယ်" ဟု ဆိုသဖြင့် စိန်ဗေဒါအကြောင်း ခေတ္တထားပြီး ဦးဟန်ပ၏ ဖြစ်စဉ်ကို ဆက်လက် မေးမြန်းရပါသည်။

"အင်း... ကျုပ်အသက် ၁၈ နှစ်မှာ အဖေ ဆုံးသွားတယ် ကိုယ်ရင်ရဲ့"

ဟု ဝမ်းနည်းသော လေသံဖြင့် ပြောပါသည်။ ဆရာကြီး မျက်လုံးအစုံတို့သည် မှုန်တုံတုံ မှေးတေးတေး လုပ်ကာ အတိတ်ကို ပြန်၍ သုံးသပ်နေဟန် ရှိပါသည်။

"ကျုပ်တို့ သားအမိ တတွေကို အစစ မငြိုငြင်ရအောင် တာဝန်ယူလာတဲ့ အဖေဆုံးတော့ ဝမ်းနည်းမိသပေါ့၊ ဒါပေမဲ့ အဖိုးကဘဲ ကျုပ်တို့ကို အစစ စောင့်ရှောက်မစ၊ ကြည့်ရှု လာခဲ့လို့ အဆင်ပြေခဲ့ပါတယ်"

ဟု ဆက်၍ ပြောပါသည်။ စင်စစ်အားဖြင့် ရှေးပညာရှိကြီး များသည် မိမိတို့၏ လက်ရင်း တပည့်များအား 'သားတပည့်'ဟု ကင်မွန်းတပ်ကာ သားအရင်းနှင့် မခြား မိဖဝတ္တရားငါးပါး ကျေပွန်အောင် ဆောင်ရွက်ကြပုံမှာ များစွာ ချီးကျူး အံ့သြဖွယ် ရှိလှပါသည်။ ဤကား

ချစ်စရာ ကောင်းသော မြန်မာတို့၏ ရိုးရာဓလေ့ ထုံးစံ တရပ်ဟု ဆိုသင့်ပါသည်။

ထို့ပြင် မိဘ ဆရာသမားက ညွှန်ပြသည့် မိဘဆရာနှင့် အလားတူ ပုဂ္ဂိုလ်များကိုလည်း များစွာ လေးစားခဲ့ကြသည်။ ဤအကြောင်းကို အနည်းငယ် ကြားဖောက်၍ ပြောလိုပါသည်။ တခါက နေမျိုးဗလကျော်သူ ဘွဲ့ရ စိန်ဗေဒါ၏ ဆိုင်းအဖွဲ့သည် ကြို့ပင်ကောက် မြို့သို့ လာ၍ တီးရလေသည်။ ထိုစဉ်တွင် ဆရာပေသည် ပြည်မြို့တွင် ရှိနေသည်။ စိန်ဗေဒါသည် ဆရာပေအား ကန်တော့ရန် ပုဆိုးရှည် တထည်၊ ပင်နီ တဝတ်စာ၊ ဖိနပ် တရန်နှင့် ပုဝါ တပိုင် စသည့် ပစ္စည်းများကို ဝယ်၍ ရက်အားရသော တနေ့တွင် မီးရထားဖြင့် ပြည်မြို့သို့ လာခဲ့သည်။

ဘူတာမှ ဆင်းပြီး ဆရာပေ နေရာကို မေး၍ လာခဲ့ရာ တယောက်သောသူက "ဟောဟို ရှေ့က အိမ်မြင့်မြင့်ဟာ ဆရာပေကြီး နေတဲ့ အိမ်ဘဲ" ဟု လက်ညှိုး ညွှန်လိုက်၏။ ထိုခဏ၌ စိန်ဗေဒါသည် လမ်းမပေါ်၌ ပင်လျှင် ဖိနပ်ကို ချွတ်၍ တခါတည်း ပြေးဝင်သွားလေတော့သည်။ နောက်က ပါလာသော တပည့်ကလည်း စိန်ဗေဒါ၏ ဖိနပ်နှင့် ပစ္စည်းများကို သယ်ကာ အတင်း ပြေး၍ လိုက်ရလေသည်။

အိမ်အောက်ထပ်တွင် တောင်ဝှေးကို ကိုင်၍ မတ်တတ်ရပ်နေသော ဆရာပေ၏ ခြေကို ဝင်၍ ခေါင်းနှင့်တိုက်ကာ ကန်တော့လေသည်။ ထိုအခါမှ ဆရာပေကလည်း

"မောင်ကလေး ပါလား။ ဘယ်က လာခဲ့သလဲ" ဟု မေးရာ အကျိုးအကြောင်းကို ပြောပြလေသည်။

ဆရာစိမ့်နှင့် ကိုမောင်ကလေးခေါ် စိန်ဗေဒါတို့၏ ဖခင်၊ ဆရာဖေကြီးက မိမိ၏ သားများကို ဦးကျော်ဖံအား ၄င်း၊ ဆရာပေအား ၄င်း၊ ဆရာသမား ကျေးဇူးရှင် အနေနှင့် ရှိသေလေးစားရန် သွန်သင်ဆုံးမ၍ ထားလေသည်။ ငယ်စဉ်ကလည်း ဆရာပေက သင်ပြခဲ့ဘူးသဖြင့် ဆရာဟု ခေါ်ဝေါ်ခဲ့သည်။ ဆရာစိမ့်နှင့် စိန်ဗေဒါတို့က ဆရာပေအား ဆရာဟု ခေါ်၍ ဦးဟန်ပကမူ ဆရာပေအား အဖိုးဟု ခေါ်လေသည်။

ထိုအချိန်တွင် ဆရာပေက မိမိတွင်လည်း ထူးချွန်သည့် တပည့်တယောက် ရှိနေကြောင်း၊ နဲ ဆရာမှင်၏ သားဖြစ်၍ မောင်ဟန်ပဟု ခေါ်ကြောင်း၊ ယခု ဦးစိန်ကတုံး၏ အဖွဲ့နှင့် တွဲဖက်နေကြောင်းများကို ပြောပြသည်။ ဤတွင် စိန်ဗေဒါနှင့် ဦးဟန်ပတို့အား တွေ့ဆုံစေပြီး မိတ်ဆက်ပေးကာ ပညာညီအစ်ကို ဖြစ်၍ ညီအစ်ကို အရင်းဟု သဘောထားကြရမည်ဟု ဆုံးမစကား ပြောကြားလေသည်။ ထိုစဉ်က ဦးဟန်ပမှာ အသက် ၂၀ ခန့်မျှသာ ရှိလေသေးသည်။

ဆိုင်းပညာကို စွယ်စုံ တတ်မြောက်လိုသော သူသည် ဗလာဆိုင်း သက်သက် တီးရုံဖြင့် မပြည့်စုံနိုင်ချေ။ ဇာတ်၏ သဘောကို နားလည်ရန် ဇာတ်နှင့်လည်း တွဲဘူးရမည်။ ရုပ်သေး သဘောကို နားလည်ရန် ရုပ်သေးနှင့်လည်း တွဲဘူးရမည်။ ထိုကြောင့် ဆရာပေက ဦးဟန်ပအား ဇာတ် ရုပ်သေးတို့နှင့် ထည့်၍ ပညာယူနိုင်းသည်။ အထူးသဖြင့် ဦးစိန်ကတုံးထံမှ နည်းနာ နိဿယ အယူခိုင်းသည်။ ပခန်း

ဆရာညို၏ ရုပ်သေးနှင့်လည်း တွဲခဲ့ရသဖြင့် ရုပ်သေးပညာ၏ ဗဟုသုတကို ရရှိခဲ့သည်။

ဤသို့လျှင် ဇာတ် ရုပ်သေးပေါင်း ခပ်များများနှင့် တွဲဖက်ခဲ့ရသဖြင့် ဆိုင်းပညာတွင် စွယ်စုံ ပုဂ္ဂိုလ်တယောက် ဖြစ်လာခဲ့လေသည်။ အသက်မှာ ၂၁ နှစ် မျှလောက်သာ ရှိသေးသည်။ တက်ကြွသော အရွယ်၊ တက်ကြွသော စိတ်ထား၊ တက်ကြွသော လက်နှင့် တက်ကြွသော ပညာတို့ကြောင့် ဦးဟန်ပ ဆိုသော ခပ်ဆန်းဆန်း နာမည်သည် တဟုန်ထိုး တိုးတက်ကျော်ကြား၍ လာလေသည်။

အခန်း ၄

# မြန်မာ့ ဆိုင်းဝိုင်းကြီး

မြန်မာ ဆိုင်းပညာသည် တူရိယာဂီတ ဟူသမျှတွင် အခက်ခဲဆုံးဟု ဆိုထိုက်ပါသည်။ အခြား အခြားသော နိုင်ငံခြားဖြစ် တူရိယာများမှာ အသံကို အသေညှိ၍ ထားနိုင်သော ကိရိယာများသာ ဖြစ်သည်။ ကြိုးတပ် တူရိယာများမှာလည်း ရှိသော ကြိုးများကိုသာ ညှိရသည်။ အသံ အားလုံးကို ညှိရန် မလိုချေ။

ဆိုင်းမှာ အားလုံးပေါင်း ပတ်လုံး ၂၁ လုံးကို အများအားဖြင့် သုံးသည်။ အချို့မှာ ၂၂ လုံး၊ ၂၃ လုံးထိ ထားတတ်ကြသည်။ စင်စစ်အားဖြင့် ၁၈လုံး၊ ၁၉ လုံး ထားလျှင်လည်း ပြည့်စုံအောင် တီးနိုင်ပေသည်။ ပတ်လုံး အားလုံးကို ပတ်စာထည့်၍ အသံညှိ ယူရသည်။ ပတ်လုံးမှာလည်း သစ်သားကို ထွင်း၍ သားရေဖြင့် ကြက်ထားခြင်း ဖြစ်ရာ ရာသီဥတု အပူအအေးအလိုက် အတက်အကျ အပြောင်းအလဲ ရှိမြဲဖြစ်သည်။ အတက်အကျ ရှိလျှင် နားက သိရသည်။ ချက်ချင်းပင် ပတ်စာကို လျှော့၍ ၄င်း၊ ဖြည့်၍ ၄င်း ပြင်ရလေသည်။

ထိုကြောင့် မြန်မာဆိုင်းသည် အမြင်အားဖြင့် လွယ်သလောက် လက်တွေ့အားဖြင့် ခက်လှပေသည်။ ဆိုင်းတစုံတွင် သံစုံကိရိယာနှင့် သံမစုံကိရိယာ ဟူ၍ ရှိလေသည်။ သံစုံ ကိရိယာများမှာ

| | | |
|---|---|---|
| ၁။ | ဆိုင်းဝိုင်း | ၂၁ လုံး |
| ၂။ | ကြေးနောင်ဝိုင်း | ၁၈ လုံး |
| ၃။ | မောင်းဆိုင်း | ၁၄ လုံး |
| ၄။ | နှဲ | ၇ ပေါက် |

ယင်းတို့မှာ ဆိုင်းဝိုင်း လက်ျာဖက်မှ အမြဲ နေကြရသည်။ သံမစုံ ကိရိယာများမှာ

၁။ ပတ်မကြီး

၂။ စခွန့် ခေါ် ပတ်မကြောင်

၃။ နောက်ထပ် (ဒိုး) ခေါ် ပုံခြောက်လုံး

၄။ စည်တို

၅။ ဗျော

တို့ ဖြစ်လေသည်။ ယင်းတို့သည် ဆိုင်းဝိုင်း၏ လက်ဝဲဖက်တွင် နေကြရသည်။ ဆိုင်းဆရာ၏ ဆိုင်းဝိုင်းတွင် အလည်မှ ပတ်စာတတ်ခေါ် ခြောက်ပေါက်သံ အလုံးမှ စ၍ လက်ျာဖက်သို့ သံစဉ်လိုက်

၁။ ခြောက်ပေါက်

၂။ ငါးပေါက်

၃။ လေးပေါက်

၄။ သုံးပေါက်

၅။ နှစ်ပေါက်

၆။ တပေါက် (တျာဖျား)

၇။ ခုနစ်ပေါက် (တျောဖျား)

၈။ ခြောက်ပေါက်

၉။ ငါးပေါက်

၁၀။ လေးပေါက်

၁၁။ သုံးပေါက်

၁၂။ နှစ်ပေါက်

၁၃။ တပေါက် (သံကုန်ဖျား)

ဟူ၍ ၁၃ လုံး အစဉ်အတိုင်း ရှိပေသည်။ လက်ဝဲဖက်တွင် သံစဉ်အလိုက် မဟုတ်သော ပုံရှစ်လုံး ရှိလေသည်။ ယင်းတို့မှာ-

၁။ ဒိုးကဲကြီး

၂။ နှစ်ဆစ်ဒိုး ခေါ် ဆစ်ကြီး

၃။ တဆစ်ဒိုး

၄။ ဘယ်တော

၅။ ဘယ်တေး

၆။ ဒူးလုံး

၇။ တေးလုံး

၈။ တျာလုံး

ဟူ၍ ဖြစ်လေသည်။ ထိုကြောင့် ဆိုင်းဝိုင်းသည် ပတ္တလားနှင့် စန္ဒယားတို့ကဲ့သို့ ကြီးစဉ်ငယ်လိုက် သံစဉ်အတိုင်း အသံများကို စဉ်ထားခြင်း မဟုတ်ရကား တီးရာ၌ အလွန် ခက်ခဲလှပေသည်။ ဆောင်းရာသီ၌ ပုံများ အေးသဖြင့် အသံညှိရ ခက်လေသည်။ တီးနေရင်း အသံကျ၍ သွားတတ်သည်။ ထို့အတူ နွေခေါင်ခေါင်တွင်လည်း ပုံများ ပူသဖြင့် အလိုလို အသံ တက်၍ တက်၍ သွားသဖြင့် တီးနေရင်း ခဏ ခဏ အသံပြင်ယူရလေသည်။ ယင်းသို့ အသံကို ပြင်နိုင်အောင် နားက ကောင်းစွာ သိရသည်။ မြန်မာဆိုင်း တူရိယာသည် အကိုင်ရလည်းခက်၊ အတီးရလည်း ခက်သော တူရိယာမျိုး ဖြစ်လေသည်။

ဆိုင်းဝိုင်းကို ကူညီထောက်ပံ့ ပေးရန်အတွက် ဆိုင်းဆရာ၏ လက်ဝဲဖက်မှ နေ၍ သံမစုံ တူရိယာများက စောင့်၍ နေကြရသည် ဖြစ်ရာ ပတ်မကြီးနှင့် စခွန့်တို့တွင် အဖိုဖက် (အသေး)နှင့် အမဖက် (အကြီး) တို့တွင် ပတ်စာထည့်ရလေသည်။ အသံထားမှာ လေးပေါက်နှင့် တပေါက်ပင် ဖြစ်သည်။ ခြောက်လုံးပတ်မှာမူ

၁။ လေးပေါက်ဒုံး

၂။ သံမှန် ခေါ် တပေါက်

၃။ ခြောက်ပေါက်

၄။ လေးပေါက်ဒူးလုံး

၅။ သံမှန်

၆။ လေးပေါက်

ဟူ၍ ဖြစ်လေသည်။ စည်တိုနှင့် ဗျောတို့တွင် ပတ်စာ မထည့်ရပေ။ သူ့အတိုင်းပင် ထား၍ တီးရသည်။ ဤသို့အားဖြင့် ဆိုင်းဝိုင်းတွင် သံစုံတူရိယာ သံမစုံ တူရိယာများသည် လက်ဝဲလက်ယာတွင် သူ့နေရာနှင့်သူ ထားကြရသည်။ တူရိယာ ပစ္စည်းများကို ကရိုဏ်းအားဖြင့် ခွဲခြားပြန်သော် ကရိုဏ်းနှစ်မျိုး ရှိလေသည်။ ယင်းတို့မှာ

၁။ သက ကရိဏ်း ခေါ် အချင်းချင်းသာ တီးခတ်ရသော တူရိယာ

၂။ ပရကရိဏ်း ခေါ် တပါးသော အရာဝတ္ထုနှင့် တီးရသော တူရိယာ

ဟူ၍ ဖြစ်ပေသည်။ သကကရိဏ်း ဆိုသည်မှာ စည်း၊ ဝါး၊လက်ခုပ်၊ လင်ကွင်း၊ သံလွင် ကဲ့သို့သော မျိုးတူပစ္စည်း အချင်းချင်း တီးခတ်ရသော တူရိယာမျိုး ဖြစ်လေသည်။ ပရကရိဏ်း ဆိုသည်မှာ မောင်း၊ ကြေးနောင်၊ ဆိုင်းဝိုင်း၊ ပတ္တလား စသည်တို့ကဲ့သို့ တပါးသော အရာဝတ္ထုနှင့် တီးခတ်ရသည့် တူရိယာမျိုး ဖြစ်လေသည်။ တူရိယာပစ္စည်းတိုင်းတွင် စနစ်တကျ သူ့ကိရိယာနှင့်သူ တီးခတ်ရလေသည်။ စနစ်မကျနလျှင် အသံထွက်လည်း မကောင်း၊ တီး၍လည်း မကောင်း။

ပတ်ဝိုင်း တီးရခြင်းသည် အခက်ဆုံး ဖြစ်လေသည်။ ပတ်လုံးကို ရှေးဦးစွာ တလုံးချင်း မြည်အောင် တီးနိုင်ဖို့ လိုပေသည်။ ပတ်ဝိုင်းကို မဆိုထားဘိ အိုးစည်၊ ဒိုးပတ်တို့ကဲ့သို့ တလုံးတည်း ပုံကိုပင် မြည်အောင် တီးနိုင်ဖို့ ခက်ခဲလှပေသည်။

ပတ်ဝိုင်းမှာ ပုံ ၂၁ လုံး ရှိလေသည်။ ထို ပုံများကို ကြိုးနှင့် ဆိုင်း၍ ချိပ်ထားသည် ဖြစ်ရာ လက်နှင့် တီးသွားသောအခါ ပုံတလုံးနှင့် တလုံး အကူးတွင် လက် အနူတ်အသိမ်း မကောင်းပါက ကြိုးနှင့်ငြိ၍

နေတတ်လေသည်။ ပုံကို မြည်အောင် တီးတတ်ရုံမျှမက မြန်အောင်လည်း လေ့ကျင့်ရလေသည်။ မြန်ချင်တိုင်း မြန်နေစေကာမူ ပုံသံ မမြည်လျှင် မကောင်းပေ။ ထိုကြောင့် ဆိုင်းပညာတွင် ရှေးမြန်မာဘုရင် အသုံးတော်ခံ ဆိုင်းဆရာကြီးများ၏ အာစရိယောဝါဒ အရ ဝိုင်းတီးသူ၌ အင်္ဂါငါးရပ် ရှိရလေသည်။ ယင်းတို့မှာ

၁။ ပတ်သံတည်ခြင်း


၂။ ပတ်သံမြည်ခြင်း

၃။ ပတ်သံကြည်ခြင်း

၄။ ပတ်သံပီခြင်း

၅။ ပတ်သံစီခြင်း

ဟူ၍ ဖြစ်ပေသည်။ ပတ်သံတည်ခြင်း ဆိုသည်မှာ ပတ်စာ တပ်ထားသော ပုံတလုံး၏ အသံသည် လိုအပ်သော အသံနှင့် နားစွဲနေစေရမည့်ပြင် တီးခတ်နေစဉ်မှာလည်း အသံသည် တက်သွားခြင်း၊ ကျသွားခြင်း မရှိစေရ၊ ပတ်စာ တပ်ထားလိုက်သော အသံသည် ကြာရှည်စွာ လိုအပ်သော အသံနှင့် နားစွဲလျက် တည်တံ့နေဖို့ လိုပေသည်။ ဤကား ပုံကို အကိုင်တတ်မှုနှင့် ပတ်စာတပ် ကျွမ်းကျင်မှုပေါ်၌ တည်လေသည်။



ဆရာကြီး ဦးဘမောင်က ကြေးနောင်ဝိုင်းတီး၍ သီချင်းကြီး အဆိုတော်တဦးက သီချင်းဆိုနေစဉ်
ဆရာကြီး ဦးဟန်ပသည် "နောက်ဆုံး" ဂျာသို့ ဆိုင်းတီးခဲ့သည်။



ဆရာကြီး ဝိဇ္ဇာညွန့်က နှဲမှုတ်၍ ဆရာကြီး ဦးဘမောင်က ဆိုင်းတီးစဉ် ဆရာကြီး ဦးဟန်ပသည်
ဤသို့ ကြေးနောင်ဝိုင်း တီးခဲ့သေးသည်။

ပတ်သံမြည်သည် ဆိုသည်မှာ ပုံတလုံးပေါ်သို့ လက်နှင့် ရိုက်ချလိုက်သော အသံသည် မြည်ရမည်ဟု ဆိုလိုသည်။ အသံမြည်အောင် လက် အနှုတ်အသိမ်းကို အထူး သတိထား လေ့ကျင့်ရသည်။

ပတ်သံကြည်သည် ဆိုသည်မှာ ပတ်လုံး တခုမှ ထွက်လာသော အသံသည် ကြည်လင်ပြတ်သား ရမည်ဟု ဆိုလိုသည်။ အချို့ ပုံသံများမှာ သားရေကို ပုတ်သော အသံမျိုး၊ သစ်သားကို လက်ရိုက်နှင့် ရိုက်သော အသံမျိုး ပါနေတတ်လေသည်။ "ဗုံဗုံဗုံ" ဟု မမြည်ဘဲ "ဗတ်ဗတ်ဗတ်ဗတ်" ဟူ၍ ၄င်း၊ "ဒုတ်ဒုတ်ဒုတ်" ဟူ၍ ၄င်း မြည်နေတတ်လေသည်။ ယင်းကဲ့သို့သော အသံမျိုးများ မပါစေဘဲ ပုံသံ ကြည်ကြည်လင်လင် ထွက်လာဖို့ လိုပေသည်။ ယင်းကို ပတ်သံကြည်သည်ဟု ခေါ်သည်။

ပတ်သံပီသည် ဆိုသည်မှာ လိုအပ်သော ပုံကို တီးခတ်လိုက်သောအခါ အသံသည် ပီပီသသ ထွက်လာရမည်ဟု ဆိုလိုသည်။ ဤစကားတွင် အတီးပညာ၏ သဘော ပါဝင်ပေသည်။ ပုံစံအားဖြင့်

ဒီဃအသံ - တျာ၊ တော၊ တျော၊ ဒူး၊

ရဿအသံ - ဒွန့်၊ ထန့်၊ ဒျန့်၊ ဒလု၊

ဟူသော အခြေခံသင်ရိုးကို စတင် သင်လာကတည်းက ပီသအောင် တွဲဖက်၍ တီးခတ်ရလေသည်။ ပုဇင်းတောင်သံ ကြိုးသီချင်းတွင်-

"တောပင် တောလုံး နှံ့ပါလို့လေး... " ဟု ဆိုသော စာသားကို အသံဖလှယ်ရာတွင် တျာတေ တျာတျော ဒျန့်တေ ဒျန့်တျောဟု ပီပီသသ အသံထွက်အောင် လေ့ကျင့်ကြရမည်။ ၄င်းပြင်-

"သည်မိုး သည်မိုး ဒေဝါ မိုးတည့် မိုးဒေဝါ" ဆိုသည်တွင်လည်း ဒူးတျော တေးတျော ထပ်တျာ၊ တေး ဒျန့် တေ ထပ်တျာ ဟူသော သင်္ကေတ အသံကို ပီပီသသ တီးနိုင်ရလေသည်။ ပတ်သံမည်မျှပင် ကောင်းလင့်ကစား သင်္ကေတသံများတွင် ပီပီသသ မတီးတတ်လျှင် ပတ်တီးကောင်းဟု မခေါ်နိုင်ချေ။ ထိုကြောင့် ပတ်သံပီခြင်း ဆိုသည်မှာ ရှေးထုံးရှေးနည်း ဖြစ်သော အတွဲအဖက် သင်္ကေတ အသံများကို ပီပီသသ တီးနိုင်ရမည်ဟု ဆိုလိုပေသည်။

ပတ်သံစီခြင်း ဆိုသည်မှာ ပုံကို တီးလိုက်၍ ထွက်လာသော အသံသည် ထုံထိုင်းထုံထိုင်း အုံတုံတုံ ဖြစ်၍ မနေစေရပေ။ ပွဲများတွင် အမှေးပေါက်၍ ကြောင်လျှာမှေး ကလေးများ ပိတ်၍ မှုတ်လိုက်သောအခါ အသံစီထွက်လာ သကဲ့သို့ ပတ်လုံးသံသည်လည်း စီ၍ ထွက်လာရမည်။

ယင်းသို့သော အချက်များနှင့် ပြည့်စုံမှ ပတ်တီးကောင်းသူတဦး ဖြစ်နိုင်လေသည်။ ထိုကြောင့် ဆိုင်းပညာသည် အခက်ဆုံးဟု ဆိုရပါသည်။ ဆိုင်းတွင် ပတ်လုံးကောင်းကို ရနိုင်စေရန် ထွင်းပုံထွင်းနည်း နွားသားရေကို ကြက်ပုံကြက်နည်းများကလည်း

လိုအပ်ပြန်ပါသည်။ တဖန် ပတ်စာထိုးရသည်မှာလည်း လွယ်ကူသော ကိစ္စတခု မဟုတ်ပေ။ ညောင်ပြာ သို့မဟုတ် မန်ကျည်းပြာကို မှုန့်နေအောင် စစ်ယူ၍ မမာမပျော့လှသော ထမင်းကို ကျေညက်အောင် နယ်ကာ ပြာနှင့်ရောပြီး အသုံးပြုရသည်။ သို့မှသာ ပတ်စာကွာခြင်း၊ အသံယွင်းယိုခြင်း မဖြစ်နိုင်ချေ။

ယင်းသို့ ခက်ခဲနက်နဲလှသော နည်းနာ နိဿယတို့ကို ဆရာကြီးများထံတွင် စနစ်တကျ လေ့လာ မှတ်ယူရလေသည်။ ဆိုင်းအဖွဲ့တွင် ဝိုင်းတီးဆရာ တယောက်တည်း ကောင်းနေ၍လည်း မဖြစ်ချေ။ အဖွဲ့ တဖွဲ့လုံး မြိုင်မြိုင်ဆိုင်ဆိုင် ကောင်းမှ ဆိုင်းကောင်း ဖြစ်နိုင်လေသည်။

ထို့ကြောင့် မြန်မာဆိုင်းသည် ကမ္ဘာပေါ်ရှိ မည်သည့် နိုင်ငံခြား တူရိယာနှင့်မျှ မတူအောင် ထူးဆန်းအံ့သြဖွယ် ရှိလှသည့်အပြင် ခက်လည်း အခက်ဆုံး ဖြစ်ပေသည်။ စောင်းတူရိယာမျိုးကို ရှေးခေတ် အီဂျစ်နိုင်ငံ၊ ပါရှင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၌ တွေ့ရသော်လည်း ဆိုင်းကိုမူ မည်သည့်နိုင်ငံတွင်မှာမှ မတွေ့ရချေ။ ဆိုင်းကို မည်သည့်ခေတ်က စတင် အသုံးပြုခဲ့သနည်းဟု အတိအကျ အထောက်အထားနှင့် မပြနိုင်သော်လည်း ရှေးကဗျာ လင်္ကာတို့အရ မြန်မာနိုင်ငံတွင် ယဉ်ကျေးမှု အထွန်းကား အတိုးတက်ဆုံးဟု ဆိုရမည့် အင်းဝခေတ်လောက်ကပင် ရှိခဲ့မည်ဟု ယုံကြည်ရလေသည်။

ဆရာကြီး ဦးဟန်ပ၏ အကြောင်းကို စကားစ ပြတ်သွားရာမှ ကျွန်တော်က တဖန် ထပ်၍ မေးရပြန်ပါသည်။

"ဒါထက် အဘတို့ ပြည်မြို့ကို ရောက်လာတာ ဘယ်နှစ်ခုလောက်ကတုန်း"

"အိမ်း... ၁၂၅၄-၅၅ ခုနှစ် လောက်ကဘဲ"

"အဖိုးနဲ့ တော်တော်ကြာကြာ နေလိုက်ရသလား"

"ဟာ... ကြာတာပေါ့၊ အဖိုးက ဂျပန် မဝင်ခင် ငါးနှစ်လောက်ကမှ ပြည်မြို့မှာ ဆုံးသွားတယ်၊ ဆုံးတော့ အသက် ၇၀ ကျော်ပြီပေါ့"

"ဦးကျော်ဇံကကော ခင်ဗျာ"

"ဦးကျော်ဇံကတော့ ကျုပ်တို့ ပြည်မြို့ကို ရောက်ပြီး ခြောက်နှစ်လောက် အကြာမှာ ဆုံးသွားတယ်၊ ကြာကြာ မတွေ့လိုက်ရဘူး"

"ဘဘတို့ ပြည်မြို့ရောက်တော့ တခြား ဆိုင်းတွေ ရှိသလား"

"ရှိတာပေါ့၊ သူ့ဒေသခံ ဆိုင်းတွေလဲ ရှိတာပေါ့၊ မန္တလေးမြို့ ဆရာဖေကြီးရဲ့ တူအရင်း ဆရာနွဲ့ ဆိုတာလဲ ပြည်မှာဘဲ ရှိနေတာဘဲ၊ သူက ကျုပ်တို့ အလျင် ရောက်နေတာ" ဟု ပြောပါသည်။

ဤသို့ဖြင့် မောင်ဟန်ပ ခေါ်တွင်သော ဆိုင်းဆရာ ပေါက်စ တဦးသည် ဆိုင်းလောကတွင် အတော်ပင် တောက်ပြောင်လာသော ကြယ်ပွင့်တပွင့် ဖြစ်၍ လာခဲ့လေသည်။

"အော် ဒါထက် ကြားဖြတ် မေးရအုံးမယ်၊ စခွန့် ခေါ်တဲ့ ပတ်မကြောင်ဟာ ဘယ်တုန်းက စပြီး ပေါ်သလဲ ဘဘ"

"အင်း... ကျုပ်မှတ်မိသလောက်တော့ ကျုပ်အသက် ၁၆ နှစ်လောက်မှာ စပြီး ပေါ်တယ်"

"ဟုတ်ကဲ့ခင်ဗျာ၊ ကြေးနောင်အပြင် မောင်းကော အသုံးပြုပြီလား"

"မောင်းကတော့ ကျုပ်အသက် ၁၈ နှစ်မှာမှ စပြီးသုံးတယ်။ စိန်ဗေဒါကြီးက မောင်းငါးလုံးကို စတီးတယ်၊ ကျုပ်က မောင်းရှစ်လုံးကို ဖြည့်တီးတယ်၊ နောက်မှ ပိုများလာတာ" ဟု ပြောပြပါသည်။ ထိုကြောင့် မြန်မာဘုရင်ခေတ်က အသုံးတော် ခံခဲ့ရာတွင် ဆိုင်းဝိုင်း၊ ကြေးဝိုင်း၊ ပတ်မကြီးများသာ ရှိ၍ မောင်းနှင့် စခွန့်သည် နောက်နောင်းမှ ပေါ်လာခြင်း ဖြစ်ကြောင်း သိနိုင်ပါသည်။

"ပြည်မြို့မှာ ဘယ်လောက် ကြာသလဲ ဘဘ"

"အင်း... ပြည်မြို့မှာ ကျုပ်အသက် ၂၁ နှစ် အထိဘဲ၊ ဟင်္သာတမြို့က နဲဆရာကြီး ဦးဖိုးဟန် တည်ထောင်တဲ့ ဆိုင်းအဖွဲ့မှာ ဦးဖိုးဟန် ကွယ်လွန်အနိစ္စ ရောက်သွားတော့ ဦးဖိုးဟန်ရဲ့ ဇနီး ဒေါ်ပုက ပြည်မြို့ကို လာပြီးခေါ်တယ်၊ ဒီအခါမှာ အဖိုးကလဲ ကျုပ်ရဲ့ ပညာကို ယုံကြည်စိတ်ချပြီ ဖြစ်တဲ့အတိုင်း ထည့်လိုက်လို့ ဟင်္သာတကို လိုက်သွားရတယ်။ ဒေါ်ပုရဲ့ ဆိုင်းအဖွဲ့ကို ခေါင်းဆောင်ရတာပါဘဲ၊ အဲဒီတုန်းက အသက်က ငယ်ငယ် ပညာကလဲ တက်ကြွနေတုန်း ဆိုတော့ သိပ်ကို ချိုသွေးနေတဲ့ အခါပေါ့၊ ချီထောင်တာ မကောင်းဘူး ကိုယ်ရင်ရဲ့" ဟု အရွှန်းကလေး ဖောက်ပြီး ပြောပါသည်။

အခန်း ၅

# ဗလာဆိုင်းဆရာ ဘဝ

တက်သစ်စ ဆိုင်းဆရာကလေး မောင်ဟန်ပသည် ဟသ်ာတကို ခြေကုပ်ယူကာ အောက်နယ်မြေ တလွှားတွင် နာမည်ထွား၍ နေလေတော့သည်။ ဇာတ်များ ရုပ်သေးများနှင့် တွဲရသော အခါတွင် ဇာတ်၏သဘော ရုပ်သေး၏သဘောကို ကောင်းစွာ နားလည်ခဲ့သည်။ ဇာတ်နှင့် ရုပ်သေးတွင် ဆိုင်းဆရာသည် ဇာတ်မင်းသား မင်းသမီး ရုပ်သေးမင်းသား မင်းသမီးတို့ ကောင်းစားရေးအတွက်သာ ပို့ပေးရခြင်း ဖြစ်သည်။ ဇာတ်ပို့ ရုပ်သေးပို့ရသော အလုပ်သည် မလွယ်လှချေ။ ဆိုင်းကောင်း အနေနှင့် အသားယူ၍ တီးခြင်းငှာ မဖြစ်နိုင်ချေ။

ယခုမူ ဇာတ် ရုပ်သေးမပါ ဗလာသက်သက် ဧည့်ခံဆိုင်း တီးရသည် ဖြစ်ရာ ပရိသတ်သည် ဆိုင်းကိုသာ အာရုံပြုလျက် ရှိသည်။ ဆိုင်းသံကိုသာ နားစွင့်လျက် ရှိလေသည်။ သို့ဖြစ်လေရာ ဆိုင်းဆရာသည် ပရိသတ်ကြိုက်မည့် သီချင်းနှင့် တီးလုံး တီးကွက်တို့ကို တီထွင်ကာ မြိုင်ဆိုင်အောင် တီးတတ်ရလေသည်။

အလှူပွဲ၊ မင်္ဂလာပွဲ၊ ကထိန်ပွဲ၊ သင်္ကြန်ပွဲ၊ ဘုန်းကြီးပျံပွဲများတွင် ဆိုင်းမပါလျှင် မပြီးပေ။ တောမြို့ တောရွာများတွင် ဆိုင်းကို အထူး အသားပေး နားထောင်သော အလေ့ ရှိခဲ့လေသည်။ အများအားဖြင့် တောလက်ကျေးရွာမှ လူများသည် ရွာတိုင်းလိုလိုတွင်ပင် ပတ္တလားဝိုင်း၊

မောင်းဆိုင်းများလောက်ကို ထားရှိကြသည်။ တူရိယာဂီတ ပညာကို အထိုက်အလျောက် နားလည်ကြသည်။ အထူးသဖြင့် ဟင်္သာတ မြို့သည် တူရိယာဂီတ ပညာကို အလိုက်စားဆုံး မြို့ဟု ဆိုလျှင် မှားအံ့မထင်ပေ။ ဟင်္သာတမြို့တွင် မြို့ကလေးနှင့် မလိုက်အောင် စောင်းကောက်ကြီး များကို တွေ့နိုင်ပေသည်။ ရပ်ကွက်တိုင်း လမ်းတိုင်းမှာ လိုလို စောင်းကောက်ကြီး ရှိလေသည်။ နွေရာသီ ပူအိုက်သော နေ့များတွင် တနေရာရာ၌ စု၍ စောင်းကောက်ကြီးကို တီးကာ သီချင်း သီဆို တီးမှုတ်ကြသည်မှာ ညဥ့်သန်းကောင် လွန်သည် အထိ ဖြစ်သည်။

ထိုစဉ်က ဟင်္သာတမြို့တွင် ဦးဘိုးမြ၊ ဦးဘိုးဝဲ၊ ဦးဘိုးထွားတို့၏ နာမည်ကြီး ဆိုင်းများလည်း ရှိနေသည်။ ဘုရားတကာကြီး ဂရိတ်ဦးဘိုးစိန် ဟင်္သာတသို့ လာ၍ ကပြသော အခါ၌ပင် ဦးဘိုးမြ၊ ဦးဘိုးဝဲတို့ ဆိုင်းကတဖက် ဦးဘမောင်၏ ဆိုင်းကတဖက် ဝဲဆိုင်း ယာဆိုင်း ထား၍ တီးခဲ့ဘူးလေသည်။

တောအရပ်ဒေသက လူများသည် ဖြေဖျော်မှုအနေနှင့် ဆိုင်းကိုသာ အများအားဖြင့် အာသီသထား၍ နားထောင်လေ့ ရှိကြသည်။ မြန်မာတူရိယာတွင် စောင်းဝိုင်းသည် ညင်ညင်သာသာ ငြိမ့်ငြိမ့်ညောင်းညောင်းဖြင့် အခန်းတွင်း၌ တီး၍ ဖြေဖျော်ရသော ကိရိယာမျိုး ဖြစ်သည်။ ဆိုင်းသည် ဆူဆူညံညံ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် လေဟာပြင်တွင် အဝေးကကြားအောင် တီးရသော ကိရိယာမျိုး ဖြစ်သည်။ သဘာဝချင်း မတူသကဲ့သို့ တီးမှုတ်ဖြေဖျော်ပုံချင်းလည်း မတူနိုင်ချေ။

တောနေပရိသတ်တို့သည် ရုံဖန်ရုံခါတွင် ဆိုင်းတဆိုင်းနှင့်သာ အားမရသဖြင့် ဆိုင်းနှစ်ဆိုင်းပြိုင် သုံးဆိုင်းပြိုင်ပင် ငှား၍ နားထောင်ကြသည်။ ထိုသို့ ဆိုင်းပြိုင်တီးခြင်းကို ပရိသတ်က အလွန် စိတ်ဝင်စားကြသည်။ မည်သူ၏ ဆိုင်းနှင့် မည်သူ ဆိုင်းတို့ လက်စွမ်းပြကြတော့မည်၊ ပြိုင်ကြတော့မည်ဟု ကြွေးကြော်ကာ လှည်းတပ်ကြီး ချီ၍ပင် လာရောက် နားထောင်လေ့ ရှိကြသည်။

ထိုအခါ နားထောင်ရ သူတို့အဖို့ အရေးမကြီး၊ တီးရသော သူတို့အဖို့ မသက်သာလှချေ။ ပရိသတ်ကြိုက်အောင် တီးပြဖို့မှာ မလွယ်ချေ။ ရုံဖန်ရုံခါတွင် အဘယ်မျှပင် ပညာပါသော ခက်ခဲနက်နဲသော တီးလုံးတေးသွားများကို တီးပြစေကာမူ လူပြိန်းပရိသတ်က နားမဝင်၊ ပေးလား ပေးလား ဝုံးကနဲ ဒိုင်းကနဲ တီးပြသော ဆိုင်းမျိုးကိုမှ ကာလသားဝိုင်းက ဩဘာပေးကာ နှစ်သက်တတ်ကြသည်။ သို့ရာတွင် ဆိုင်းသမားချင်းမှာ မည်သူ့ထက် မည်သူက သာသည်ကို နားလည်ကြပါသည်။

မောင်ဟန်ပသည် ဟသ်ာတတွင် အသက်အငယ်ဆုံး ဆိုင်းဆရာကလေး အဖြစ် အလွန် နာမည်ကြီးလျက် ရှိလေသည်။ လူဟန်ကလည်း အလွန်ကောင်းသည်။ ပညာကလည်း ပြည့်စုံသည်။ တခြား ဆိုင်းများက ဆိုင်းနောက်ထခေါ် လူရွှင်တော် နှစ်ယောက်၊ ဆိုင်းမင်းသားခေါ် အဆိုတော် တယောက် ထား၍ ဧည့်ခံသော်လည်း မောင်ဟန်ပကမူ ဆိုင်းမင်းသား မထားဘဲ သူ့ကိုယ်တိုင် ဆိုတီး တီးလေသည်။ ဆိုတီး တီးခြင်းသည် လွယ်ကူလှသည်တော့ မဟုတ်ချေ။ ဆိုင်းတီး၍ မောရသည့်အထဲတွင် သီချင်း ဆိုရသည်မှာ မသက်သာလှချေ။ သို့သော် မောင်ဟန်ပမှာမူ ထိုဆိုတီးနှင့်ပင် နာမည်ကြီးလေသည်။ သီချင်းကြီး ဖြစ်စေ ကာလပေါ် ဖြစ်စေ

သူကိုယ်တိုင် ဆို၍ တီးသည်။ အသံကလည်း ကောင်းသည်။ ဟန်ကလည်း ကောင်းသည်။ ထို့ပြင် တီးလုံးကို တီးသွားရင်း လက်များကို မြှောက်ကာ မြှောက်ကာ ကသွားသည်မှာလည်း ပရိသတ်တို့ အဖို့ စိတ်ရွှင်လန်းဖွယ် ဖြစ်လေသည်။

မည်သည့် သီချင်းကိုပင် တီးသည်ဖြစ်စေ တီးလုံးကို အသေထား၍ စင်းစင်းကြီး တီးမသွားချေ။ အချောက်အလှန့် ကလေးများနှင့် တီးသည်။ အသံကိုလည်း တသမတ်တည်း မထား၊ ဖြည်းဖြည်းညှင်းညှင်း တီးနေရင်းမှ ဖြုံးကနဲ ဒိုင်းကနဲ ပေါက်ကွဲလာသည့်ဟန် နားကို ကစား၍ တီးတတ်သည်။ ဤကား လေဟာပြင်တွင် တီးမှုတ်ရသော ဒေ့ဲခံဆိုင်းတို့၏ အရေးကြီးသော ပညာ ဖြစ်ပါပေသည်။ မည်သည့် သီချင်းကိုပင် ဖြစ်စေ တသမတ်တည်း တသံတည်း တီးသွားလျှင် မည်သူမျှ စိတ်ဝင်စားမည် မဟုတ်ချေ။ အဆွအရွ အမြူးအကြွကလေး တွေနှင့် တီးမှ နားထောင်၍ ကောင်းပေသည်။ ထိုကြောင့် လေဟာပြင်တွင် ဗလာဆိုင်း အတီးကို ဦးဟန်ပအား မည်သူမျှ မပြိုင်နိုင်ဟု အားလုံးက အသိအမှတ် ပြုကြသည်။

ဆိုင်းသမား ဘဝတွင် အလှူမင်္ဂလာပွဲ များတွင် သာမက မုချ မလွဲမသွေ တွေ့ရမည့် ဘုန်းကြီးပျံ၊ ဘတော်ပျံ၊ မယ်တော်ပျံ အပြင် အသုဘများတွင်လည်း တီးရမည်သာ ဖြစ်ချေသည်။ အသုဘများတွင် အနိစ္စရောက်သူကို သုံးရက်မျှ ထား၍ ဆွေမျိုးစုံမှ သင်္ဂြိုဟ်ကြမြဲ ဖြစ်ရာ စောင့်ရှောက်နေရသူများ အဖို့ စိတ်ခြောက်ခြားဖွယ် ကြောက်လန့်ဖွယ် အဖြစ်မှလည်း ကင်းဝေးစေ၊ အသုဘရှင်အဖို့ တွင်လည်း ပရိဒေဝမီး တောက်လောင် နေရခြင်းမှ ဆိုင်းသံ ပုံသံ ကြားရခြင်းအားဖြင့်

ပြေပျောက်တန်သလောက် ပြေပျောက်စေ ဟူသော ရည်ရွယ်ချက်ဖြင့် ဆိုင်းကို သွင်းကြမြဲ ဖြစ်ပေသည်။

ဤတွင် ဆိုင်း၏ တာဝန်ကြီး တရပ် ပိုလာပြန်ပါသည်။ အလှူ မင်္ဂလာပွဲများတွင် အဆွအကြွ အမြူးအရွှတွေနှင့် မင်္ဂလာရှိသော သီချင်းဂီတများကို ထင်သလို တီးနိုင်သော်လည်း အသုဘကိစ္စတွင်မူ ယင်းသို့ တီး၍ မသင့်ချေ။ မျောက်မင်းအူသံကို ခံကာ တောဘွဲ့ တောင်ဘွဲ့ မိုးဘွဲ့၊ အလွမ်းသီချင်းများကို သင့်တော်အောင် တီးရလေသည်။ ထိုမှတပါး အရေးကြီးဆုံး ကိစ္စမှာ ပရိဒေဝမီး တောက်လောင်နေသူ ကိစ္စရှင်အဖို့ ဓမ္မသံဝေဂ ဖြစ်အောင် သီဆိုတီးမှုတ်၍ ပေးရန်လည်း လိုအပ်ပေသည်။ သဂၤါရ၏ သဘောကို နှလုံးပိုက်၍ တရားရသွားအောင် လုပ်ရန်ကိစ္စသည် ဆိုင်းဆရာ၏ တာဝန် ဖြစ်ပေသည်။ ဤလို နေရာမျိုး၌ ဆိုင်းဆရာသည် တီးကောင်းတိုင်း မတီးရချေ။

ဦးဟန်ပ အနေနှင့်မူ ဤလိုကိစ္စမျိုးတွင် သာ၍ နာမည် ရလေသည်။ အသုဘကိစ္စအတွက် မည်သည့်သီချင်း မည်သည့်တီးလုံး တီးကွက်များကို တီးမည်ဟု အထူးရွေးချယ် စီစဉ်ထားရလေသည်။ အသုဘတွင် တီးသော တီးလုံးတီးကွက်နှင့် သီချင်းများကို အလှူ မင်္ဂလာဆောင်တို့၌ တီး၍မဖြစ်။ အလှူ့ရှင် မင်္ဂလာရှင်များက လက်ခံကြမည် မဟုတ်။ ယင်းအစွဲအလမ်း များကလည်း ပြင်းပြစွာ ရှိနေသဖြင့် တမျိုး တဘာသာစီ ခွဲခြား၍ အသုံးပြုရလေသည်။

ဦးဟန်ပ၏ ဆိုင်းသည် ဤလိုနေရာမျိုး၌ ဓမ္မသံဝေဂ ဖြစ်ဖွယ် တီးလုံးတီးကွက်နှင့် သီချင်းများကို တီးမှုတ် သီဆိုရာတွင် အထူး နာမည်ကြီးလေသည်။

ဝိသုံဝိသုံ ငြိဆုံရသည့်၊

တိဘုမ္မက သင်္ခါရေ၊

ရှိကြုံသမျှ မြင်ရာတွေကို၊

မခင်သာချေ ဖယ်သန့်ရှင်း။

ချုပ်လျှော့ရှည်မစောင့်၊

ပုပ်ဖောမည်တမှောင့်၊

ရုပ်ချောကြည်အဖြောင့် သနားစရာကိုမြင်သော်၊

ဇယားမရဏာတွင် ကွက်ပြီးမှန်ပြသွင်း။

အများတကာပင် ပျက်စီးပြန်ရခြင်း။

လောက်ပိုးအတိပ၊

ဖောက်ထိုးကလိကြ၊

ကြောက်စိုးမချိစရ နံ့ညစ်ညှီတွင်၊

ကျုံ့နစ်ကသီ ယောင်ဖွတ်ဆင်း။

ရှုံ့ပြစ်မသတီ နှောင်ညွတ်ကွင်းမှ၊

မှောင်ဝင့်အတွင်း ပျော်မွေ့ပုံ။

ပျူငှါမူရာ အူမှာဆွ၊

ရှုပါရမ္မက တကွင်းအာရုံ၊

သုထာဝရ ဘဝများစွာထုံ။ ။

မိုက်ဆိုးခလေ့၊

လိုက်တိုးမမေ့၊

စိုက်ပျိုးသရွေ့ မျိုးစေ့စုံပြီ၊

ခိုးငွေ့မကုန် ပါဝင်ကြသမို့၊

မဟာအာသဉ်တ ကျွတ်တမ်းမြင့်ညာ၊

လွတ်လမ်း ခွင့်မသာ။ ။

စစ်ကျုံးထွက်မင့်၊

ရစ်ထုံး ဆက်အဖွဲ့၊

ချစ်ထုံး မက်စဘွဲ့ မြူချော့လာသလို၊

တူတော့မာယာ ငင်ဆွဲဟန်သို့လေး။ ။

ငါးခန္ဓာပဥ္စက၊

ခြားမကွာ စဉ်ခဏ၊

ပွားတဏှာယှဉ်သမျှ အပေါင်းအစိတ်ကိုလွှာလျှင်၊

**မကောင်းအနိဋ္ဌာ ဆင်ကွဲဖန်လို့လေး။ ။**

**ခက်ခဲသတိပဋ္ဌာန၊**

**နက်နဲအဘိဓမ္မာနယ၊**

**လက်လွဲတြိဘဝါသယ ပြတ်ထွက်ပါအောင်၊**

**မြတ်ဓမ္မစက်ရတနာတွင် မြဲရန်ဘို့လေး။ ။**

မင်းတုန်းမင်း လက်ထက်က ဝေါကြီးမှူး ဦးခြို ရေးခဲ့သော ရှစ်ဆယ်ပေါ် တေးထပ် ဖြစ်ပါသည်။ ရံဖန်ရံခါတွင်လည်း လယ်တီဆရာတော်ဘုရား ရေးသားသည့် သံဝေဂ တေးထပ်များကို သီဆိုတီးမှုတ်လေ့ရှိကြောင်း ပြောပါသည်။

**အဝိဇ္ဇာပိတ်ကာဆို့၊**

**မိစ္ဆာမြို့ပြင်ပြင်၊**

**ကဏ္ဍာလို့ထင်မြင်လျှင်၊**

**လွင့်စင်မည်မလွဲ၊**

**အရိုးစုအပုတ်ကောင်ကို၊**

**အဟုတ်ယောင် မှားဘို့ဖန်နဲ။**

အရွှတ်စုရုပ်တစ္ဆေငယ်၊

အဟုတ်လေကိုယ်ထဲ၊

အပုတ်ရည် စိုတရွှဲဟာမို့၊

ယိုမစဲသူငါ။ ။

သွေးသည်းခြေ ပြည်သလိပ်တွေက၊

တည်မဆိတ် လျှမ်းပြည့်သည်သာ။

သို့ကလောက် ရွံစရာပါကို၊

လွန်တဏှာ မက်စွဲလို့၊

စက်ဝဲမှာ တပေပေ၊

မွန်းနစ်ကြပလေ။

တဏှာဖမ်းတဲ့ အကမ်းတွေမှာ၊

အပန်းမပြေ ဟိုက်မောရှာကြသလေး။

တဏှာပူးတဲ့ အရှူးတွေမှာ၊

အမူးမပြေ မိုက်မောရှာကြသလေး။

တဏှာလိုက်တဲ့ အမိုက်တွေမှာ၊

အဟိုက်မပြေ ပင်ပန်းရှာကြသလေး။

သီဟိုဠ်ကျွန်းတွင် လယ်သူမကလေး၏ နိဗ္ဗိန္ဒ တေးသံကြောင့် ရဟန်းတပါးသည် အာသဝေါ ကုန်ခန်း၍ ရဟန္တာ ဖြစ်သွားရလေသည်။ အလားတူပင်လျှင် ဆန်ဖွတ် မောင်းထောင်း၍ နေသော မိန်းကလေး တဦး၏ ဇရာ မရဏနှင့် စပ်ဆိုင်သော သီချင်းသံကြောင့် တောမှပြန်လာသော သားချောက်ယောက်နှင့် မုဆိုးကြီးမှာ အာသဝေါ ကုန်ခန်း၍ ရဟန္တာ ဖြစ်သွားရလေသည်။

ဤထုံးများကို ထောက်ထား၍ လူ့ဘဝတွင် မကင်းနိုင်သော အသုဘ ကိစ္စများတွင် ဆိုင်းဆရာတို့သည် ဇရာ မရဏနှင့် စပ်ဆိုင်သော နိဗ္ဗိန္ဒ တေးသီချင်းများကို သီဆို တီးမှုတ်ကာ ပရိသတ်များအား တရားရအောင် ပြုလုပ်ပေးရမြဲ ဖြစ်လေသည်။

ဤကိစ္စနှင့် စပ်လျဉ်း၍ ဆရာကြီး ဦးဟန်ပအဖို့ အလွန် လူကြိုက်များ၍ နာမည်ကျော်ရသော သီချင်းမှာ 'တေးဘုမ္မာ' သီချင်း ဖြစ်လေသည်။ ကျိုက်လတ် ဆရာကြီး ဦးပြုံးချို ရေးသားသော နိဗ္ဗိန္ဒသီချင်း ဖြစ်ပါသည်။ တူရိယာဂီတ ပညာ၏ ခက်ခဲနက်နဲမှုများ သာမက အဘိဓမ္မာ သဘောအရ အလွန်နက်ရှိုင်းသော အဓိပ္ပါယ်များ ပါဝင်သည် ဖြစ်ရာ အလွန်ရှေးဆံသော ဆရာတော်ကြီးများပင် ဤသီချင်းကို ကြားရသောအခါ များစွာ အံ့သြ ချီးကျူးကြလေသည်။ ဦးဟန်ပသည် ဤသီချင်းကို သာယာနာပျော်ဖွယ် ဖြစ်အောင် သီဆို၍ တီးပြလေသည်။ တေးဘုမ္မာ သီချင်းကို ဦးဟန်ပထက် ကောင်းအောင် တီးနိုင်သည့် ပုဂ္ဂိုလ်မရှိဟု ဆိုကြသည်။ ယင်းသီချင်းကို အောက်၌ ဖော်ပြလိုက်ပါသည်။

တေးဘုမ္မာ... ၊ အနိစ္စာ၊ ဒုက္ခာ၊ အနတ္တာ- တရားမရလို့၊ များလှသံသရာ၊ ကာမောဃာ၊ ဘဝေါဃာ၊ ဒိဋ္ဌောဃာ၊ အဝိဇ္ဇောဃာ၊ စိတ်မောဟာ မကင်းတာ၊ အရင်းခံ သူတဏှာ၊ ဒိဋ္ဌိဉာဏ် ဝင်စား၊ ထင်မှား မြင်ပြားကြတာ၊ လူဘဲ နတ်ဘဲ မှတ်စွဲလို့သာ၊ မှားချက် အလွန်နှာ၊ ငါ့သား ငါ့မယား လင်သားဉစ္စာ၊ ငါ့ကိုယ်ငါ့ပဲဟာ၊ အစဉ်မကွာ သက္ကာယကြောင့်၊ မာနတွေ ထောင်ကြတာ၊ ဝိပဿနာ ဝင်စား ထင်ရှား၊ မြင်ပြားကြပါ၊ ဘာမျှ ရှာမရ အသာရကာ မှန်စွာ၊ အနတ္တ ခန္ဓာ၊ ဖြစ်ရင်း တည်ရင်း ပျက်ရင်း ချုပ်ကာ၊ ရုပ္ပတိသညာ၊ ဖောက်ပြန်မဆိတ်ပါ၊ အနိစ္စာ လက္ခဏာ ရုပ်တရား နာမ်တရား နှစ်ဖြာ၊ အိုနာသေမည် အတည်မကျပါ၊ သင်္ခါရဟာ ဘင်ကာလ မကြာ၊ ငါးဖြာဂတိမှာ၊ လေးဘုံအပါယ် ငရဲစာ၊ အဝိဇ္ဇာအကြောင်းကြောင့် သင်္ခါရာ၊ ဝိညာဏ် နာမ်တရား ရုပ်တရားနှစ်ဖြာ၊ ခြောက်ခုအာရုံ ကာမဂုဏ်ဆန္ဒ၊ ပဋိစ္စသမုပါန် ရှုပ်ပြန် အတွင်းအပ တဏှာ၊ ရှက်စရာတွေးတော့ သမုဒယပါ၊ မဂ္ဂါဆေးနှင့် ကုရမှာ၊ လက္ခဏာရေးဖြင့် ရှုကြပါ... တေးဘုမ္မာ... ။

ရေမြေလေမီး ဓာတ်ကြီး အစုပါ၊ လွန်တရာ မမြတ်သော အတ္တဘောခန္ဓာ၊ မုန်းဘွယ့် မလွတ်ပါ၊ သုံးဆဲ့နှစ် ကောဋ္ဌာ၊ မိုက်မဲအဝိဇ္ဇာ၊ စိတ်တဏှာ အနိဋ္ဌာ ဣဋ္ဌာရုံ ထင်မိမှား၊ ကာယအပုပ်ကောင်ဟာ ဟုတ်ယောင်သာ၊ ရုပ်ဆောင်စွာ၊ ချုပ်နှောင်ကာ သူလှည့်စား၊ တရားကွာ၊ မှားရှာ၊ များသတ္တဝါ၊ ဘဝအနေကာ ဖြစ်ပျက်သံသရာ၊ မီးဆဲ့တစ် ငြိမ်းရာ ချုပ်ရာ၊ နိဗ္ဗာန်ရောက်နိုင်ရာ မဂ်ဖိုလ်ကြိုးစား ရအောင်ရှာ၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ၊ သမုစ္ဆေပဟာန် ဇကန် ပယ်၍ခွာ၊ အထက်တန်း တက်လှမ်းမကြာ၊ ရုပ်နာမ် ခန္ဓာ နှစ်ဝလုံးဟာ၊ အစတုံးကာ၊ ဘဝဆုံး အမတာ၊ အဲသို့မှသာ၊ ဘေးတကာ ရန်တကာ ကင်းဝေးမှာ၊ အရဟတ္တဖိုလ် ပညာကိုသာ၊

**အနုသယကိလေ တိဆွေ့ ပယ်ဖို့ရာ၊ အမှန်ဝါယမန် စိတ်သန်သမာဓိ၊ ဝိပဿနာဉာဏ် ရင့်သန်စေဘို့ရာ။**

**ငါးဆုရှင်၊ ပါရမီတော် ရင့်သည်ပွင့်တော်မူရာ၊ ဘဒ္ဒကပ္ပကမ္ဘာ၊ ဗုဒ္ဓငါးကြိမ်ဆင့်တောင်၊ ကျွတ်ခွင့်မပါ လွဲလျှင်မှန်စွာ၊ ရှည်လျား သုညကမ္ဘာတွေမှာ၊ ခမ္မာသွေ့ခွာ၊ အပါယေမှာ ပျော်ဘို့၊ တရားမသိလို့ အမြမိစ္ဆာ၊ အများအတိ အလွဲစိတ်မှာ၊ ငရဲမိစ္ဆာ တကတဲမဆိတ်စွာ အသဲထိတ်စရာ စည်ပင်ကြတော့မှာ၊ (မကောင်းဒုစရိုက်တွေဟာ၊ နည်းအောင်ကျင့်ပါ၊ ၂) နှစ်လနေ့ရက် နာရီတွေဟာ၊ အချိန်အလကား မကုန်စေရာ၊ ကာမဂုဏ် ရမက်ဆိုးကို ဖျက်ချိုးနိုင်မှသာ၊ ဖြစ်ရာဘဝ သံသရာ၊ ပညာပါရမီ ကြီးရင့်အောင်ဘို့သာ၊ အတီတာ မိုက်စ မိုက်ပင်ပျိုးလို့ မိုက်ဆိုးခဲ့တာ၊ ယခုလဲ မိုက်ဆဲမှန်စွာ၊ ရှေ့ကိုတိုး တံပိုးမိုက်အုံးမှာ၊ အဆုံးသတ်သင့်တာ၊ (ကိုယ့်ကိုယ်သာ သနားပါ-များသတ္တဝါ၊ ၂) လောဘ ဒေါသ မောဟာလောင်မီး၊ ကိလေသာ၊ တဟုန်းဟုန်း တောက်လို့သာ၊ တဖြုန်းဖြုန်း မောက်မို့စွာ၊ အကုသိုလ် စရိုက်ဆိုးတွေဟာ၊ ပြုလွယ် ဖြစ်လွယ် စိတ်အားထက်သန်စွာ၊ နတ်ရွာနိဗ္ဗာန်လမ်းကို၊ လှမ်းဘို့ အမူဟာ၊ ထဲစိတ်မပါ၊ နေရပ်ပြောင်းကို လွန်အောင်းမေ့တာ၊ လေးဘုံပါယ်ရွာ၊ လေးဘုံပါယ်ရွာထဲမှာ၊ နေမြဲသာ၊ များသည်သတ္တဝါ။**

ဤသီချင်းနှင့် ပတ်သက်၍ ဆရာကြီး ဦးဂုဏ်ဘဏ်က အောက်ပါအတိုင်း ပြောကြားဘူးပါသည်။

"တနေ့တော့ ကျုပ်က ကိစ္စတခုရှိလို့ မော်တော်နဲ့ အသွား လမ်းမှာ အတော်ကြာ ကွဲနေတဲ့ မိတ်ဆွေတဦးနဲ့ တွေ့တယ်၊ အဲဒီ မိတ်ဆွေက သူအခု ဦးဟန်ပနှင့် တွဲဖက်၍ အလုပ်လုပ်နေကြောင်း ရှေ့နားက ရွာမှာ ဆိုင်းတီးမည် ဖြစ်ကြောင်း၊ ဆိုင်းခုနစ်ဆိုင်းပင် ငှား၍ထားကြောင်း ပြောပြတယ်"

အဲဒါနဲ့ ကျုပ်လဲ ရှေ့ဆက် ခရီးမသွားဘဲ အဲဒီရွာမှာဘဲ ဆင်းပြီး ဆိုင်းကို နားထောင်တယ်၊ ဆိုင်းဆရာများ ညစာ စားသောက်ပြီးတဲ့နောက် အားလုံး စုံညီကြတဲ့အခါ အခြားသော ဆိုင်းခြောက်ဆိုင်းက ကိုယ်စားလှယ်တွေက ပြောကြတယ်၊ ကျွန်တော်တို့ဟာ လူငယ်တွေပါ၊ ဆရာကြီး ဦးဟန်ပနဲ့ ပြိုင်ဖို့ မဟုတ်သေးပါဘူး၊ ပညာယူဖို့ပါ၊ အဲဒါကြောင့် ဆရာကြီး ဦးဟန်ပကဘဲ ဥဒ္ဒေ့ခံအဖြစ် တီးပြပါ၊ ကျွန်တော်တို့ နားထောင်ပါရစေလို့ ပြောကြတယ်။

အဲ... ဦးဟန်ပလဲ ပတ်စာစုံလို့ ဆိုင်းထဲ ဝင်ပြီးလဲ တီးရော၊ စည်လိုက်တဲ့ လူတွေဗျာ နဲ့တာ မဟုတ်ပါဘူး၊ ဦးဟန်ပဟာ သူ့ပင်ကိုယ်ဟန်အတိုင်း အခြောက်အလှန့် အကွေ့အဆွကလေးတွေနဲ့ တီးသွားတယ်၊ သီချင်း အဆုံးမှာ ပတ်လုံးများကို မွှေ့ကစား လိုက်ပြီးတဲ့နောက် အဆုံးချကာနီးကျတော့ ချရမည့်ပတ်လုံးကို လိုက်ရှာတာ မတွေ့ဘဲ ဖြစ်နေပုံ၊ နောက်ဆုံးမှ တွေ့သဖြင့် ဝမ်းသာအားရ ချလိုက်ပုံများဟာ ပရိသတ်အဖို့ နားထောင်လို့လဲ မငြီးဘူးဗျ၊ ကြည့်လို့လဲ မငြီးဘူး၊ သီချင်းတီးရင်းလဲ လူဟန်ကလဲပါ၊ လက်နှစ်ဖက်ကလဲ ကပြသွားတာဟာ တယ်ကြည့်လို့ ကောင်းတာဘဲ၊ တော်တော်လေးလဲ တီးပြီးရော ဦးဟန်ပဟာ အနေအထား တမျိုးပြောင်းပြီး "တေးဘုမ္မာ" သီချင်းကို ဆိုတီး တီးပြတယ်၊ ကောင်းလိုက်တာဗျာ၊ ဆိုသံရော တီးသံပါ တယ်ပြီး

ညက်ညောတာကလား၊ သီချင်းတပိုဒ်လဲ တီးပြီးရော၊ ဦးဟန်ပဟာ ပတ်လုံးကို လက်နှင့် ဗတပ်ဆိုပြီး ပိတ်လိုက်တယ်၊ ဝိုင်းထဲနေ မတ်တပ်ထကာ လက်ခမောင်း ခတ်လိုက်တယ်။ ပြီးတော့ သူက ပြောလိုက်တာက-

"ဆိုင်းပညာကို ရှေးဆရာကောင်း သမားကောင်းများနဲ့ စနစ်တကျ သင်ခဲ့ပါတယ်၊ ကျွန်တော် ဘယ်သူ့မှ မကြောက်ဘူး၊ မန္တလေးလဲ တက်သွားရော စိန်ဗေဒါနဲ့ တွေ့ခဲ့တာ ရှိုးပြီး ပြန်ခဲ့ရတယ်" လို့ ပြောတယ်၊ ပရိသတ်က ဝါးကနဲ ပွဲကျသွားတာပေါ့၊ ဦးဟန်ပဟာ အဲဒီလိုလဲ ဝန်ခံတတ်တဲ့ ပုဂ္ဂိုလ်ပါဘဲ၊ အမှန်ကတော့ဗျာ ဗလာတီး ညှော်ခံဆိုင်းမှာတော့ ဦးဟန်ပကို ဘယ်သူမှ မမှီပါဘူး၊ စိန်ဗေဒါကြီး ကောင်းတာက လက်ကျကောင်းတယ်၊ တေးသံသာတယ်၊ ဒါပေမဲ့ ကြာကြာနားထောင် လာရယင် ပရိသတ် အနေနဲ့ ဦးဟန်ပကို ပိုကြိုက်မှာဘဲ၊ ဦးဟန်ပနဲ့ စိန်ဗေဒါကြီးတို့ ဘယ်လောက်ဘဲ ကောင်းတယ်ဆိုဆို၊ ဇာတ်ပို့တဲ့ နေရာကျတော့ ဦးဘမောင်က ကောင်းပြန်ရော၊ ဇာတ်ပို့တဲ့ ပညာက တမျိုးကိုးဗျ၊ အဲဒီတော့ သူတို့ သုံးဦးစလုံးဟာ တမျိုးစီ တော်ကြတဲ့ ပါရမီရှင်တွေပါဘဲဗျာ" ဟု ဆရာကြီး ဦးဂုဏ်ဘဏ်က ပြောပါသည်။

ဦးဟန်ပသည် ဟသ်ာတ၌ နေကာ မြစ်ဝကျွန်းပေါ် တခွင် လှည့်လည်၍ ဆိုင်းတီးလျက်ရှိရာ များမကြာမီ မူလဆရာ ဖြစ်သော ဆရာ ဦးစိန်ကတုံးနှင့် တွေ့ကြပြန်သည်။ ဦးစိန်ကတုံးက ခေါ်ပြန်သောကြောင့် ဗလာတီး တီးနေရာမှ ဦးစိန်ကတုံး၏ ဇာတ်ထဲသို့ ပါသွားကာ ဇာတ်နှင့် တွဲ၍ တီးရပြန်လေသည်။ ထိုအခါကား အသက် ၂၈ နှစ်အရွယ်မျှ ရှိသေး၍ မြန်မာသက္ကရာဇ် ၁၂၇၄ ခုနှစ်လောက်က ဖြစ်လေသည်။

ထိုအခါတွင် ဦးစိန်ကတုံးမှာ မင်းသားကြီး မဟုတ်၊ မင်းသားလုပ်၍ နေလေသည်။ မင်းသားကြီး ဖြစ်စဉ်က ရုံဝင်ခ တမူးတန်း ဖြစ်သော်လည်း မင်းသား ဖြစ်လာသောအခါ ရုံဝင်ခ သုံးမူး ပေးရလေသည်။ ဂီတပညာ ဇာတ်ပညာတွင် ဦးစိန်ကတုံးသည် အလွန် ပြည့်ဝသော ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ အလွန် ပညာရင့်ကျက်ကြောင်း၊ သဘောပေါက်မှုတွင် မည်သူနှင့်မျှ မတူကြောင်းကို ဦးဟန်ပက ပြောပါသည်။

"ဦးစိန်ကတုံးက သူကိုယ်တိုင် ရေးတဲ့ သီချင်းတွေကို သူကိုယ်တိုင် ဆိုင်းသမား အားလုံးကို ခေါ်ပြီး စနစ်တကျ သင်ပေးတယ်ဗျ။ တီးလုံးတေးသွားကို မောင်းနဲ့ သေသေချာချာ တီးပြတယ်၊ စည်းဝါး အဝင်အထွက်ကို ပြတယ်၊ ပြီးတော့ ပတ်မချက်ကို ဘယ်နေရာ ဘယ်လိုသွင်းရမယ်၊ ပတ်မကြောင်ခေါ် စခွန့်ကို ဘယ်လို အဆို့အပိတ် လုပ်ရမယ် ဆိုတာကို သူကိုယ်တိုင် စခွန့်တီးပြတယ်။ အဲ... ဆိုင်းသမားတွေ အားလုံး သီချင်းတေးသွားကို ရပြီလား၊ ရပြီဆိုယင် ထွက်သွားတာဘဲ၊ ဘာမျှ မပြောတော့ဘူး၊ ညကျယင် သူက ဇာတ်စင်ပေါ်က နေပြီး ဟန်နဲ့ပန်နဲ့ စကားဖန် ပြောပြီးတာနဲ့ လက်ညှိုးကလေးကို ဆတ်ခနဲ ထောင်လိုက်ယင် စည်းက ချွန်ကနဲ လိုက်ရတယ်၊ တခါထဲ သီချင်းကို စဆိုတော့တာဘဲ၊ သီချင်း ဆိုတုံးမှာ စည်းနဲ့ဝါး၊ ကြေးနောင်ကိုသာ ညှင်းညှင်းသာသာကလေး လိုက်တီးပေးရတယ်၊ ဘာမျှ အပိုမတီးရဘူး၊ သီချင်း မဆုံးခင်မှာလဲ တွေ့ကရာ စကားတွေကို လေပန်းမနေဘူး၊ သူဆိုလို့လဲ ပြီးရော ဆိုင်းက မြိုင်မြိုင်ဆိုင်ဆိုင် စုံစုံလင်လင် တီးပေတော့၊ တခါထဲ ကွေးနေအောင် ကတော့တာဘဲ၊ ဦးစိန်ကတုံးရဲ့ ကပုံဆိုပုံများကို

အခုခေတ်လူတွေ မြင်စမ်းစေချင်တယ်ဗျာ" ဟု ဆရာကြီး ဦးဟန်ပက အားရပါးရ ပြောပြပါသည်။

ယင်းသို့ ဦးစိန်ကတုံးနှင့် တွဲဖက်နေစဉ် တွံတေးမြို့မှ အမျိုးသမီးချည့် ပါဝင်သော တွံတေးဆံထောက် မငွေသင်၏ ဇာတ်အဖွဲ့နှင့် တွေ့ကြသည်။ ထိုအဖွဲ့မှာ မိန်းမမင်းသား၊ မိန်းမမင်းသမီး၊ မိန်းမလူပျက် စသည့်ဖြင့် မိန်းမတွေချည့် ဖွဲ့စည်းထားရာ အတော်ပင် နာမည်ကြီးလျက် ရှိလေသည်။

ဦးဟန်ပသည် အရွယ်ကလည်း ကောင်း၊ နာမည်ကလည်း ကြီးခိုက် ဖြစ်သဖြင့် တွံတေးဆံထောက် မငွေသင်နှင့် အခက်အခဲ မရှိဘဲ မေတ္တာမျှကြလေသည်။ မငွေသင်မှာ ယခင်က အိမ်ထောင်တဆက် ပျက်ခဲ့ဘူးရာ ပလိုတီယာ မသိန်း ဟူသော သမီးတယောက် ထွန်းကားခဲ့သည်။ ဦးဟန်ပသည် ဆရာ ဦးစိန်ကတုံးနှင့် တွဲဖက်ရသည်ကို အလွန်နှစ်ခြိုက်သည်။ ပညာလည်း ရသည်၊ ပျော်လည်းပျော်သည်၊ ဦးစိန်ကတုံး၏ ဟန်၊ ဦးစိန်ကတုံး၏ အသံကို ထင်မြင်လာအောင် ခေါင်းကလေးကို ငဲ့ကာ တိမ်းကာ လက်ညှိုးကလေးကို ထောင်ကာနှင့် ညီတော်မင်းနန် သီချင်းကို သီဆိုပြပြန်ပါသည်။

**တမင်မျှော်လို့ ပြောပြမကွဲ့၊ ထင်ပေါ်တဲ့ အချောရသော်လဲ၊ အတည်နော် မငြင်းဆန်၊ ပြည်ပေါ် သတင်းလျှံ၊ အော်... ရှင်တော် ဂေါတမရယ်က၊ ဝစီနော် လင်းပြန်၊ ညီတော်မင်းနန်။**

နတ်တမျှ ပမာညီ၊ အသာ်နက္ခတ်ဆန်းတွေနှင့်၊ ဘဒ္ဒကလျာဏီကို၊ မမြင်ပါလျှင် တရက်မပြတ် လွမ်းတာကြောင့်၊ မင်္ဂလာ လက်ထပ်နန်းကိုတဲ့၊ ဘုရားကြွပါဟု၊ မယားပြလို၍၊ အပါးက လျှောက်ပြန်၊

ဘုရားဇိနန်သည်၊ နိဗ္ဗာန်မဂ်ဖိုလ် ရက်တိုတိုနဲ့ မြန်းရအောင်လို့၊ ပြည်ကျော်အောင်၊ ညီတော်သပိတ်ကို ထမ်းပါလို့၊ တောလမ်းကပြန်၊ သစ်ငုတ်တို ခြောက်အစပေါ်က၊ မျောက်မနဲ့ ပမာအညီ၊ ကလျာဏီနဲ့ မတူလား၊ ပြောတာက သဘောမှာမကျ၊ ဂေါတမဇိနန်၊ အောင်မယ်မင်း ဆိုးရက်လေတဲ့ကံ၊ ကျုပ်ညီမင်းနန်၊ အနိုပ်အစက်ကိုခံ၊ သပိတ်ဖက်လို့ ငိုပြန်၊ တရားအရင်းခံ ဘုရားလင်းပြန်၊ စကားသီချင်းသံ၊ ကုံးပြန် ကတုံးဉာဏ်၊ ကြောက်စရာ့ မျောက်မသဏ္ဍာန်။

ပန်းဝတ်မှုန်၊ စုံမြိုင်ယံ၊ ဘုရားအစေအပါ၊ ဝေဘာ ကောင်းကင်ခရီး၊ သုံးလူ့ဘုံမြတ်စွာ နတ်ကညာပြသည့်နည်း၊ ညီတော်ကညည်း၊ နတ်သမီး ထင်မြင်ပြန်၊ ရိပ်ယာလစ်မခံ၊ အဝိဇ္ဇာပစ္စယံ၊ ထပြန် ကြွပြန်၊ ဥုံ- အနိစ္စ ဒုက္ခ ယုတ်လုလို့ ဆင်ခြင်ပြန်။ ကြည့်ပြန် ရှုပြန်၊ တောစုံမြိုင်သာစခန်းမှာ၊ ဝတ်ကြောင်ကို လွတ်အောင်ရုန်းမယ်လို့၊ ကတုံးစိန်ကကြံ။

ဆူဆူညံညံ၊ လူသံမကြားအောင်၊ ကိန်းအရ ဆင်ခြင်ပြန်၊ ယိမ်းသမလေးတွေ မြင်လျှင်အန်၊ တကယ်ရှုဆင်ခြင်ပြန်၊ မယ်န မြင်လျှင်အန်၊ နောင်သိရ် မဆုံးရပါဘု၊ မောင်စိန်ကတုံးရဲ့ နိက္ခမ ပါရမီဉာဏ်။

သားရယ် မယားရယ်ဆို၊ သို့ကလောက် ပြောသော၊ ထောင့်ငါးရာလိုက်စား မိုက်မှားပြန်။

"ဒီသီချင်းဟာ ဦးစိန်ကတုံး ရေးတာဘဲနော် အဘ"

"ဟုတ်တယ်၊ ဦးစိန်ကတုံးဟာ သီချင်း တော်တော်များများ ရေးသွားတယ်"

"ဒုံးစည်းနဲ့ တီးထားတယ်နော်"

"ဟုတ်တယ် ဒုံးစည်းဘဲ၊ ဦးစိန်ကတုံး ရေးတဲ့ သီချင်း၊ စာဆိုတော် ဦးလူကလေး ရေးတဲ့ သီချင်းတွေဟာ ဒုံးစည်းနဲ့ တီးရတာ များတယ်၊ ဦးစိန်ကတုံး၊ ဦးအောင်ဗလ၊ ဦးဘိုးစိန်တို့ သီဆိုကြတဲ့ သီချင်းတွေဟာ ဒုံးစည်းနဲ့ တီးတာတွေချည်းပေါ့"

"ဒုံးစည်းဟာ ကလို့ ပိုကောင်းတာပေါ့နော်"

"ဟုတ်တာပေါ့ဗျာ၊ တကယ့် နေရာမှာ အချိုးအချိတ်ကျကျ ဟန်နဲ့ပန်နဲ့ ကနိုင်အောင် ဒုံးစည်းကို သုံးလေ့ရှိတယ်၊ အဲ နောက်ပိုင်း သံပြိုင်အပိုဒ် ကျယင်သာ ဝါးလတ်စည်းကို ပြောင်းသွားတယ်"

"ကျွန်တော်တို့ ဦးစိန်ကတုံးကို မမြင်လိုက်ရတာ တယ်တာနာဘဲ ခင်ဗျာ"

"ဦးစိန်ကတုံးလို ပုဂ္ဂိုလ်ကတော့ မရှိပါဘူးဗျာ၊ ယိုးဒယား အကတွေမှာ ဆိုယင် ဘယ်သူမှ သူ့လောက် မကောင်းပါဘူး၊ မင်းသမီး မင်းသား နှစ်ပါးသွားပြီးတဲ့နောက် စခန်းချခါနီးမှာ ဦးစိန်ကတုံးက မင်းသမီးကို တွဲပြီး-

**"ဟိုတုန်းကတော့၊ မြတဘက် ခါးထက် နာနာပန်းပြီး၊ မိန်းမကြမ်းကြီးလုပ်၊ တသုတ် လိုက်ပုံ့မယ် လို့၊ ကိုယ်က ဆိုတယ် မဟုတ်လား၊ ... ခုတော့ ပန်းသလား ပန်းသလား မေပျို။**

မင်းသမီး နဖူးကို လက်ညှိုးကလေးနှင့် ထောက်ထောက်ပြီး ဆိုသွားလိုက်တာများ တယ်ကြည့်လို့ ကောင်းတာကလား" ဟု စိတ်ပါလက်ပါ ပြောပြပါသည်။ ဆရာကြီး ဦးဟန်ပသည် ဦးစိန်ကတုံး၏ အကြောင်းကို ပြောရလျှင် မမောနိုင် မပန်းနိုင် စိတ်ပါဝင်စားလှပါသည်။

အခန်း ၆

# ရွှေမန်းမြို့သို့ ရောက်ခြင်း

သို့နှင့် ဆရာကြီး ဦးဟန်ပ၏ ဘဝကို ဆက်လက် မေးမြန်းရပြန်ပါသည်။ ဆရာကြီးက ဆက်လက်ပြီး

"အဲဒီလို ဦးစိန်ကတုံးနဲ့ တွဲနေတုံးမှာ ကျုပ်တို့နေတဲ့ တွံတေးကို ဆရာစိမ့်ရဲ့ ဇနီး ဒေါ်တိုး ရောက်လာတယ်၊ "ဒေါ်တိုးက ကျွန်တော့်ကိုလဲ တွေ့ရော မောင်ဟန်ပရယ် မင့်အကို မရှိတော့ဘူးကွဲ့... လို့ ပြောပြီး ငိုတော့တာဘဲ၊ ကျုပ်လဲ စိတ်မကောင်း ဖြစ်ပြီး ငိုတာပေါ့၊ ဒါနဲ့ ဒေါ်တိုးက အမကို မင်းကူညီပါ၊ မင်းအကိုရဲ့ ဆိုင်းကို မင်းဘဲ ခေါင်းဆောင်ပြီး တီးပေးပါလို့ ပြောတယ်"

"ကျုပ်ဆရာ ဦးစိန်ကတုံးကလဲ သဘောကောင်းတဲ့လူ ဆိုတော့ လွယ်လွယ်နဲ့ ခွင့်ပြုလိုက်တာဘဲ၊ အဲဒါနဲ့ အသက် ၃၀ ကျော်မှာ မန္တလေး ရောက်သွားတယ်၊ ကျုပ်ကတော့ ကျုပ်အကို ဆရာစိမ့်ကို ကျေးဇူးဆပ်ဖို့၊ အစ်မဖြစ်သူ ဒေါ်တိုးကို ကူညီဘို့ လိုက်သွားတယ်၊ ဒါပေမဲ့ လူများဟာ တော်တော် ကြောက်စရာ ကောင်းတယ်၊ ဒေါ်တိုးက စိန်ဗေဒါနဲ့ ပြိုင်ရအောင် မောင်ဟန်ပကို အောက်ရပ် အောက်ပြည်က ခေါ်လာခဲ့တယ်လို့ လူတွေက ပြောကြတယ်၊ တနေ့တော့ ဆွမ်းကျွေးတဲ့ အိမ်တအိမ်မှာ တူရိယာဂီတသမားတွေ စုပြီး တီးကြတယ်၊ ဆရာဘကြီးတို့ ဆရာဘကလေးတို့ ဆရာနွဲ့တို့ စုံလို့ပေါ့လေ၊

အဲဒီအခါမှာ လူကြီးတွေက ဒေါ်တိုးကို မောင်ဟန်ဆိုတဲ့ သူငယ်နဲ့ သီချင်းမြီးရအောင်လို့ ပြောတော့ ဒေါ်တိုးကလဲ ကျုပ်ကို ပြတယ်၊ အဲဒီအခါမှာ အားလုံးကဘဲ မောင်ဟန်ပ လာကွယ်၊ ဒို့မန္တလေးကတော့ သီချင်းမြီးတတ်တယ်၊ မင်းနဲ့ တခါမှ မတွေ့ရသေးလို့ သီချင်းကလေး ဘာကလေး မြီးရအောင်လို့ ပြောပြီး ဝင်ဆိုကြတော့တာဘဲ၊ ကျုပ် မှတ်မိသလောက်တော့ ပေါဝန်စုံမြိုင်က စပြီး သီချင်း တော်တော်စုံစုံ ဆိုကြတယ်။ ကျုပ်လဲ ပတ္တလားနဲ့ ကြိုးကြိုးစားစား လိုက်တီးပေးပါတယ်၊ အားလုံးကဘဲ ချီးမွမ်းကြပါတယ်၊ ဆရာပေရဲ့ တပည့် ပီသပါပေတယ်လို့ ပြောကြတယ်။ အဲ ထူးဆန်းတာ တခုက ဒီလိုဗျ၊ အမျိုးသမီး တဦးဗျာ မျက်နှာခပ်ဝိုင်းဝိုင်း မပဟာနဖူးနဲ့ အင်မတန် သိမ်မွေ့ပြီး နန်းဆန်တာကလား၊ သူက ကျုပ်ရှေ့လာပြီး ကျုံ့ကျုံ့ကလေး ထိုင်တယ်၊ ပိုးလက်ကိုင်ပုဝါကြီးကို ထုတ်ပြီး ဖြန့်လိုက်တာ တခါထဲကို မွှေးကြိုင်သွားတာဘဲ၊ ကျုပ်လဲ အံ့အားသင့်ပြီး ငေးကြည့်နေရတာပေါ့၊ သူက စည်းနဲ့ ချပ်ကလေးကို ကောက်ကိုင်ပြီး-

**(အုံးရွှေ သဇ္ဈာ... လိပ်ပြာပျံကာဝဲ၊ မယ့်တကိုယ်ထဲမို့နော်ရှင်) ၂ အို အုံးရွှေသဇ္ဈာ ညောင်မှာ၊ ဘာလိုလို့ဝဲ၊ သဇ္ဈာညောင်ထဲ... ။**

**ရန်ရွှေတော် အပေါင်းငယ်တို့၊ ပျော်ကြောင်းခု ဖြေဖျော်... ၊**

လို့ ဆိုလိုက်တော့ ကျုပ်မှာ ဘာကို တီးရမှန်း မသိဘူး ပတ္တလား လက်ခတ်ကို ကိုင်ပြီး ငိုင်နေရတော့တာဘဲ၊ အနားမှာ ရှိတဲ့ စိန်ဗေဒါက-

ညီလေး... တေးထပ်ကွ

လို့ ဆိုတော့မှ တေးထပ်အချိုးကို ချိုးပေးလိုက်ရတယ်၊ ကောင်းလိုက်တဲ့ အသံဗျာ၊ အဆိုကလဲ နပ်လိုက်တာ လွန်ပါရော"

ရန်ရွှေတော် အပေါင်းငယ်တို့၊ ပျော်ကြောင်းခု ဖြေဖျော်၊ မြချိုးပြန့် သလွန်ပေါ်ဝယ်၊ စက်ခေါ်တယ် ပျော်ဘူး။ နှင်းခတဲ့ မွေ့သည့်မှာ၊ ကုန်စီစဉ် အောက်မေ့စိတ်ကူး။ ။ မှန်နန်းမြင့် သိင်္ဂါဝယ်၊ သာစွာငယ် ရင့်ကျူး။ အမရာ ဘုံဦးက၊ ကြည်နူးဘွယ့် ဖန်လာ။ ရွှေနားတော် ဆက်မြဲ၊ အငြိမ့်ပွဲ ကျင်းပသည့်တာ။ ။ မေးပျော်လု စက်ခါဝယ်၊ သီချင်းမှာ ဖော်ကွာဝေးရယ်နဲ့၊

(အို... ဖော်ကွာဝေးသူမို့၊ ဆွေးပူရတယ်၊ မြင်တော်လာစမ်းပါလှဲ့ နန်းနေညွန့်နွယ်... ဆက်)

ယဉ်ကျေးတဲ့ နတ်စောင်းသံ တွဲဆိုကြပြန်၊ ရွှေစိတ်တော် လွမ်းအောင်ဘန်သည်၊ သန်းခေါင်ယံ အကျူးမို့လေး။ ။

"အဲဒီသီချင်းမှာ တေးထပ်က ငါးပေါက်တည်သံနဲ့ သီဆိုရတယ်၊ ဖော်ကွာဝေး ယိုးဒယားသီချင်းက တပေါက်သံမှန်နဲ့ သီဆိုရတယ်၊ အဲဒါကို တခါထဲဆက်ပြီး ဆိုလိုက်တော့ အသံအပြောင်းအလဲမှာ အတော် ခက်သွားတာပေါ့၊ ဆိုတဲ့လူကတော့ သူ့အသံကို နိုင်ကြောင်း ပြသွားတာဘဲ၊ အဲဒါနဲ့ အဲဒီ အမျိုးသမီးကြီး ထွက်သွားတော့မှ ကျုပ်က ဒေါ်တိုးကို မေးရတယ်၊ "အစ်မ... အဲဒါ ဘယ်သူလဲလို့... ဒေါ်တိုးကလဲ မောင်လေး မသိသေးဘဲကိုး။ အဲဒါပေါ့ကွ အင်မတန် နာမည်ကြီးလှတဲ့ မင်းသမီး အမေထွေး (မထွေးလေး) ဆိုတာပေါ့လို့ ပြောတယ်။ မထွေးလေးကို ပထမဦးဆုံး စတင် တွေ့ခြင်းပါဘဲ။ ဦးအောင်ဗလတို့၊ ဦးဘိုးစိန်တို့ဟာ ငယ်ငယ်ကလေးကတည်းက အမေထွေးဆီမှာ အကသင်ကြရတယ်လို့ ပြောဘူးပါတယ်။ အင်မတန် ပညာပြည့်ဝတဲ့ မင်းသမီးကြီးပါဘဲဗျာ။

"အဲဒီနေ့ဟာ ကျုပ်ရဲ့ ပွဲဦးထွက်နေ့ပါဘဲ။ စိန်ဗေဒါဟာ ကျုပ်အနားမှာ လာထိုင်ပြီး 'ညီလေးရဲ့ တေတောကွ၊ တျာတောကွ' နဲ့ ပြောပေးနေရှာတယ်။ ကျေးဇူးကြီးလှပါတယ်။ မန္တလေးရောက်တော့ ကျုပ်နဲ့ သူနဲ့ တွဲမိကြတာပေါ့။ သူက ဆိုင်းတီးပုံ တီးနည်း အယူအဆ ကောင်းတယ်။ ထောင်ရောင်နေ သီချင်း၊ စိန်ကြောင်နီလာ သီချင်းပါ တချို့ အပိုဒ်များကို နည်းနည်း ပြပေးဘူးတယ်။ အမှန်ကတော့ စိန်ဗေဒါ ဆိုင်းတီးတဲ့ နေရာလိုက်ပြီး နားထောင်ရင်း ပညာယူရတာပါဘဲ။ စိန်ဗေဒါကလဲ ကျုပ်ဆိုင်းတီးတဲ့ဆီ လိုက်လာပြီး နားထောင်ပါတယ်။ အကြံပေးပါတယ်။ သွန်သင်ပါတယ်။ ကောင်းယင်လဲ ချီးမွမ်းပါတယ်။ ဒါနဲ့ဘဲ သူနဲ့ ကျုပ်နဲ့ သိပ်ခင်သွားကြတာပါဘဲ"

ဆရာကြီး ဦးဟန်ပသည် နောက်ကြောင်းများကို ပြန်၍ မြင်ယောင်လျက် နေပုံ ရပါသည်။

သို့နှင့် ဆရာစိမ့်၏ ဇနီး ဒေါ်တိုးအား သုံးနှစ်သုံးမိုး ကူညီလုပ်ဆောင် ပေးခဲ့ပြီးနောက် ရန်ကုန်သို့ ပြန်လာခဲ့လေသည်။ မန္တလေး သွားသောအခါ ဇနီး ဒေါ်ငွေသင်ပါ ပါလေသည်။ ရန်ကုန် ပြန်လာသောအခါ ဓာတ်ရထားပေါ်တွင် ဦးစိန်ကတုံးနှင့် တွေ့လေသည်။ ဦးစိန်ကတုံးက သူ၏ဇာတ်ထဲသို့ လိုက်ခဲ့ရန် ခေါ်သည်။ ဦးဟန်ပကမူ လက်ရှိ ဆိုင်းသမားတို့ကို ငဲ့၍ မလိုက်ဘဲ နေခဲ့သည်။ ကိုယ့်အတွက်နှင့် သူတပါး စိတ်မကောင်း မဖြစ်စေလိုဟု ဆိုသည်။

ထိုနောက် ဦးစိန်ကတုံး၏ ညီ ကိုဘဟန်နှင့် တွဲပြီး ဇာတ်ထောင်ကြသည်။ တလလျှင် ၇၀ ကျပ် ရသည်။ တနှစ်ခန့် အလုပ်, လုပ်ခဲ့သည်။

ထိုနောက် ဝါးခယ်မအသင်း လူကြီးများက လာခေါ်သဖြင့် ဝါးခယ်မသို့ လိုက်သွားကာ ဆိုင်းထောင်ကြသည်။ ဆိုင်းကို ကိုယ်တိုင် တီးသည့်အခါတီး၊ တည်ထောင်ပေးသည့်အခါ တည်ထောင်ပေးနှင့် ဆိုင်းအလုပ်ကိုပင် ဝါးခယ်မ၌ နေ၍ လုပ်လျက် ရှိလေသည်။

အခန်း ၇

# အောက်မြန်မာနိုင်ငံသို့ ပြန်လာခြင်း

အသက် ၄၀ အရွယ်တွင် ဆရာ ဦးစိန်ကတုံးက ခေါ်သဖြင့် ဦးစိန်ကတုံးနှင့် တနစ်မျှ တွဲလိုက်ရ ပြန်လေသည်။ ဦးစိန်ကတုံးနှင့် တွဲပြီးသော နှစ်တွင်ပင် ဇနီးဒေါ်ငွေသင်မှ ဖွားမြင်သော သားမောင်ညွန့်လှိုင်အား ရှင်ပြုရလေသည်။

ဝါးခယ်မတွင် အတော်ကြာကြာနေရင်း စီးပွားဖြစ်တန် သလောက် ဖြစ်သဖြင့် ကဝက်ရွာတွင် ဆန်စက်ကို သွားဝယ်ကာ စက်သူဌေး အလုပ်ကို လုပ်လိုက်ပြန်သည်။ အနုပညာသည် တယောက်နှင့် စီးပွားရေး လုပ်ငန်းမှာ တခြားစီ ဖြစ်နရကား မကြာမီပင် ပြုတ်ပြုတ်ပြုန်းကာ ဒုံရင်းသို့ ပြန်ရောက်သွားရ လေသည်။ သို့နှင့် ဆိုင်းကိုပင် ဆက်၍ တီးရပြန်လေသည်။

ဝါးခယ်မတွင် နှစ်အတော် ကြာကြာ နေရသဖြင့် မြစ်ဝကျွန်းပေါ် တခွင် အနှံ့အပြား ရောက်ပေါက်ကာ တပည့်များလည်း ပေါများလျက် ရှိလေသည်။ ရန်ကုန်သို့လည်း မကြာခဏ ရောက်လာလေ့ရှိသည်။ ဆိုင်းဆရာ ဦးဘမောင်၏အိမ်၊ စာရေးဆရာ ရွှေတိုင်ညွန့်၏ ဆရာ ဦးထွန်းရင်၏ အိမ်တို့တွင် အများအားဖြင့် နေလေ့ရှိပေသည်။

တခါသော် ဦးဟန်ပ၏ တပည့်တဦးဖြစ်သူ ဝါးခယ်မ ဆရာစိမ့်က ဆရာကြီး ဦးဟန်ပထံသို့ ကိုစိန်သွဲ့ ဆိုသူအား ပညာသင်ပေးရန် လာ၍ အပ်လေသည်။ စရိတ် မရှိသဖြင့် မိမိ၏ ကြယ်သီး ကြိုးကလေးကို ပေါင်၍ စရိတ်လုပ်ကာ လာခဲ့ရလေသည်။ ဆရာကြီး ဦးဟန်ပသည် အလွန် ကြင်နာ သနားတတ်သော နှလုံးသား ရှိလေသည်။ ကိုစိန်သွဲ့၏ ကြယ်သီး ကြိုးကလေးကို ရွေးရန် ပိုက်ဆံထုတ်ပေးသည်။ ပြီးလျှင် မိမိ၏ တူလိုသားလို ထားကာ ပညာသင်ပေးသည်။ ကိုစိန်သွဲ့နှင့် ကိုစိန်နွဲ့တို့သည် ညီအစ်ကိုအရင်း ဖြစ်ကြပါသည်။ ထိုစဉ်က ကိုစိန်နွဲ့မှာ ဒိုးတီးလျက် ရှိလေသည်။

ကျွန်တော်က အနားတွင် ထိုင်နေသော ဦးဘခိုင်ဖက်သို့ လှည့်ကာ "ဦးဘခိုင် အနေနဲ့ ဆရာကြီးကို ဘယ်တုန်းက စပြီး သိတာလဲ"

"ကျွန်တော်က အသက် ၁၅ နှစ်လောက်က စပြီး သိခဲ့တာပါဘဲ။ ဒီတုံးက ဘဘအသက် ၄၀ ကျော်ပြီပေါ့နော်"

ဟု ဦးဘခိုင်က ဖြေပါသည်။

"ကျွန်တော်က အဆိုအတီး ဝါသနာပါတယ်။ ဦးဘိုးစိန် ဇာတ်ထဲမှာ အလုပ်, လုပ်တယ်။ ဦးဘမောင်နဲ့တော့ ဆရာတပည့် အမြဲတွဲရတာပေါ့ဗျာ။ ဘဘနဲ့ကတော့ ရန်ကုန်မှာ မကြာတခါ တွေ့ကြတာပါဘဲ"

ဟု ဦးဘခိုင်က ဆက်၍ ပြောပါသည်။

ဦးဟန်ပ အသက် ၅၀ တွင် သမီး ပလိုတီယာ မသိန်း ကွယ်လွန်သည်။ သမီး ကွယ်လွန်ပြီး မကြာခင်ပင် ဇနီး ဒေါ်ငွေသင်လည်း အနိစ္စ ရောက်သွားလေသည်။ တေးဘုမ္မာ သီချင်းကို အတီးကောင်းသော ဦးဟန်ပအဘို့ ဇနီးနှင့် သမီးတို့ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ပြီးနောက် စိတ်ထိခိုက်ကာ ဝါးခယ်မတွင် မနေလိုတော့ပေ။ တပည့်များထံသို့ လှည့်လည်ကာ တပတ်စီ တလစီ ဆိုသလို နေ,လေသည်။ တပည့်များကလည်း ဦးဟန်ပအား ကြည်ညိုရိုသေ ချစ်ခင်ကြသဖြင့် ကြည်ဖြူစွာ လုပ်ကိုင်ကျွေးမွေးကြသည်။

ဆရာကြီး ဦးဟန်ပသည် တပည့်များကို အားနာ လာပြန်သဖြင့် ရန်ကုန်သို့ ထွက်လာခဲ့သည်။ ဦးဟန်ပ၏ သတင်းကို ကြားရသော ဂရိတ်ဦးဘိုးစိန်က မိမိ အိမ်တွင်ပင် လာနေရန်နှင့် မိမိ ဇာတ်ထဲသို့ လိုက်ပါရန် အတန်တန် ခေါ်သော်လည်း မလိုက်ဘဲ နေလေသည်။ ဦးဘိုးစိန်၏ ဇာတ်ထဲတွင် ဦးဘမောင် ရှိသည်ဖြစ်ရာ ဦးဘမောင်ကိုလည်း အားနာသည်။ ဦးဘိုးစိန်ကိုလည်း ငဲ့သည်။ အကြောင်းမှာ ဦးဟန်ပသည် ဇနီးနှင့် သမီးဆုံး၍ စိတ်စက် မကောင်းလှသဖြင့် ဆိုင်းအလုပ်ကိုပင် ကောင်းစွာ မလုပ်ချင်ဘဲ ရှိနေသည်။

ဦးဘမောင်ကလည်း "အကိုကြီး၊ အကိုကြီး"နှင့် ကြည်ညိုရင်းစွဲ ရှိသည့်အလျောက် အိမ်တွင်ပင် ခေါ်၍ ထားသည်။ "အကိုကြီး စိတ်ချမ်းသာသလို နေပါ၊ ဘာမှ အားမနာပါနှင့်" ဟု ခဏခဏ ပြောသည်။ ဦးဟန်ပသည် ဦးဘိုးစိန်၏ အိမ်တွင် မနေလို။ တခန်းတနား ဟန်နှင့်ပန်နှင့် နေရမည်ကို ကြောက်သည်။ နေတတ်သလို နေမည်။ စားတတ်သလို စားမည် ဖြစ်ရကား မိတ်ဆွေများ အိမ်တွင် ၄င်း၊

တပည့်များ အိမ်တွင် ၄င်း နေမှ လွတ်လပ်ပေမည်။ ထိုကြောင့် ဦးဘမောင် အိမ်နှင့် ဦးထွန်းရင် အိမ်တွင် အနေများသည်။

ဦးဘမောင်မှာ ဦးဟန်ပအား စိတ်ချမ်းသာရအောင် ထားသည်။ ကြိုက်တတ်သည့် ဟင်းကို ချက်ကျွေးသည်။ စားစရာကလေးများကို မပြတ် ထားပေးသည်။ နံနက် မိုးလင်း၍ အိမ်သာသွားသည်ကို မမြင်လျှင် "အကိုကြီး ဝမ်းသက်ရဲ့လား၊ ဝမ်းချုပ်နေသလား၊ ဆေးသောက်အုံးလေ" စသည်ဖြင့် ယုယုယယ ပြောတတ်သည်။

"ဘဘကို ဂရုစိုက်တဲ့ နေရာမှာတော့ ဦးဘမောင်ဟာ လိုလေသေး မရှိပါဘူးဗျာ၊ မနက်မိုးလင်းလို့ ဦးဟန်ပ မျက်နှာသစ်ပြီးယင် သောက်ဖို့ ဆေးလိပ်ကိုတောင်မှ မီးညှိပြီး ပြာကလေးနဲ့ နပ်ထားပေးတယ်"

ဦးဘခိုင်က ဝင်၍ ထောက်ပါသည်။ ထိုအခါက ညဖက်တွင် ဦးဘမောင်သည် ဇာတ်ပွဲ၌ တီးရသည်။ နေ့တွင် ဆရာကြီး ဦးဟန်ပထံ၌ သီချင်းများကို တက်သည်။ သီချင်းဟောင်းများကိုလည်း ဆေးကြောသည်။

"အဲဒီ အချိန်လောက်က နေပြီး ကျွန်တော်လဲ ဘဘဆီမှာ သီချင်း သင်နေပြီ။ ဦးဘမောင်ကို ပြနေတော့လဲ ကျွန်တော်တို့ လိုက်ပြီး မှတ်ရတာပါဘဲ"

ဟု ဦးဘခိုင်က ဆက်၍ ပြောပါသည်။ ဦးဟန်ပသည် ဦးဘခိုင်အား သူ၏ သားတယောက်ပမာ သဘောထားကြောင်း သိရပါသည်။

မင်္ဂလာ ဦးအောင်မောင်း၏ ဇာတ်ဆရာ ဦးပြန့်ကြီးသည် အိုင်ယာလန်ထီ ပေါက်ကာ ပိုက်ဆံရှိသဖြင့် ဆိုင်းထောင်လိုသောကြောင့် ဆရာကြီး ဦးဟန်ပအား လာ၍ ခေါ်ပြန်သည်။ ဦးဟန်ပသည် လိုက်သွားပြီး နှစ်နှစ်ခန့် ကြီးကြပ်ကာ အလုပ် လုပ်ပေးခဲ့သည်။ ပြီးလျှင် တပည့်ဖြစ်သူ မောင်သိန်းဖေအား ဆိုင်းကို အပိုင်ပေးခဲ့ပြီး ရန်ကုန်သို့ ပြန်လာသည်။ ဝါးခယ်မတွင် ကြာရှည်မနေချင်၊ ထိုကြောင့် ဆိုင်းသံယောဇဉ်ကိုပင် စွန့်ကာ ရန်ကုန်လာပြီး ဦးဘမောင်၏အိမ် ဦးထွန်းရင်တို့ အိမ်တွင်ပင် လှည့်ကာပတ်ကာ စားသောက်နေပြန်သည်။

ဆရာရင်းဖြစ်သော ဦးစိန်ကတုံးက ပြန်၍ခေါ်ရာ လက်ရှိ လူများကို ငဲ့သဖြင့် မလိုက်ဘဲ နေခဲ့သည်။ ဦးဘိုးစိန် ဇာတ်ထဲသို့လည်း မလိုက်ခဲ့ချေ။ သို့နှင့် အမယ်ကြီးအို အောင်စိန်က မင်းသား၊ လေပါတီ ခင်ညွှန့်က မင်းသမီးအဖြစ် တွဲဖက်၍ ဇာတ်ထောင်ရာ ဦးဟန်ပအား ခေါ်ကြသဖြင့် ထိုဇာတ်နှင့် လိုက်၍ တီးပေးရလေသည်။ အမယ်ကြီးအို အောင်စိန်ကို ပထမတွင် ပထမ အောင်စိန်ဟု ခေါ်သည်။ ထိုဇာတ်ကို လေပါတီ ခင်ညွှန့်၏ ခင်ပွန်း ဦးဖေက တည်ထောင်ခြင်း ဖြစ်လေသည်။ ထိုအထဲတွင် လူရွှင်တော် ဦးပုလဲစိန်တို့ မိသားစုလည်း ပါလာကြသည်။ ဦးပုလဲစိန်၏ သမီးအကြီးဆုံး ယိမ်းသူမကလေး မအုံးကြိုင်မှာ ကုလားဆင် ချောမော လှပသူကလေး ဖြစ်ပေသည်။

ဆရာကြီး ဦးဟန်ပအား အားလုံးကပင် ဘဘဟု ခေါ်ကြ၍ အလေးအမြတ် ပြုထားကြပေသည်။ သို့ရာတွင် ပျော်ပျော်နေတတ်၍ ရယ်စရာ ပြောတတ်သည် ဖြစ်သော ဦးဟန်ပအား ကြောက်ရသည် မဟုတ်သဖြင့် ကစားကြသည်။ ကြည်စယ်ကြသည်။ ဇနီးနှင့် သမီး ဆုံး၍ နလုံးမသာ ဖြစ်နေသော ဦးဟန်ပအား မအုံးကြိုင်နှင့် ကစားကြသည်။

နောက်ပြောင်ကြသည်။ မအုံးကြိုင်ကလည်း အဖိုးကြီးအား အဘလို သဘောထား၍ အစစ ဝတ်ကြီးဝတ်ငယ် ပြုစု ဆောင်ရွက်ပေးလေ့ ရှိသည်။

ဤသို့နှင့်ပင် အိုးချင်းထား အိုးချင်းထိ ကြိုးချင်းထား ကြိုးချင်းညိ ဆိုသလို ဦးဟန်ပနှင့် မအုံးကြိုင် (အကြိုင်)တို့ သံယောဇဉ်ကြိုး တွယ်မိကြကာ အားလုံးကပင် ကျေကျေနပ်နပ် တိုက်တွန်းကြသဖြင့် ပုဆိုးတန်းတင် ချစ်လင်မယား ဘဝသို့ ရောက်ကြရလေသည်။

"အဲဒီတုန်းက ရယ်စရာ ကောင်းတာလေး တခု ရှိသေးသဗျ၊ ယောက္ခမလုပ်တဲ့ ဦးပုလဲစိန်က ဦးဟန်ပကို ဘဘ ဘဘလို့ ခေါ်တော့ တဝါးဝါး ပွဲကျအောင် ရယ်ကြရတယ်"

ဟု ဦးဘခိုင်က ပြောပြပါသည်။

ဦးဟန်ပသည် ဇာတ်နှင့်တွဲပြီး တီးသည်ဟူသော သတင်းကို ကြားရသဖြင့် ရွှေတောင်မြို့က ဇာတ်ထောင်ဆရာ ဦးလူကလေးက လာခေါ်လေသည်။ ဦးလူကလေးသည် စက္ကင်းအောင်မောင်း၊ အာဇာနည် လှကြည်၊ အာဇာနည် တင်ရွှေ စသည့် လူငယ် မင်းသားကလေး များကို မြေတောင်မြှောက်၍ ဇာတ်ထောင်ရာ ပိုမို အင်အားတောင့်တင်းစေရန် ဆရာကြီး ဦးဟန်ပ၏ ဆိုင်းနှင့် တွဲဖက်လိုပါသည်ဟု ပြောသဖြင့် လိုက်သွားရလေသည်။ မအုံးကြိုင်တို့မှာ ပြည်အထက် အာလံ (အောင်လံ) ဇာတိ ဖြစ်သဖြင့် ပို၍ အဆင်ပြေလေသည်။

ထိုအခါက စာရေးဆရာကြီး ဦးစံရို (အလင်္ကာကျော်စွာ)၊ မင်းဘူး ဦးချစ်စရာ၊ ဦးစိန်ခြယ် စသည့် ပုဂ္ဂိုလ်များနှင့် တွဲဖက်ခဲ့ရလေသည်။ နဲမှာ ဦးထီအောင် ဖြစ်လေသည်။ လူငယ် မင်းသားကလေး များသည် ကြိုးစားမှု ရှိသဖြင့် ထိုအခါက များစွာ တိုးတက်ခဲ့လေသည်။ ပရိသတ်က အထူး ကြိုက်နှစ်သက် လေသည်။ စက္ကင်းအောင်မောင်း (ယခု အောင်လံတော် မောင်ခင်စိန်) ဆိုလျှင် နယ်ပရိသတ်က အထူး နှစ်သက်ကြသဖြင့် လက်မလည်အောင် ရှိလှတော့သည်။

စက္ကင်းအောင်မောင်းသည် အပြောကောင်းသည်၊ အပူတိုက် ကောင်းသည်၊ အသံမှာ သင့်ရုံဖြစ်သည်။ အာဇာနည် လှကြည်မှာကား အသံကောင်းသည်၊ အဆိုကောင်းသည်။ သူတို့သည် ဆရာကြီး ဦးဟန်ပနှင့် တွဲမိသောအခါ ပိုမို၍ ပညာရင့်ကျက် သွားကြလေသည်။ ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီ အခါက ပြည်ဖက်တွင် ထိုမင်းသားကလေးများ အလွန် ခေတ်စားခဲ့သည်။ ဆရာကြီး ဦးဟန်ပလည်း သူတို့လေးတွေနှင့် တွဲကာ လေးငါးနှစ်ခန့် အလုပ်လုပ်ပေးခဲ့သည်။

ထိုနောက် ဇာတ်ခေါင်း ကွဲသောအခါ ဟင်္သာတသို့ ပြောင်းရွှေ့ကာ ညီဖြစ်သူ ဦးလှဖေတို့နှင့် အတူ သွား၍ နေလေသည်။ တသက်လုံး ဆိုင်းတီးလာရသဖြင့် အနားယူလိုသည်။ ဖြစ်နိုင်လျှင် အခြားအလုပ် တခုခုကို လုပ်၍ ပင်ပန်းလှသော ဆိုင်းကို စွန့်လိုသည်။

ထိုကြောင့် နမဖြစ်သူ ဒေါ်သိန်းရင်၊ ယောက်ဖဖြစ်သူ ဦးဘနှင့် တိုင်ပင်၍ ပွဲရုံထောင်ကာ ပွဲစားအလုပ်ကို စမ်းသပ် လုပ်ကိုင်လေသည်။ ဤအလုပ်မှာလည်း အကျိုးပေး၍ များစွာ စီးပွားဖြစ်ထွန်းခဲ့သည်။

သို့သော် နမဖြစ်သူကလည်း မထိန်းသိမ်းတတ်၊ အသုံးအဖြုန်းကကြီး၊ သားဖြစ်သူ ကိုညွှန့်လှိုင်ကလည်း အသုံးအဖြုန်း များလွန်းသဖြင့် စီးပွား တက်သင့်သလောက် မတက်ဘဲ ရှိနေလေသည်။ သို့သော် စားဝတ်နေရေး ချို့ငဲ့ခြင်းကား မရှိ၊ ရရစားစား ပျော်ပျော်ပါးပါးပင် နေရသည်။ ဟင်္သာတမြို့သည် တူရိယာဂီတကို အလွန် လိုက်စားသော မြို့ဖြစ်ရကား သာယာသော နွေရာသီ၏ ညများတွင် စု၍ တီးကြ မှုတ်ကြ သီဆိုကြရင်း အချိန်ကုန်လေသည်။

"ကျုပ်ညီ မောင်လှဖေဟာ ပတ္တလား လက်ကျမှာ ကျုပ်ထက် ကောင်းတယ်ဗျ" ဟု ဆရာကြီး ဦးဟန်ပက ပြောပါသည်။

"ဟင်္သာတ ဦးလှဖေ ဆိုတာ နာမည်တော့ ကြားဖူးပါတယ် ဘဘ" ဟု ကျွန်တော်က ပြန်၍ ပြောရပါသည်။ ဤတွင် ဦးလှဖေ၏ အကြောင်းကို ပန်တျာသုတေသန အရာရှိ သံလျင်မြဦး (ဦးမြဦး)နှင့် တခါက စပ်မိ၍ ပြောကြပုံကို ပြန်၍ သတိရမိပါသည်။ ဦးမြဦးက...

"ပတ္တလား လက်ကျမှာတော့ ဦးလှဖေလောက် ကောင်းတဲ့လူ ကျုပ်တခါမှ မတွေ့ဘူးသေးဘူး၊ ကျုပ်တို့ ခေတ်ဟောင်းတုန်းကပေါ့၊ ရန်ကုန်က စောင်း ကိုဘသန်းတို့၊ ဦးထွန်းဖေတို့၊ ကိုအလီတို့ တူရိယာဂီတသမားတွေ စုပြီး ဟင်္သာတကို သွားလည်ကြတယ်၊ ဦးလှဖေ ကိုယ်တိုင် ပတ္တလား ဝင်တီးပြီးရင် ဘယ်သူမှ ပတ္တလားကို ဝင်မကိုင်ရဲတော့ဘူး၊ ကိုဘသန်းတို့ ကိုယ်တိုင်ဘဲ စောင်းကိုတီး၊ တယောထိုးနဲ့ ပြန်လာခဲ့ကြရတာဘဲ"

"တခါတော့ဗျာ စုပြီး တီးနေကြရင်း ကျုပ်တို့ ရန်ကုန်က သီချင်းကြီး အဆိုတော် ကိုလှဖေပေါ့၊ ပတ္တလားသမား မရတဲ့ သီချင်းကို

ဆိုမယ်ဆိုပြီး မယ်လုပ် ရေးတဲ့ ထွန်းလင်းလျှံလက် ပတ်ပျိုးကို ဝင်ဆိုတယ်၊ ဦးလှဖေလဲ သီချင်းကို အိန္ဒြေမပျက် ကြိုတဲ့အခါ ကြိုလိုက်၊ နောက်ချန်တဲ့အခါ နောက်ချန်နေလိုက်နဲ့ အမှီလိုက်လာတာဘဲ... ၊ နားထောင်ကောင်းလိုက်တာဗျာ၊ သီချင်းလဲ ဆုံးသွားရော ပတ္တလားဆရာ ဦးလှဖေက ပြောတယ်"

'ခုနက မင်းဆိုတဲ့ သီချင်းကလေး တယ်ကောင်းသကွာ၊ ငါ ဒီတခါဘဲ ကြားဘူးသေးတယ်တဲ့' ကိုင်း ဘယ်လောက် အံ့ဩစရာ ကောင်းသလဲ" ဟု ဦးမြဦးက ပြောဘူးသည်ကို သတိရမိပါသည်။

သို့နှင့်ပင် ဦးဟန်ပတို့ မိသားစုသည် ဟင်္သာတတွင် စစ်ကြီး မဖြစ်မီက နေထိုင်ခဲ့ကြလေသည်။ စစ်ကြီး ဖြစ်လာသော အခါတွင် ပြေးကြလွှားကြနှင့် စီးပွားရေးလည်း ပျက်စီးခဲ့သည်။ သူတို့ နေထိုင်ရာ အိမ်များကိုလည်း ဗုန်းကျသဖြင့် ပြာကျခဲ့လေသည်။

စစ်ပြီးသောအခါ စီးပွားရေး အခြေအနေ မကောင်းသဖြင့် မိတ်ဟောင်းဆွေဟောင်း ဖြစ်သော ရွှေတောင် ဦးလူကလေးနှင့် ပြန်၍တွဲကာ ဆိုင်းတီးရပြန်လေသည်။ သို့သော် မကြာမီမှာပင် ဦးဘခိုင်က မင်းသား ရွှေကျီးညို ဇာတ်ကို ထောင်လေသည်။ ဦးဘခိုင်က ဆရာကြီး ဦးဟန်ပအား သူ့ကို ကူညီလိုက်ပါရန် တောင်းပန် သောကြောင့် ဦးဟန်ပသည် ဦးလူကလေးအား ကျေကျေနပ်နပ် ဖြစ်စေရန် ကြိုတင် အသိပေးပြီးမှ နုတ်ထွက်ကာ ရွှေကျီးညို ဇာတ်နှင့် လိုက်၍ အလုပ် လုပ်ပေးလေသည်။ ထိုစဉ်က ရွှေမန်းတင်မောင်က ဦးဘမောင်၏ ဆိုင်းနှင့် တွဲဖက်၍ နေလေသည်။

ထိုစဉ်က စာရေးဆရာကြီး ဦးစံခို (အလင်္ကာကျော်စွာ)၊ ပိဋကတ် ဦးဖေကြိုင်၊ လူရွှင်တော် ဦးဝိဇ္ဇာ၊ ဦးဂျော်ကာတို့နှင့် အတူ တွဲဖက် လုပ်ကိုင်ရင်း ခင်မင်ရင်းနှီး ခဲ့ရ၏။ ဦးဟန်ပသည် မိမိ၏ သားတပည့် ဦးဘခိုင်အား ကူညီသည့် အနေဖြင့် ဝင်၍ အလုပ် လုပ်ပေးခြင်း ဖြစ်ရာ ဆိုင်း၏ အင်အားက ကောင်းသဖြင့် အတော် အောင်မြင်လေသည်။ ကြည့်မြင်တိုင်က စကားဝါပင် လမ်းတွင်နေ၍ ထိုဇာတ်အဖွဲ့ကို တည်ထောင်ကာ နယ်ထွက်၍ ကပြခဲ့လေသည်။ ၁၉၄၉ ခုနှစ်လောက်တွင် အထက် မြန်မာနိုင်ငံသို့ ဇာတ်နှင့် ထွက်ခဲ့ကြလေသည်။

သီတင်းကျွတ်လတွင် ကျင်းပမြဲ ဖြစ်သော မကွေးမြို့ မြသလွန် ဘုရားပွဲတော်တွင် စ၍ ကကြရသည်။ မကွေးမှနေ၍ တပွဲပြီး တပွဲ ဆက်လက် ကပြသွားရာ မန္တလေး အရောက်တွင် ကရင်သူပုန်များ သောင်းကျန်းသော အချိန်နှင့် ကြုံကြိုက်သဖြင့် ရန်ကုန်သို့ မပြန်ရတော့ဘဲ မန္တလေးတွင် သောင်တင်ကာ ဒုက္ခဖြစ်၍ နေခဲ့လေသည်။ ထိုစဉ်က ပေါင်မြို့ ဘုန်းကြီးကျောင်းထဲ ဝင်၍ ခိုအောင်း နေရလေသည်။

ထိုသတင်းကို စိန်ဗေဒါ၏ တပည့် ကိုစိန်လှမောင်က ကြားသောအခါ ဆရာကြီး ဦးဟန်ပနှင့် ဇနီး ဒေါ်အုံးကြိုင်၊ သား မောင်သန်းဌေးတို့ကို စိန်လှမောင်က သူ နေအိမ်တွင် လာ၍ နေထိုင်ရန် ခေါ်လာ၏။ ဦးဟန်ပသည် မလိုက်လိုပဲ ငြင်း၏။ ကျန်သောလူများနှင့် အေးအတူ ပူအမျှ နေမည်။ ဒုက္ခ မရှာပါနှင့်ဟု ဆိုသည်။ အဖွဲ့သား အားလုံးကပင် ကျေကျေနပ်နပ် ခွင့်ပြုသည့်ပြင် ကိုစိန်လှမောင်ကလည်း မရမက တောင်းပန်သောကြောင့် လိုက်သွားရသည်။ ထိုစဉ်က ဒေါ်ကြိုင်တွင် သမီး မမြသန်းအား ကိုယ်ဝန်နှင့် ဖြစ်သည်။ စိန်လှမောင်

ကလည်း အစစ မပြိုငြင်ရအောင် စောင့်ရှောက် ပြုစုပါသည်။ ဆရာကြီးသည် သူ၏ တပည့်များအား သံယောဇဉ် ကြီးလှသဖြင့် နေ့တိုင်းပင် လာ၍ တွေ့ဆုံ စကားပြောသည်။

တလခန့် ကြာသောအခါ ကရင်သူပုန်များ ကင်းရှင်းသွားကာ အစိုးရ ပြန်ရောက်လာလေသည်။ ကသဲဝင်းနေ ဆိုင်းထောင်ဆရာ ဦးလှစိန်က သူ၏ သားကလေး ဝိုင်းတော်တီး စိန်တင်အောင် အနိစ္စ ရောက်သွားသဖြင့် ထိုဆိုင်းကို ခေါင်းဆောင်၍ တီးပေးပါရန် ဆရာကြီး ဦးဟန်ပအား လာ၍ ခေါ်လေသည်။ ထိုအခါ ဆရာကြီးသည် သူ၏ သဘောနှင့် မဆုံးဖြတ်ဘဲ ဦးလှစိန်အား "ကျုပ်ကိုကျုပ် မပိုင်ဘူး၊ ကျုပ်သားတပည့် မောင်ဘခိုင်ကို ပြောပါ။ သူသဘောတူယင် လုပ်တာပေါ့" ဟု ဆိုသဖြင့် ဦးလှစိန်က ဦးဘခိုင်ထံ လာ၍ ခွင့်တောင်းသည်။ ဦးဘခိုင်တို့ အဖွဲ့သား များမှာလည်း အခြေအနေ ကမောက်ကမ ဖြစ်နေသဖြင့် ဆက်လက်၍ အလုပ်လုပ်ရန် မဖြစ်တော့ဟု သဘောရကာ ပြန်လိုသူတို့ ပြန်ကြရန် ခွင့်လွှတ်လိုက်ရလေသည်။ ဦးဟန်ပ အနေဖြင့်မူ ဒေါ်အုံးကြိုင်၏ ကျန်းမာရေး အခြေအနေအရ မန္တလေးတွင် ဆက်လက်၍ နေပြီး အလုပ်လုပ်ရန် သင့်သည်ဟု ယူဆသောကြောင့် ဦးလှစိန်၏ အဘိယာစကကို လက်ခံရန် တိုက်တွန်းကြသည်။ သို့နှင့်ပင် ဦးဟန်ပသည် မန္တလေးတွင် ဆိုင်းတီးရပြန်လေသည်။

ထိုဆိုင်းအဖွဲ့တွင် ဦးဘခိုင်က မကြာမကြာ ဝင်၍ သီချင်း ဆိုပေးရ လေသည်။ ဦးဟန်ပသည် အများအားဖြင့် သူကိုယ်တိုင် ဆိုလေ့ရှိရာ ယခုမူ အသက်ကြီးလာသဖြင့် အပင်ပန်း မခံနိုင်တော့ချေ။

အခန်း ၈

# နိုင်ငံတော်ဆိုင်းအဖွဲ့ကို ဦးစီးရခြင်း

တခါသော် ထိုစဉ်က နိုင်ငံတော် ဝန်ကြီးချုပ် ဖြစ်သော ဦးနုသည် မန္တလေးသို့ ရောက်လာပြီး ဆရာကြီး ဦးဟန်ပနှင့် တွေ့ဆုံကာ မေးမြန်းပြောဆို လေသည်။ မကြာမီ နိုင်ငံတော် အစိုးရက ဆိုင်းအဖွဲ့ တခုကို ဖွဲ့မည်။ ကဇာတ် ဌာနတခု ထားမည်။ ထိုအဖွဲ့တွင် ဆရာကြီး ဦးဟန်ပ ကိုယ်တိုင် ကြီးကြပ် ဆောင်ရွက် စေလိုသည်ဟု ပြောသည်။

သို့နှင့် ၁၉၅၂ ခု ဒီဇင်ဘာလတွင် နိုင်ငံတော် အစိုးရက ဦးဟန်ပအား ခေါ်လေသည်။ ဦးဟန်ပက ဆိုင်းထောင်သူ ဦးလှစိန် တို့အား အကျိုးအကြောင်း ပြောပြသောအခါ ဆိုင်းထောင်သူ လင်မယားမှာ မျက်ရည်ကျကြသည်။ သူတို့၏ အဖွဲ့ ပျက်မည် စိုးသောကြောင့် ဦးဟန်ပအား မသွားစေချင်၊ ဦးဟန်ပကလည်း မိမိသဘောအရ ဆိုလျှင် ကတိအတိုင်း အလုပ်ဆက်လုပ်ပါမည်။ ယခုမူ နိုင်ငံတော် အစိုးရက ခေါ်သည်ကို မသွားလျှင် မကောင်းသောကြောင့် သွားရပါမည်ဟု အကြေအလည် ပြောပြသည်။

သို့သော်လည်း ဆိုင်းထောင်သူမှာ မကျေနပ်သဖြင့် သူ၏ အဖွဲ့ကို ပျက်အောင် လုပ်ရပါမည်လောဟု ဦးဟန်ပအား လက်ဖြတ် ပစ်မည်ဟု ဒေါသစကားဖြင့် ဦးဟန်ပ၏ မျက်ကွယ်တွင် ပြောကြား လေသည်။ ထိုအခါ ဟသ်ာတဇာတိ ဆိုင်းဆရာ ဦးပေကျူးခေါ်

စိန်ပေကျူးက သူ၏ တိုက်တွင် ဆရာကြီး ဦးဟန်ပအား ခေါ်၍ ထားလေသည်။ နောက်ဆုံးမှာမူ ဦးဟန်ပက စဘော်ယူ၍ ထားသော ငွေ ၁၆ဝဝ ကျပ်ကို တလလျှင် အတိုးနှုန်း သုံးကျပ်နှင့် ပြန်ဆပ်ရန် သဘောတူလေသည်။ ဆရာကြီး ဦးဟန်ပသည် ရန်ကုန် ရောက်ပြီးနောက် ထိုငွေကို ၁၆ လလောက် ဆက်၍ ဆပ်နေခဲ့ရလေသည်။

ဦးဟန်ပသည် ယဉ်ကျေးမှုဌာန ဝန်ကြီး ဦးထွန်းဖေ လက်ထက်တွင် ရန်ကုန်သို့ ရောက်ခြင်း ဖြစ်ပေသည်။ နိုင်ငံတော် ဆိုင်းအဖွဲ့ကို စုစည်း၍ ဖွဲ့ခဲ့လေသည်။ ထိုစဉ်က ရုံးမရှိသေး၊ ဆရာကြီး ဦးဟန်ပမှာ ကြည့်မြင်တိုင် ဈေးကလေး ဦးသိန်း၏ အိမ်သို့ သွား၍ နေသဖြင့် ထိုအိမ်တွင် စုကာ သီချင်းတိုက်ကြရသည်။ အကြောင်းရှိလျှင် ယဉ်ကျေးမှု ဌာနက ထိုအိမ်သို့ လာ၍ အကြောင်းကြားသည်။ သမတကြီးအိမ် ညှော့ခံပွဲ၊ အစိုးရ ညှော့ခံပွဲများတွင် လိုက်၍ ဆိုင်းတီးရသည်။ မကြာခဏလည်း အသံလွှင့်ရသည်။ ထိုစဉ်က ဆိုင်းအဖွဲ့ ဟူ၍ စိန်နွဲနှင့် စိန်ကုလား နှစ်ဦးလောက်သာ ရှိသေးသည်။ ဦးဟန်ပအား လစာရင်း ၂ဝဝ ကျပ် ရှားပါးစရိတ် ၉ဂ-၇၅ ပြားပေါင်းက ၁၉ဂ-၇၅ ပြားနှင့် အုပ်ချုပ်ခ ၁ဝဂ ပေးကာ နိုင်ငံတော် ဆိုင်းအဖွဲ့ အုပ်ချုပ်သူ အဖြစ် ခန့်ထားခဲ့သည်။ မြန်မာ့ဆိုင်းပညာ မြန်မာသီချင်းကြီးများကို ထုတ်ဖော်သည့် အနေဖြင့် မကြာခဏ အသံလွှင့်ခြင်း၊ ညှော့ခံပွဲများ တီးမှုတ်ဖျော်ဖြေခြင်း တို့ကို ဆောင်ရွက်ရသည်။

အလုပ်ဝင်ပြီး မကြာမီပင် ကျိုက္ကစံကွင်းတွင် ကျင်းပသော ပြည်တော်သာ ညီလာခံကြီးနှင့် ကြုံကြိုက်နေသဖြင့် ထိုညီလာခံကြီးတွင်

ညည့်ခံရသည်။ ပြည်တော်သာ ညီလာခံအကြောင်း သီချင်းများ ရေး၍ သီဆိုတီးမှုတ် ခဲ့ရသည်။

များမကြာမီ ပန်တျာကျောင်းကို ဖွင့်လှစ်သဖြင့် ပန်တျာကျောင်းတွင်လည်း နည်းနာနိဿယ ပြသပေးရန် မကြာခဏ သွားရလေသည်။ ဆရာကြီး ဦးဟန်ပသည် မန္တလေးမှ ရန်ကုန်သို့ ရွှေ့ပြောင်းလာခဲ့သောအခါ အသက် ၆၅ နှစ် ရှိလေပြီ။ ထိုအကြောင်းကို သူကိုယ်တိုင် အောက်ပါ တေးထပ်ဖြင့် မှတ်တမ်းတင်ထားလေသည်။

**ခြောက်ဆယ်ကျော် ငါးနှစ်၊**

**တရားမလစ် ရှုကာ၊**

**ပတ္တမြားအစစ် ဥပမာလို၊**

**အမြုတာ ပယ်ကင်း။**

**ဦးဟန်ပ သဘင်ဆရာအမော်မှာ၊**

**အလင်္ကာကျော်စွာ ဘွဲ့ထူးဂုဏ် အပ်နှင်း။**

**ပုဗ္ဗစ ကံဇာတာမှာ၊**

**ဖန်လာသည် မယွင်း။**

**မြန်မာပြည်နယ် အတွင်းမှာလ၊**

**တကယ်သတင်း မွှေးတာ၊**

**ငယ်စဉ်အခါ ဉာဏ်ရှာရေး၊**

**ထံတျာတေး တီးဆိုခဲ့တာ၊**

**သူ့အဘ မှင်ဆရာဟာ၊**

**သဘင်မှာ ကုန်သီလို့၊**

**ဂုဏ်ရှိတဲ့ အဘိုးအေ၊**

**မန်းမြို့ပေပေ၊**

**ရွာစားမျိုး ပျက်မသွေအောင်၊**

**ဆက်အခြေ ခန့်ထားတယ်ပလေး။ ။**

ဆရာကြီး ဦးဟန်ပအား နိုင်ငံတော် အစိုးရက အလင်္ကာကျော်စွာ ဘွဲ့ကို ပေးအပ်လေသည်။

၁၉၅၄ ခုနှစ်တွင် ဝင်ဒါမီယာ ဝင်းထဲရှိ ဝန်ကြီး ဦးဝင်း၏ အိမ်တွင် စု၍ ရုံးတက်ကြရလေသည်။ ထိုအခါတွင် နိုင်ငံတော် ဆိုင်းအဖွဲ့သာမက နိုင်ငံတော် ဇာတ်အဖွဲ့ကိုလည်း စတင် ဖွဲ့စည်းခဲ့သည်။ မင်းသား ကိုစိန်ဟန်၊ မင်းသမီး ခင်ဝင်းရွှေ၊ လူရွှင်တော် ဦးရွှေဒင်္ဂါး၊ ဦးဘခိုင်တို့ တွဲ၍ ဇာတ်တိုက်ကြရ၏။ ရှေးဦးစွာ ကရသော ဇာတ်ထုပ်မှာ ဝိဇယဇာတ်ထုပ် ဖြစ်လေသည်။

ဆရာမကြီး ဒေါ်စောမြအေးကြည်၊ အဆိုတော် ဒေါ်ကြည်အောင်၊ မင်းသား ဦးအောင်ငြိမ်း၊ ယိုးဒယား ဦးအောင်သန်း၊

မင်းသမီး စိန်ဟန်တင်တို့အား ခေါ်၍ အသင်ခိုင်း၏။ ထိုပညာရှင်များအား ဉာဏ်ပူဇော်ခ ချီးမြှင့်ရ၏။

ထိုအခါကပင်လျှင် ပန်တျာမူမှန် ပြုလုပ်ရေးအတွက် အထက်အောက်မြန်မာနိုင်ငံမှ ဂီတပညာရှင်များကို အစိုးရက ဖိတ်ကြား၍ အစည်းအဝေး ကျင်းပလေသည်။ ထိုအစည်းအဝေးတွင် ထံတျာတေရှင် သီချင်းမှအစ ပန်တျာကျောင်းများတွင် သင်ကြားရန်အတွက် သင်ရိုးသီချင်းများကို ဆွေးနွေး ဆုံးဖြတ်ကြရသည်။ ကမကထ ပြု၍ ဆောင်ရွက်ရသူများမှာ ယဉ်ကျေးမှု အထက်တန်း အရာရှိ ဦးမြဦး (သံလျင်မြဦး) နှင့် စောင်းဦးဘသန်းတို့ ဖြစ်ကြလေသည်။

ထိုအဖွဲ့တွင် သီချင်းဂီတကို တတ်ကျွမ်းသူများသာမက စာပေနှံ့စပ် ကျွမ်းကျင်သူ ပညာရှိကြီးများကိုလည်း ဖိတ်ခေါ်၍ ဆွေးနွေးခဲ့လေသည်။ ထိုအဖွဲ့မှာ ပျော်စရာလည်း ကောင်း၍ စိတ်ပျက်စရာလည်း ကောင်းလေသည်။ ဂီတဝိသောဓနီကျမ်း၊ ဦးပြုံးချို၏ မဟာဂီတပေါင်းချုပ်၊ သူရိယတိုက်ထုတ် မဟာဂီတအသစ်၊ ဆရာမြိုင်၏ ရွှေနန်းထွက် မဟာဂီတ စာအုပ်များမှ စာသားများကို ရွေးချယ်စိစစ်၍ နှစ်သက်ရာကို လက်ခံယူရုံသာ ရှိလေသည်။ စည်းဝါးသံကျများကို စနစ်တကျ စစ်ဆေးခြင်း၊ တည်းဖြတ်ခြင်း မပြုခဲ့ရချေ။ စည်းဝါးအကြောင်းကို စ၍ ဆွေးနွေးလျှင်ပင် ပညာရှင်ကြီးများ ရန်ဖြစ်ကုန် ကြတော့သဖြင့် ထိုအကြောင်းကို မဆွေးနွေးခဲ့ရတော့ချေ။ ထိုဂျူဗလီဟော အစည်းအဝေးနှင့် စပ်လျဉ်း၍ ဦးဟန်ပသည် အောက်ပါ တေးထပ်ဖြင့် မှတ်တမ်းတင်ထားလေသည်။

ဂျူဗလီ ရုံဟော၊

ဆုံနှော၍ ကြွလာ၊

တေးဂီတ သဘင်အရာမှာ၊

စင်ကြယ်စွာ စစ်ဆေး၊

ဆိုအတီး စည်းဝါးပိုင်အောင်၊

နည်းခိုင်ခိုင် စွဲမှတ်လို့ပေး။

မူစနစ် သေချာအောင်၊

ဖွေရှာကာ စာရေး။

ပညာရှင်ခေါ် ပဂေးတို့၊

မျှော်တွေး၍ စီမံ။

ဂီတသံ စာမလွဲ၊

ကမ္ဘာမြဲ တည်ကြစေရန်။

ကြိုးဘွဲ့နှင့် သီချင်းခံ၊

မယွင်းရန် မှတ်ကိုးလို့၊

ပတ်ပျိုးနဲ့ တလိုင်းနယ်၊

တီးကြသွယ်သွယ်။

**ယိုးဒယား ဘောလယ်မှာ၊**

**ပြောဘွယ်ရာ ရှိဘူးပလေး။ ။**

ဆရာကြီး ဦးဟန်ပနှင့် စကားပြောနေရသည်မှာ ကြာပြီဖြစ်၍ ငြီးငွေ့လာသည်လည်း တကြောင်း၊ လူမမာဖြစ်သော ဆရာကြီးကိုလည်း ရွှင်လန်းလာအောင် လုပ်လိုသည် တကြောင်းတို့ကြောင့် ဤတွင် ကျွန်တော်သည် အရွှန်းကလေး ဖောက်ရန် စိတ်ကူး ရလာသဖြင့်-

"ဘဘ အဲဒီတုန်းက အရက်မူးတယ်ဆို" ဟု မေးလိုက်ရာ ဆရာကြီးသည် ရှက်ကိုး ရှက်ကန်း ပြုံးစိစိနှင့်

"ဟာ... ဘယ်သူက ပြောတုန်း ကိုယ်ရင်ရ" ဟု ပြန်မေးပါသည်။ ထို့နောက် ဆရာကြီးက

"ကိုဘာသန်းပေ့ါဗျ၊ အတော် ဆိုးတဲ့လူ" ဟု ဝန်ခံ ပြောပါတော့သည်။ ကျွန်တော်ကလည်း ဆက်လက် နားထောင်လိုသဖြင့်

"အဲဒီ အကြောင်းလေး ပြောစမ်းပါအုံး ဘဘရယ်" ဟု တောင်းပန်လိုက်ပါသည်။ ထိုအခါ ဆရာကြီးက "ကိုယ်ရင်က စာထဲ ထည့်ရေးမလို့လား၊ ကိုယ်ရင်တို့ စာရေးဆရာတွေဟာ သိပ်စိတ်မချရဘူး" ဟု ကျွန်တော့်အား ပြန်၍ ခနဲ့ပါသည်။ ထိုနောက် ဆရာကြီးက ဆက်၍-

"အဲဒီနေ့က 'သာယာသာယာ မည်လေကြွေး' ဆိုတဲ့ သီချင်းကို ဆွေးနွေးတဲ့ နေ့ပေါ့ဗျ၊ ကျုပ်နဲ့ ကိုချစ်မောင်နဲ့ ကိုဘသန်းတို့က ကျုပ်တို့ ကြိုက်တဲ့မူကို ဆွေးနွေး ညှိနိူင်းပြီး ကိုဘသန်း ကိုယ်တိုင် ပတ္တလား တီးပြီး အသံသွင်းထားတယ်၊ ပြီးတော့လဲ အများသုံးနေတဲ့ မူတမူကို တခါထပ်ပြီး သွင်းထားတယ်၊ နှစ်မျိုးစလုံးကို အဖွဲ့မှာ တင်ပြတယ်။ ကျုပ်တို့ မူကတော့ ဒုံးကိုက်တဲ့ မူပေါ့၊ ကျန်တဲ့မူကတော့ ဒေါ်စောမြအေးကြည်တို့ အသုံးများတဲ့ မူပေါ့၊ အစည်းအဝေးမှာ အဲဒီနှစ်မျိုးကိုလဲ တင်ပြရော တဖက်နဲ့ တဖက် အဆင်မပြေ ဖြစ်ကြပြီး ကြားလူများ ဖြန်ဖြေလို့ ကျုပ်တို့က အလျှော့ပေးခဲ့ပါတယ်။

"အစည်းအဝေးက ပြန်လာတော့ ကိုဘသန်းရဲ့ ကားနဲ့ပေါ့၊ သုံးယောက်သား စကား မပြောနိုင်ဘူး၊ ကိုချစ်မောင် အိမ်လဲ ရောက်ကရော၊ ကိုင်း သောက်ပါအုံး ဆိုပြီး ကျုပ်ကို အရက်တိုက်တယ်၊ ကျုပ်ကလဲ လည်ပင်းမှာ ပုတီးကြီး ရှိတယ်လို့ ပြလိုက်တယ်၊ ဒီအခါ ကိုဘသန်းက ဒါဟာ အရက် မဟုတ်ပါဘူး၊ ဘီယာပါ၊ ဘီယာဆိုတာ မမူးပါဘူး၊ ဆီးကောင်းတယ်၊ ရင်ရှင်းတယ်၊ လက်ဖက်ရည်ကြမ်း လိုဘဲ သောက်ပါဆိုပြီး တိုက်တယ်၊ ကျုပ်ကလဲ အဟုတ် ယုံကြည်တာကိုး၊ အဲဒီ တခွက်လုံးကို သောက်ချလိုက်တယ်၊ လက်စသတ်တော့ ဘီယာထဲကို ဘရန်ဒီတွေ ရောပေးထားတာကိုး၊ နောက်တခွက် သောက်ပါအုံးဆို တခါပေး၊ ကျုပ်ကလဲ တခါသောက်နဲ့ စင်စစ်တော့ သူတို့လဲ စိတ်ညစ်ညစ်နဲ့ ထင်ရာ လျှောက်လုပ်ကြ ထင်ပါရဲ့၊ ကဲ သုံးယောက်စလုံး မူးကုန်တာပေါ့၊ ဒေါ်အောင်ကြည်က အပြင်က ပြန်လာလို့ တွေ့တော့၊ အို ရှင်တို့ ဘယ်နယ် လုပ်ကြတာလဲ ဆိုပြီး အပြစ်တင်တယ်၊ ကိုချစ်မောင်က လက်ကာပြီး မအော့ အသာနေပါဗျာလို့

ပြောတယ်။

"ကျုပ်ကို ကိုဘသန်းက ကားနဲ့ လိုက်ပို့တယ်၊ ကျုပ်လဲ ထမီမနိုင် ပုဝါမနိုင်ဘဲ၊ အိမ်လဲရောက်ရော အိမ်က လူတွေက ကိုဘသန်းကို ဝိုင်းရန်တွေ့ကြတာပေါ့၊ ကိုဘသန်းလဲ တခါထဲ လစ်ပြေးတော့တာဘဲ" ဟု ဆရာကြီးသည် ပြောလည်းပြော ရယ်လည်းရယ်၊ မျက်ရည်များပင် ထွက်လာသည်အထိ ရွှင်လန်းသွားပါသည်။ ကျွန်တော်တို့မှာလည်း ဝိုင်း၍ ရယ်မောကြရပါသည်။

သို့နှင့်ပင် ဆရာကြီးအား ထမင်းကျွေးချိန် ရောက်သဖြင့် ပန်းကန်နှင့် ထည့်၍ ဇွန်းတပ်ပြီး ယူလာသည်။ ဆရာကြီးသည် ထမင်းပန်းကန်ကို ရှေ့ခုံတွင် ချ၍ သန်မာသော ဘယ်ဖက် လက်တဖက်ဖြင့် ဇွန်းကိုကိုင်ကာ ကော်၍ စားပါသည်။

"စားလို့ ကောင်းသလား ဘဘ" ဟု မေးသောအခါ၊ "စားလို့သာ စားနေရ၊ မကောင်းပါဘူးဗျာ" ဟု ပြောပါသည်။ ဆရာကြီးအား လေဖြတ်ခဲ့သည်မှာ အတော်ပင် ကြာခဲ့ပြီ။ မင်္ဂလာဒုံ ဆေးရုံက အပြုအစု ကောင်း၍သာ အသက်ပြန်ရှင် လာခဲ့သည်။ အသက်ပင် ရှင်လာစေကာမူ လူကား ယခင်ကလို မကောင်းတော့ချေ။ လက်ျာဖက် တခြမ်းလုံး လေဖြတ်ထားသဖြင့် မထနိုင် မရွေ့နိုင် အမြဲထိုင်ကာ အိပ်ကာပင် နေရသည်။ ကျွန်တော်တို့ ရောက်သောအခါတွင် မလှုပ်နိုင်သော လက်ျာဖက်လက်မှာ နာပြီး ယိချင်သလိုပင် ဖြစ်၍နေချေပြီ။

"စားလို့လဲ မကောင်း၊ အိပ်လို့လဲ မကောင်း၊ နေလို့လဲ မကောင်း၊ နေလဲ မနေချင်တော့ပါဘူးဗျာ၊ သေချင်ပြီ၊ သေလဲ မသေနိုင်ဘူး"

ဟု ဆရာကြီးက ဝမ်းနည်းစကား ပြောပါသည်။ ကျွန်တော်တို့ကလည်း ဝိုင်း၍ အားပေးစကား ပြောသာပြောရသည်။ သို့သော် မရှိလှပါ၊ သို့နှင့်ပင် ဆရာကြီး၏ အကြောင်းကို စကားဆက်ကြရ ပြန်ပါသည်။

များမကြာမီပင် ၁၉၅၆ ခုနှစ်တွင် ကမ္ဘာအေးပွဲတော် ဆဋ္ဌသံဂါယနာတင် ကိစ္စ ပေါ်လာလေသည်။ ထိုပွဲတွင်လည်း နိုင်ငံတော် ဆိုင်းအဖွဲ့သည် ပါဝင်ခဲ့ရလေသည်။ သံဂါယနာပွဲ အကြောင်းကိုလည်း ဆရာကြီးသည် ရှေးကြိုးသီချင်း အလိုက်ကို စာသားသွင်းကာ သီချင်းရေး၍ သီဆိုတီးမှုတ်ခဲ့သည်။

အခန်း ၉

# တိုင်းတပါးသို့ ကဇာတ်အဖွဲ့နှင့် သွားရောက်ခြင်း

၁၉၅၅ ခုနှစ် စက်တဘ်ာ လတွင် နိုင်ငံတော် ဆိုင်းအဖွဲ့ တဖွဲ့လုံးနှင့် အကပညာရှင်များ ယိုးဒယားသို့ သွားရာ ဦးဟန်ပလည်း ပါယင်လေသည်။ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့ ရောက်၍ "တမာဆတ်" အရပ်က အထက်တန်းကျောင်းတွင် တည်းခိုရသည်။ အနေအထိုင် အစားအသောက် အလွန် ဂရုစိုက်လေသည်။

လုမ္ဗဏီ ဥယျာဉ် ပန်းခြံထဲတွင် လူထုပွဲအဖြစ် သုံးပွဲ ကပြရသည်။ ဘုရင့် ဆွေတော် မျိုးတော်များအား သီးသန့် အထူးပွဲ နှစ်ပွဲ ကပြရလေသည်။ ပွဲတိုင်းတွင်ပင် ထိုနိုင်ငံ၏ ခေါင်းဆောင်ကြီးများက ဆရာကြီး ဦးဟန်ပအား အံ့သြ ချီးကျူး မေးမြန်းကြသည်။ အသက် အကြီးဆုံး ပညာရှင်ကြီး ဖြစ်၍ ကျန်းမာပါစေ၊ အသက်ရှည်ပါစေဟု ဆုတောင်းစကား ပြောကြလေသည်။ ဦးဟန်ပသည် နိုင်ငံခြားသားများနှင့် ဆက်ဆံရာတွင် လူမှုရေး ယဉ်ကျေးမှုကို အထူး မပြောရဘဲနှင့် နားလည် တတ်သိ လေသည်။

"တောင်ယာသူများ၊ ရေခပ်သွား၊ ရည်းစားကိုယ်စီ၊ ပါခဲ့ပြီ" စသော ထားဝယ် ဒိန်းသီချင်းမျိုးကို မကြာခဏ တီးပြရာ သူတို့ လွန်စွာ သဘောကျကြ လေသည်။ ယိုးဒယားသံ ခပ်ဝဲဝဲကလေး ပါသဖြင့်

သူတို့နှင့် တူသည်ဟု နှစ်သက်ကြသည်။ ယိုးဒယားတွင် တနင်္ဂနွေ နှစ်ပတ်ခန့်သာ ကြာခဲ့၍ ပြန်လာကြလေသည်။

၁၉၅၅ ခု အောက်တိုဘာ လတွင် တရုပ်နိုင်ငံသို့ ချစ်ကြည်ရေး မိတ်ဆက်အဖွဲ့ အဖြစ် သွားရပြန်လေသည်။ မသွားမီ ဝန်ကြီးဦးဝင်း အိမ်ဝင်းထဲရှိ တဲကြီး အတွင်းဝယ် လူရွှင်တော်များ၏ သဘော သဘောဝတ္ထုကို၄င်း၊ မင်းသား ဦးစိန်ကတုံး၏ ဆိုနည်း ဆိုဟန် ကနည်း ကဟန်များကို ၄င်း ဦးဟန်ပက သင်ပြရလေသည်။

တရုပ်နိုင်ငံ၏ ဧည့်ခံပွဲများတွင် ဦးစိန်ကတုံး၏ ကကြိုးများကို ဧည့်ခံတီး တီးလေ့ ရှိလေသည်။ အထူးထူး ပတ်ပျိုးမှ 'တခိုင်လုံးရွှေ' တီးကွက်ဆန်း၊ ခိုင်ပန်းစုံ၊ ဒိုးဒယား သီချင်းတီးကွက်၊ ရွှေတညာ သီချင်း တီးကွက်များကို အများအားဖြင့် ခပ်ဆတ်ဆတ် ကလေး ချွင်ချပ်လုပ်၍ တီးရ၏။ နဲကို တရုပ်နဲသံ ယောင်ယောင် ဝဲ၍ မှုတ်ရလေသည်။ တရုပ်တို့ အလွန် နှစ်သက်ကြသည်ဟု ဆိုပါသည်။

ဤမျှလောက် အသက်ကြီးလျက်နှင့် ပုံများကို မြည်လည်း မြည်၍ မြန်လည်း မြန်မြန် တီးနိုင်သဖြင့် အံ့သြ ချီးကျူးကြသည်။ ဝန်ကြီးချုပ် ချူအင်လိုင်းကမူ ဆရာကြီး ဦးဟန်ပအား အလွန် ခင်မင်လေးစား၏။ ကိုယ်တိုင် တွဲ၍ ၄င်း၊ အစားအစာ ကျွေးမွေး၍ ၄င်း ပြုစုသည်။ ကျန်းမာပါစေ၊ အသက်ရှည်ပါစေ၊ နောက်တခေါက် လာနိုင်ပါစေဟု အမြဲ ဆုတောင်းသည်။

"နိုင်ငံခြား သွားတဲ့ အခါတိုင်းမှာ ကျွန်တော်ဟာ ဘဘရဲ့ အပါးတော်မြဲဘဲ ခင်ဗျ။ ဘဘဟာ ဘယ်ကိုဘဲ ရောက်ရောက် ဘုရားဝတ် မပျက် ပုတီးစိတ် ငါးပါးသီလ မြဲအောင် ထိန်းတယ်၊ အရက်ဆို လုံးလုံး

မသောက်ဘူး" ဟု ဦးဘခိုင်က ပြောပါသည်။ ဦးဘခိုင်ကပင် ဆက်၍ "အံ့ဩစရာ ကောင်းတာက ဘဘဟာ ဘယ်နိုင်ငံ ရောက်ရောက် မကျန်းမမာ မဖြစ်ဘူး၊ ဆေးတလုံး မထိုးရဘူး၊ ဆရာမောင် ဆေးနီလုံး၊ ငန်းဆေး၊ လျှာပွတ်ဆေး ဆိုတဲ့ မြန်မာဆေးတွေကို အမြဲ ဆောင်သွားတယ်၊ အစားအစာကို သင့်တင့်ရုံ မြိန်ခြိမ်စားတယ်" ဟု ထပ်လောင်း၍ ပြောပါသည်။ ဤမျှ အသက်ကြီးသော ပုဂ္ဂိုလ်ကြီးကို အလွန် အေးလှသည့် နိုင်ငံခြားသို့ လွှတ်ရာ၌ ဘာမျှမဖြစ်ဘူးဟု ကြားရသည်မှာ အံ့ဩစရာပင် ဖြစ်ပါသည်။

၁၉၅၆ ခု၊ နိုဝင်ဘာလတွင် ဆိုဗီယက် ဆိုရှယ်လစ် သမတနိုင်ငံနှင့် ယူဂိုစလာဗီယား နိုင်ငံတို့သို့ သွားရလေသည်။ အိန္ဒိယနိုင်ငံ ကလကတ္တားမြို့၊ ပါကစ္စတန် ကရာချိမြို့များတွင် နား၍ အီတလီ၊ အီဂျစ်၊ ပောလ်လန်နိုင်ငံ တို့သို့ ဆက်၍ လေယာဉ်နှင့် သွားရလေသည်။ ချက်ကိုစလိုဗေကီးယား နိုင်ငံ ပရာဟာမြို့သို့ ရောက်သောအခါ ဆိုဗီယက် နိုင်ငံမှ လေယာဉ်ပျံက လာ၍ခေါ်ရာ မော်စကိုမြို့သို့ ရောက်၏။ ကက်နက်စိန်၊ စိန်အောင်မင်း၊ ရွှေမန်းတင်မောင်တို့ ပါလာကြ၏။

ဆိုဗီယက် လေယာဉ်နှင့် အသွားတွင် ရာသီဥတု ဆိုးသဖြင့် အတော် မူးဝေကြသည်။ မော်စကိုသို့ ရောက်၍ နောက်တနေ့ ညှော့ခံပွဲ ရှိလေရာ 'ရှိရှိုးဂါး'ခေါ် အဘနိုင်ငံတော် သီချင်း ဓာတ်ပြားကို ယူလာ၍ ဤ သီချင်းကို တီး၍ ဖြစ်နိုင်ပါမည်လော မေး၏။ ဦးဟန်ပက ဖြစ်နိုင်ပါသည်ဟု ပြော၍ ဦးဘခိုင်က သီဆိုကာ သီချင်း ကြောင်းပေးရာ အဆင်ပြေသွား၏။

ညတွင် ထိုသီချင်းကို တီးပြသောအခါ အားလုံး အံ့သြချီးကျူးကြ၏။ သင်္ကေတ အမှတ်အသား မရှိ နည်းပြသူ (Conductor) မပါဘဲနှင့် မည်ကဲ့သို့ သီချင်းကို မှတ်သနည်းဟု မေးသောအခါ ဦးဟန်ပက နား (Ear notes) နှင့် မှတ်သည်ဟု ဖြေရာ အလွန်ချီးကျူးကြလေသည်။ သံရုံး အရာရှိ မစ္စတာ မာကဲရော က ကျေနပ်ဝမ်းသာစွာဖြင့် ကျေးဇူးတင်ကြောင်း ပြောလေသည်။

တနေ့သောအခါ ဧည့်ခံပွဲ တခုတွင် စိန်အောင်မင်း ထွက်ရန်အလှည့်၌ အချိန်ကပ်နေသောကြောင့် အဝတ်အစားများ ဆင်မြန်း၍ မပြီးဘဲ ရှိနေရာ မထွက်ဘဲ ဆိုင်းနေလျှင် အရုပ်ဆိုးမည်ဖြစ်သောကြောင့် အဝတ်အစား ဝတ်ပြီးသော ကက်နက်စိန်က ကားကြားမှ နေ၍ ဆိုင်းတီးနေသော ဦးဟန်ပအား လက်ဟန်ခြေဟန်နှင့် လေးကင်းတီးရန် ပြရာ ဦးဟန်ပသည် 'ဖောင်ဒူး ဖောင်ထီ' ဆိုပြီးလျှင် လေးကင်းကို တီးလိုက်သည်။ ကက်နက်စိန်သည် လေးကို ကိုင်ကာ ထွက်လာသည်။ တောထဲတွင် သားသမင်ကို ရှာပုံ ချောင်းပုံ ပစ်ပုံ စသည်များကို ဘဲလေးဆံဆံ ဟန်နှင့် ကပြရာ နိုင်ငံခြားသားများ အထူးသဘောကျကြသော ဟူ၏။

ပွဲပြီးလျှင် ဝန်ကြီး ဦးထွန်းတင်က ချီးကျူးစကားပြောလေသည်။ ထိုသို့ အချိန်မရသဖြင့် အစီအစဉ်ထဲ မပါဘဲလျက် တခ်ဏုပ္ပတ္တိဉာဏ် သုံးကာ ဖန်တီးလိုက်ပုံမှာ အလွန် အဆင်ပြေ၍ ကောင်းမွန်သွားကြောင်းကို ပြောလေသည်။

ထိုနောက် ယူဂိုစလပ်ဗီးယား နိုင်ငံသို့ ဆက်၍ သွားလေသည်။

ယူဂိုစလပ်ဗီးယား နိုင်ငံ ဗဲလဂရိတ် မြို့နှင့် ဇာဂရက် မြို့များတွင် လက်ဆောင်များကို စုပုံ၍ ခြီးမြှင့်ခံကြရလေသည်။ ကြိုက်တာကို ယူပါဟု ဆိုသည်။ ဆရာကြီး ဦးဟန်ပကမူ သွား၍ မယူဘဲ ထိုင်နေသည်။ အားလုံး ယူပြီးလို့ ကျန်တာဟာ ငါ့ဟာပေါ့ကွာဟု ဆိုသည်။ ဦးဘခိုင်က ဆရာကြီးအတွက် ပစ္စည်းများကို သွား၍ ယူပေးရသည်။

သမတကြီး မာရှယ်တီးတိုးက ဆရာကြီး ဦးဟန်ပအား အလွန် ခင်မင်လေးစားသည်။ တွေ့သော နေရာတိုင်းတွင် ဂရုတစိုက် ယုယုယယ ပြုစုလုပ်ကိုင်၍ ပေးသည်။ ဦးဟန်ပ၏ ကျန်းမာရေးကို အထူး ဂရုစိုက် ပြုစုစောင့်ရှောက်ရန် ဝန်ကြီး ဦးထွန်းတင်အား မှာကြားသည်။

ရုရှနိုင်ငံ တပ်ရှကင့် မြို့၌ ကနေစဉ် ကိုင်ရိုမြို့ကို အင်္ဂလိပ်က ပုံးကြဲသဖြင့် စူအက်တူးမြောင်း တဝိုက်တွင် နိုင်ငံရေး အခြေအနေ ကမောက်ကမ ဖြစ်နေသောကြောင့် လေလမ်းများ ပိတ်သွားလေသည်။ ထိုစဉ်တွင် ယဉ်ကျေးမှု အဖွဲ့၌ ပါလာကြသော သူ အချို့တို့သည် ငိုသူက ငိုကုန်ကြတော့သည်။ အကြောင်း အမျိုးမျိုးနှင့် နောက်ဆံတင်းကာ ပြန်ချင်ကြသည်။ သို့နှင့် သင်္ဘောနှင့် ပြန်ပို့ပေးရန် ဝန်ကြီးအား အရေးဆိုမည်ဟု အချင်းချင်း ခေါင်းချင်း ရိုက်နေကြသည်။ ထိုအခါ ဆရာကြီး ဦးဟန်ပက-

"ငါ့သားတို့၊ အဘဟာ ဘာပညာမှ မတတ်ဘူး၊ ဆိုင်းကလေး တီးတတ်တာနဲ့ အစိုးရရဲ့ ကျေးဇူးကြောင့် ဒီလိုနေရာမျိုးတွေကို ရောက်လာရတယ်၊ အဘဟာ အသက် အကြီးဆုံးပါ၊ သတ္တဝါတစ်ခု ကံတခု ဆိုတာလို ကံဖန်တီးသလို ခံကြရတာပေါ့၊ အဲ ရတနာသုံးပါး

ဆရာ မိဘ ဂုဏ်ကျေးဇူးကြောင့် ကောင်းတဲ့အမှုဟာ ဖြစ်ပေါ်လာမှာပေါ့၊ မပူဆာကြပါနှင့်" ဟု ဖြောင်းဖြ ပြောဆိုလေသည်။ မကြာမီပင် အခြေအနေ ကောင်းသွားသဖြင့် ဆိုဗီယက် နိုင်ငံမှတဆင့် ယူဂိုစလားဗီးယား နိုင်ငံသို့ ကူးကာ ဗဲလဂရိတ်နှင့် ဇာဂရက် မြို့များ၌ ကပြခဲ့ရလေသည်။ ထိုမှ ရုရှလေယာဉ်ဖြင့် မော်စကိုမြို့သို့ ပြန်လာခဲ့သည်။ မော်စကိုမှတဆင့် တပ်ရှကင့်မြို့သို့ ကူးလာကာ တပ်ရှကင့်မှ မြန်မာနိုင်ငံသို့ တိုက်ရိုက် ပြန်လာခဲ့ရလေသည်။

၁၉၅၆ ခု နိုဝင်ဘာလမှ စ၍ ထွက်သွားရာ ၁၉၅၇ ခု ဇန္နဝါရီလ အတွင်းမှာမှ ပြန်ရောက်လေသည်။ နှစ်လခွဲခန့် ကြာလေသည်။ အေးသော ရာသီဉတုတွင် အေးသော နိုင်ငံများသို့ သွားရသောအခါ ကျန်းမာရေးအတွက် များစွာ သတိထားဖို့ လိုအပ်လေသည်။ ထို့ထက် ဦးဟန်ပ အဖို့ အသက်ကြီးသူ ဖြစ်သဖြင့် သာ၍ပင် ဂရုစိုက်ဖို့ လိုလေသည်။ သို့သော် ဆရာကြီး ဦးဟန်ပမှာ အထူးအထွေ နေမကောင်း ထိုင်မသာ မဖြစ်ချေ။ ကုသိုလ်ကံ ကောင်းသည်ဟုပင် ဆိုရပေမည်။ ရောက်လေရာ အရပ်တိုင်းတွင် ဆရာကြီးသည် အနေအထိုင် အစားအသောက်ကို ဂရုစိုက်လေသည်။

အသက်ကြီးသဖြင့် နောင်တွင် နိုင်ငံခြားသို့ မလွှတ်တော့ချေ။ သို့နှင့် ဖဆပလ အဖွဲ့ ကွဲကြကာ အစိုးရလည်း ကမောက်ကမ ဖြစ်ပြီး ဦးဟန်ပအား အသက်ကြီးသဖြင့် ရာထူးမှ ဖြုတ်လိုက်လေသည်။ ထောက်ပံ့ကြေးလည်း မရသဖြင့် များစွာ စိတ်မကောင်း ဖြစ်၏။ တပည့်များက စု၍ တီးဝိုင်းဖွဲ့ကာ ဗမာ့အသံမှ ၄င်း၊ တွဲဖက် အသံလွှင့်ဌာနမှ ၄င်း သီချင်းကြီး အသံလွှင့်ရာ တလလျှင် ၁၅ဝ လောက် ရလေသည်။ ထို့ပြင် တပည့်များက တယောက်လျှင် ၁ဝ၊ ၁၅ စသည်ဖြင့် လစဉ်ကြေး ကောက်ကာ ငွေ ၁ဂဝ လောက် စု၍

ပေးကြသဖြင့် ဆရာကြီးမှာ တလလျှင် ငွေ ၂၅ဝ လောက် ရသဖြင့် အသင့်အတင့် နေသာထိုင်သာ ရှိသွားလေသည်။

ပထစ အစိုးရ တက်လာသောအခါ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနအား ဦးဘခိုင်တို့က သွား၍ ပြောပြလေသည်။ ထိုအခါ ဦးနက ဆရာကြီးအတွက် ဆိုင်းထောင်ပေးမည်ဟု ပြောပြလေသည်။ သို့သော်လည်း ဆရာကြီးက အသက်ကြီး၍ မတီးနိုင်တော့ကြောင်း အကြောင်းပြန်လိုက်သဖြင့် ထိုကိစ္စမှာ မတင်မကျ ဖြစ်သွားလေသည်။

များမကြာမီ ပါလီမန် အတွင်းဝန် ဦးသန်းစိန်က ဦးဟန်ပအား ပန်တျာကျောင်းတွင် တလလျှင် ဆယ်ကြိမ် သွားရောက်၍ နည်းပြရန် တကြိမ်လျှင် ၂၀ ကျပ်ဖြင့် တလလျှင် ငွေ ၂၀ဝ ထုတ်ယူနိုင်ရန်ကို လာ၍ ပြောလေသည်။ ထိုအစီအစဉ်ကို ဆရာကြီးက လက်မခံချေ။

ထိုစဉ်က ဇာတ်မင်းသား တိုင်းချစ်သန်းစိန်နှင့် တွဲဖက်နေသော အလင်္ကာကျော်စွာ ဦးဘမောင်က ဆရာကြီးအား ခေါ်သဖြင့် ထိုအဖွဲ့ကို ခေါင်းဆောင်သည့် ဦးကြင်နှင့် တိုင်ပင်ကာ တလလျှင် ၅၀ဝ ကျပ်နှင့် သဘောတူကာ လက်ခံလိုက်လေသည်။ ထိုအခါတွင် ဆရာကြီးက တပည့်များအား ထောက်ပံ့ကြေး မကောက်ကြနှင့်တော့ဟု ပြောလေသည်။

ဤသို့ဖြင့် တိုင်းချစ်သန်းစိန် ဇာတ်တွင် အလင်္ကာကျော်စွာ ဦးဟန်ပနှင့် အလင်္ကာကျော်စွာ ဦးဘမောင်တို့ တွဲ၍ ပါဝင် ဆောင်ရွက်ကြရာ ပရိသတ်တို့ များစွာ စိတ်ဝင်စားကြလေသည်။ သို့နှင့် တိုင်းချစ်သန်းစိန် ဇာတ်ထဲတွင် နှစ်နှစ်ခန့်မျှ ဝင်ရောက် ဆောင်ရွက်ရင်း ဆရာကြီးသည် ဘဝကို ရုန်းကန်၍ နေရလေသည်။

အခန်း ၁၀

# အလုပ်မှ အငြိမ်းစား ရရှိခြင်း

၁၉၆၂ ခု မတ်လတွင် တော်လှန်ရေး ကောင်စီ အစိုးရ တက်လာလေသည်။ များမကြာမီ ဧည့်ခံပွဲ တခု၌ ဗိုလ်ချုပ်ကြီး နေဝင်းက ဦးဘခိုင်အား ဦးဟန်ပ အကြောင်းကို မေးလေသည်။ ဦးဘခိုင်က အကျိုးအကြောင်း ပြောပြသောအခါ ယခု ဘယ်မြို့တွင် ရောက်နေသနည်း၊ အမြန် အကြောင်းပြန်ပါဟု ပြောသည်။ ထိုစဉ်က တိုင်းချစ်သန်းစိန် ဇာတ်နှင့် ရွှေဘိုတွင် ရောက်နေကြောင်း အကြောင်းပြန်လိုက်ရာ မကြာမီပင် မန္တလေး ပန်တျာကျောင်းအုပ်ကြီး ဦးစိန်ညွန့်မှ တဆင့် ဦးဟန်ပအား စုံစမ်း၍ ရောက်ရာအရပ်မှ ခေါ်ဆောင်လာခဲ့ရန် အမိန့်ပေးလေသည်။

သို့နှင့် ဆရာကြီး ဦးဟန်ပအား ရန်ကုန်သို့ ခေါ်လာ၍ အစိုးရက တလလျှင် ပင်စင် လစာငွေ ၅၀၀ ကျပ် ချီးမြှင့်ကာ အငြိမ်းစား ပေးထားလေသည်။ ရံဖန်ရံခါတွင် နိုင်ငံတော် ဆိုင်းအဖွဲ့မှ တပည့်များအား လာ၍ ပြသရသည်။ ရံဖန်ရံခါတွင် ပန်တျာကျောင်းသို့ သွား၍ နည်းပြရသည်။ အိမ်တွင်လည်း တပည့်များကို အမြဲမပြတ် သီချင်း ပို့ချ သင်ပြပေးလျက် ရှိလေသည်။

ဆရာကြီးသည် ၁၉၆၃ ခု မေလအတွင်းက ကျင်းပခဲ့သော မြန်မာနိုင်ငံ သဘင်ကောင်စီ ညီလာခံသို့လည်း တက်ရောက်၍

အားပေးခဲ့သည်။ နောက်ဆုံးနေ့တွင် ဆုံးမ ဩဝါဒစကား ပြောကြားခဲ့သည်။

၁၉၆၃ ခု ဇူလိုင်လ အတွင်းက ကျင်းပခဲ့သော ခေတ်ပေါ် တေးဂီတ ကောင်စီ ညီလာခံသို့လည်း တက်ရောက်၍ ဩဝါဒ မိန့်ခွန်းစကား ပြောကြားခဲ့လေသည်။

"ဒီလိုပွဲတွေကို တွေ့ရတာဟာ ဦးဟန်ပ ကုသိုလ်ကောင်းလို့ တွေ့ရတာပါ။ အသက် ၇၆ နှစ် ရှိပါပြီ၊ ဘယ်တော့ သေမလဲ မသိဘူး၊ အခု ဆေးလိပ်လဲ မသောက်တော့ပါဘူး၊ ဘာမှလဲ ကန်တော့ဘို့ မလိုပါဘူး၊ မသေခင် ပညာလာယူလှည့်ကြပါ၊ ပညာယူမည့်သူကို စောင့်နေပါတယ်၊ ပညာအမွေပေးဘို့ ကိစ္စ၊ တရားထိုင်ဘို့ ကိစ္စ၊ သီလစောင့်ဖို့ ကိစ္စသာ ဦးဟန်ပမှာ ရှိပါတော့တယ်။ အဖက်ဖက်က တိုးတက်အောင် ဆောင်ရွက်ကြပါ၊ ကြိုးစားကြပါ" စသည်ဖြင့် ဆရာကြီး ဦးဟန်ပသည် ဟာသနှော၍ တသောသော ပွဲကျအောင် ဟောပြောသွားခဲ့လေသည်။

ဆရာကြီးသည် ဇနီး ဒေါ်ကြိုင်၊ သား မောင်သန်းဋ္ဌေး၊ သမီး မမြသန်း တို့နှင့်အတူ ကြည့်မြင်တိုင်တွင် နေထိုင်လေသည်။ သားကြီး ကိုညွန့်လှိုင်မှာ ကျိုက္ကစံဖက်တွင် နေထိုင်လေသည်။

သဘင်ကောင်စီ ဂီတကောင်စီ ညီလာခံကြီးများတွင် ဆရာကြီး ဦးဟန်ပနှင့် တွေ့ဆုံခဲ့ပြီးနောက် အတန်ကြာပင် မတွေ့ဘဲ အဆက်ပြတ်နေခဲ့ပါသည်။ တနေ့တွင် ဆရာကြီး ဦးဟန်ပ လေဖြတ်သဖြင့် ဆေးရုံတင်လိုက်ရသည် ဟူသော သတင်းကို ကြားရပါသည်။ သက်ဆိုင်ရာ ယဉ်ကျေးမှုဌာန တာဝန်ခံ၏ အမိန့်အရ

မင်္ဂလာဒုံ စစ်ဆေးရုံတွင် ထား၍ ဆရာကြီးအား ကုသ ပေးပါသည်။ ဗိုလ်ချုပ်ကြီး နေဝင်းကလည်း လာရောက် ကြည့်ရှုကာ ဆေးဝါးများကို ရှာပေး၍ ဂရုတစိုက် ပြုစုပါသည်။ ဆရာဝန်ကြီး ဒေါက်တာ ဘသန်းအား အထူး ဂရုစိုက်၍ ကြည့်ရှုပါရန် မှာကြားလေသည်။

ဆေးရုံကြီးတွင် နှစ်လကျော်ကျော် ကုသခဲ့ပြီးနောက် အတော် သက်သာလာသဖြင့် ဆရာကြီးသည် အိမ်သို့ ပြန်လာကာ လိုအပ်သော ဆေးဝါးများကို စားသုံးမှီဝဲရင်း နေနေကြောင်းကို ကြားသိရပါသည်။ စာရေးသူသည် ဆရာကြီး ဆေးရုံတွင် နေစဉ်ကလည်း တခေါက်မျှ မရောက်ပါ။ တာဝန်မကျေဘဲ ရှိနေပါသည်။ ဆရာကြီးသည် ခပ်စောစောက ဆိုလျှင် ဝါးလုံးတန်းကလေးကို မှီရင်း အားပြုကာ အနည်းငယ် လမ်းလျှောက် နိုင်သည်ဟု ဆိုပါသည်။ နောင်တွင် တဖြည်းဖြည်း လမ်းမလျှောက် နိုင်တော့ဘဲ ပက်လက် ကုလားထိုင်တွင် ၄င်း၊ အိပ်ယာထက်တွင် ၄င်း နေရကြောင်း သိရပါသည်။

၁၉၆၆ ခု ဇူလိုင်လ ၆ ရက်နေ့တွင်မူ ဆရာကြီးထံသို့ သွားလိုသော စိတ်က ပြင်းပြသဖြင့် အဆိုတော် ဦးသိန်းကြွယ်၊ အဆိုတော် ဦးဘခိုင်တို့နှင့် ချိန်းကာ ရုံးမှနေ၍ ဆရာကြီး ထံသို့ သွားကြပါသည်။

ဆရာကြီးသည် ဝမ်းသာစွာဖြင့် ဧည့်ခံ စကားပြောသည်။ ဤတွင် ဆရာကြီး၏ အတ္ထုပ္ပတ္တိကို မေး၍ ရေးယူလိုက်ရ ပါသည်။ အထူးသဖြင့် စည်းဝါးဒုံးများနှင့် ပတ်သက်၍ ဆရာကြီး၏ အဆိုအမိန့်ကို ကြားနာချင်သော ကြောင့်လည်း သွားရောက်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့်ပင် အခြေခံ ကြိုးသီချင်း ၁၃ ပုဒ် အကြောင်း၊

ပန်တျာမှုမှန်အဖွဲ့ အကြောင်းများကို အထက်တွင် ကျွန်တော် မေးမြန်းခဲ့ခြင်း ဖြစ်သည်။

ယင်း မေးမြန်းချက်များနှင့် အားမရသဖြင့် နောက်တခေါက် လာကာ အသံသွင်း ကြိုးခွေစက်ကို ယူလာ၍ ဆရာကြီး၏ ပြောပြချက်များကို အသံသွင်း ထားမည်ဟု စိတ်ကူးထားပါသည်။ ကျွန်တော်တို့သည် နာရီပြန်တချက်လောက်က စ၍ ရောက်ကာ ဆရာကြီးနှင့် စကားပြောကြပါသည်။ ဆရာကြီးသည် ဦးစိန်ကတုံး၏ သီချင်း ဦးဘိုးစိန်၏ သီချင်းများကို ၄င်း၊ ထံတျာတေရှင်၊ သီတာ၊ သာယာ- သီချင်းများကို ၄င်း စည်းဝါးသံကျ တိတိကျကျဖြင့် သီဆို ရှင်းလင်း ပြောပြပါသည်။ ဦးဘခိုင်ကို ၄င်း၊ ဦးသိန်းကြွယ်ကို ၄င်း ဆိုနိုင်းကာ စည်းဝါး အဝင်အထွက်များကို သင်ပြပါသည်။ ထိုနောက် သူရေးထားသည် ဆိုသော လေးချိုးကလေး တပုဒ်ကို ထုတ်၍ ပြပါသည်။

**ထံတျာတေဆိုတာ အပေါင်းမှုအသွားရယ်နဲ့၊ မြန်မာပြေမှာ အကောင်းယူဘယ်သူထားကြမလဲ၊ အပေါင်းလူအများရယ်က ချင့်ချိန်မျှော်။ ။**

**သဘင်တေးကိုလ၊ ယဉ်ကျေးစွာ အစဉ်အလာ ဖော်၍၊ ပညာပေါ်တတ်သူမေးလို့ရယ်၊ ရွေးစစ်ကြနော်။ ။**

**(ယခုတော့ဗျာ) ရဏ်ရည်အင်အကြောင်း တကယ်စပ်ပြန်တော့၊ ပုံမည်ရင်ကောင်းတယ် မှတ်ကြ**

**တာကြောင့်၊ အပေါင်းနယ် အရပ်ရပ် အရွာရွာပေါ်၊ ဆရာအမော်တွေက အင်မတန်များ။ ။**

**စဉ်းစားကြပါ၊ သီချင်းသွားဟန်ပါပါနှင့်၊ ထံတျာနိသျှည်းကို၊ အိုကွယ်- တီးပြပါလား၊ နည်းစုံလို့များ၊ အဓိပ္ပါယ်သိဘို့က ခက်ပါတယ်ဗျား။ ။**

ဤလေးချိုး ကဗျာလေးသည် ဆရာကြီး၏ နောက်ဆုံး လက်ရာပင် ဖြစ်ပါတော့သည်။ အဘယ့်ကြောင့်ဟူမူ နောက်ထပ် မရေးနိုင်တော့ သောကြောင့် ဖြစ်ပါသည်။

ကျွန်တော်တို့နှင့် စကားပြောနေသည်မှာ အတော်ပင် ကြာညောင်းသွားခဲ့ပြီ။ ညနေ ၅ နာရီခန့် ရှိလေပြီ။ စကားပြောရသဖြင့် ဆရာကြီးမှာ စိတ်ရွှင်လန်း နေပါသည်။ ကျွန်တော်တို့က သွားပါဦးမည် ဘဘ ဟု ဆိုကာ လက်အုပ်ချီ ကန်တော့ကြရာ ဆရာကြီးမှာ မျက်နှာ မသာမယာ ဖြစ်သွားပါသည်။ ဝမ်းနည်းသွားဟန် တူပါသည်။ မျက်ရည်များပင် လည်၍ လာပါသည်။

ကျွန်တော်တို့လည်း ဆရာကြီးအား ကြည့်၍ သနားမိကြပါသည်။ ထိုကြောင့်ပင် မကြာခင် လာခဲ့အုံးမည်ဟု ကတိပေးကာ ဆရာကြီးအိမ်မှ ထွက်ခဲ့ကြပါသည်။ ကျွန်တော့် စိတ်၌မူ မကြာမီတွင် အသံသွင်းစက်ဖြင့် သွား၍ ဆရာကြီး ပြောသမျှကို အသံဖမ်းယူ ထားမည်ဟု အားခဲလျက် ရှိပါသည်။

ဘာမျှ မကြာပါ၊ ကျွန်တော်တို့နှင့် တွေ့ပြီးနောက် ရှစ်ရက်အကြာ ဇူလိုင်လ ၁၄ ရက်နေ့တွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး အထူးခန်း၌ ဆရာကြီး ဦးဟန်ပသည် အနိစ္စ ရောက်ခဲ့ပါသည်။ ထိုအချိန်တွင် အသက် ၇၉ နှစ် ရှိလေပြီ။

ဆရာကြီးအား ရက်လည်သောအခါ တပည့်တပန်းများ စုံလင်စွာဖြင့် နေအိမ်မှ ကြံတော သုသာန်သို့ ပို့၍ ဂူသွင်း သင်္ဂြိုဟ်ပါသည်။ သင်္ဂြိုဟ်သော နေ့တွင် ကြံတော ဇရပ်၌ ဆိုင်းပေါင်း အများအပြား စီခင်းကာ ဆရာကြီး အလာတွင် စည်တော်ရွှန်းပြီး ကြိုကြပါသည်။

ယခုအခါတွင် တပည့်တပန်းများက စုပေါင်း၍ ဆရာကြီး၏ အုတ်ဂူကို သံမဏိစည်းဝိုင်း ဝိုင်းရံကာ ထိုစည်းဝိုင်းတွင် ဆိုင်းဝိုင်း သဏ္ဍာန် ပုံကလေးများ စီကာ ပြုလုပ်ထားသည်ကို တွေ့ရပါသည်။ ဆရာကြီး ဦးဟန်ပ၏ ဂူနှင့် ဆရာမကြီး ဒေါ်စောမြအေးကြည်၏ ဂူမှာ မဝေးလှပါ။ ဆရာမကြီး ဒေါ်စောမြအေးကြည်၏ အုတ်ဂူတွင်မူ သံမဏိစည်းဝိုင်းတွင် စောင်းကောက်ပုံကလေးများ ပြုလုပ်ထားသည်ကို တွေ့ရပါသည်။

အချုပ်အားဖြင့် ဆိုရသော် ဆရာကြီး ဦးဟန်ပသည် ကိုယ်ကျင့်တရား ကောင်းသော ဆိုင်းဆရာကြီး တဦးဖြစ်သည်။ သူတပါးအပေါ်တွင် စေတနာထားသည်။ ပညာကို လျှို့ဝှက်ခြင်း မရှိ၊ တပည့်တို့ အပေါ်တွင် ၄င်း၊ မိတ်ဆွေတို့ အပေါ်တွင် ၄င်း၊ ရှေ့တွင် တမျိုး၊ ကွယ်ရာတမျိုး မလုပ်တတ်ပေ၊ တပည့်များကို သားသမီးလို မွေးကာ ကျွေးကာ ပညာအကုန် သင်ပေးတတ်သည်။

ထို့ကြောင့်ပင် ဆရာကြီး ဦးဟန်ပ၏ ထင်ရှားသော တပည့်အများအပြား ကျန်ခဲ့ခြင်း ဖြစ်ပါသည်။ တပည့်များကလည်း ဆရာကြီးအား ချစ်ခင်လေးစား ရှိသေကြသည်။

ဦးဟန်ပသည် သီချင်းတီးရာ၌ မြန်မာဖြစ်စေ နိုင်ငံခြားသား ဖြစ်စေ မည်သူမဆို ကြိုက်အောင် တီးပြတတ်သည်။ သီချင်းကို တဖြိုးတည်း မတီးဘဲ မိုန်လိုက် လင်းလိုက် ရေလှိုင်းစီးသလို အလေးအပေ့ါ ထား၍ တီးလေ့ရှိ၏။ သီချင်းကြီး ဖြစ်စေ၊ ကာလပေါ် ဖြစ်စေ တီးလျှင် နောက်လူသိအောင် ခေါ်၍ တီးတတ်သည်။ တယောက်ကောင်း တီးလေ့မရှိ၊ အုံနှင့် သင်းနှင့် မြိုင်မြိုင်ဆိုင်ဆိုင် နားထောင်ကောင်းအောင် တီးတတ်လေသည်။ ထိုကြောင့်လည်း ဗလာဆိုင်း အတီးတွင် အလွန် နာမည်ကြီးခဲ့ခြင်း ဖြစ်ပါပေသည်။

ဆရာကြီးသည် ငွေရေးကြေးရေးနှင့် ပတ်သက်၍ ၄င်း၊ အလုပ်နှင့် ပတ်သက်၍ ၄င်း တပည့်များ မိတ်ဆွေများ အပေါ်တွင် ဖြောင့်မတ် တည်ကြည်စွာ ကျင့်ကြံ ဆက်ဆံလေ့ ရှိပေသည်။ ထိုကြောင့်ပင် တပည့်များ အနေဖြင့် ၄င်း၊ မိတ်ဆွေများ အနေဖြင့် ၄င်း၊ ဆရာကြီး ဦးဟန်ပ အပေါ်တွင် တစုံတရာ ပြောဆိုဘွယ်ရာ မရှိ၊ အပြစ်ကင်းစင်သော ပုဂ္ဂိုလ်ကြီး ဖြစ်ပါပေသတည်း။

အခန်း ၁၁

# ဦးဟန်ပ စပ်ဆိုသော သီချင်းများ

၁။ ဝါဒီတံ၊ တီးတဲ့လက်သံ၊ နဝင်ပီယံ၊ ဆန်းတာတွေများကို တကယ်စီမံ၊ (ဦးဟန်ပရဲ့ညာဏ်)၂ သဘင်အရာမှာ၊ အစဉ်အလာပါ မျိုးရိုးဗီဇသန်၊ ဆိုင်းအတတ်ပညာ၊ နည်းကလဲစုံပြန်၊ ဆိုတာတီးတာများမှာ၊ သူစကာထွင်ခဲ့ပြန်၊ စည်းမှာမှန်မှန်၊ ဝါးမှာမှန်မှန်၊ လက်ယူပုံကလေးက ယဉ်ကျေးတဲ့ဆရာဟန်၊ အသက် ခုနစ်ဆယ် ကျော်ကာကြီး၊ တီးပါတဲ့ဟန်၊ ရမက်အလွန်တကယ် ပျော်စရာကြီး နည်းတွေနဲ့ကြံ၊ (ဆန်းတာတွေ၊ ကွန့်တာတွေ၊ ညွှန့်တာတွေ တကယ်စီမံ)၂ ပုတ်လို့လဲ ပေါ်လာပြန်၊ ဟုတ်လို့လဲ ကျော်တာအမှန်၊ သဘင်အရာမှာ အစဉ်အလာက မျိုးရိုးဗီဇသန်။

(မြန်မာပြည်နိုင်ငံ၊ ခေတ်ပြောင်းတဲ့ ချိန်သမယံ၊ နစ်ဂီဝါ ပညာများကို လိုက်စားကြတဲ့ ဝါသနံ)၂ ဟိုအရင်ခါ၊ ပညာရှင်များ ရေးသားပါတဲ့၊ ကြိုးဘွဲ့သီချင်းခံ၊ ပတ်ပျိုးနဲ့ဘောလယ်၊ ယဉ်ကျေးတဲ့အသွား၊ တကယ်ထင်ရှား၊ ယိုးဒယားနဲ့ မွန်တေးဆိုသံ၊ မဟာဂီတံ၊ စာစီပြန်၊ အမှန်အမှန်၊ (ထံတျာတေတျော)၂ ဘယ်ညာစုံနှောပါလို့၊ (သဘောတွေကိုကြံ)၊ (ဦးဟန်ပရဲ့ ညာဏ်)၂ သဘင်အရာမှာ အစဉ်အလာ မျိုးရိုးဗီဇသန်။ ။

၂။ မည်သံသာယာ၊ တီးလက်သံမှာ၊ ဖွဲ့ပုံနွဲ့ပုံကလေးက ယဉ်ကျေးတဲ့ မြန်မာတူရိယာ၊ ကျေးရယ်၊ မောင်းရယ် နဲ့ရယ် ယှဉ်ပြိုင်ကာတီးလို့သာ၊ နိုင်ငံတကာ၊ အပြည်ပြည်မှာ ဂုဏ်ယူတင်ခဲ့တာ၊ ရေးထုံးလက်ရာ၊ ဆက်ကာ တည်တာတည်တာ၊ ဗမာပြည်နိုင်ငံက ဖြစ်ပါတဲ့ကိရိယာ၊ (ဗမာတူရိယာ၊ ကမ္ဘာအတူမရှိတာ၂) မင်းသုံးခံတဲ့ ရွှေဆိုင်းတော်ပါ၊ ငွေဆိုင်းတော်ပါ၊ ပြိုင်သူဆိုင်သူ ကင်းဂုတာ၊ ရာဇဝင်မှာ၊ စာတင်ကာ ရေးကာပြခဲ့မှာ၊ နိုင်ငံတကာ အပြည်ပြည်မှာ၊ ဂုဏ်ရည်တင်ခဲ့တာ။

ယဉ်ကျေးတဲ့တူရိယာ၊ ယခင်ရှေးက မူရှိတာ၊ (ဘယ်တော့ခါ)၄ မရိုးနိုင်ဘူးဗျာ၊ ဗမာပြည်တိုင်းက ရွှေဆိုင်း တော်ပါဗျာ၊ (ပြိုင်စံရှား)၂ နိုင်ငံခြားမှာ ဂုဏ်ရည်တင်ခဲ့တာ။

## သံဝေဂတေးထပ်များ

၁။ အပုပ်ကောင် ရုပ်ဆောင်ပြ၊

ဟုတ်ယောင်ပ ထင်တာ၊

တုပ်နှောင်လှ မင်တဏှာရယ်၊

နင်မကျွာ နိုင်ဘူး။

မစင်နှင့် ခွေးပမာလို၊

တွေးချင်ရာ တွေးတဲ့စိတ်ရူး။

အားမရ တင်းမတိမ်တယ်၊

ပြင်းအရှိန် ဓာတ်ကူး၊

ဝင်းထိန်ထိန်လျှပ်မြူးလို့၊

မပြတ်ဘူး ခိုင်မာ၊

သံယောဇဉ် သူ့အတွက်ကယ်က၊

မှုရတက် ပွားဆင့်လို့သာ။

မောဟကြောင့် ဒေါသပါ၊

လောဘပါ ထပ်ကဲလို့၊

အငော်လဲ သူမပြေ၊

လဲ မတ်တတ်သော၊

ပောန်ပ, ငါအခြေမှာ၊

တဏှာရေ နစ်မွန်းလို့လေး။ ။

၂။ ရုပ်နဲ့နာမ် မချုပ်သမျှ၊

ဒုက္ခနဲ့ နေ့ကုန်၊

ရှုတ်လှုတဲ့ ဓလေ့ဘုံကို၊

တွေ့မကြုံ ချင်ဘူး၊

ဝဲသြဃ လေးသံသရာကို၊

တွေးကြံကာ အားထုတ်ရည်စူး၊

မဂ်ဆိုတဲ့ ဒေသနာကို၊

သေချာစွာ စိတ်ကူး၊

ခေအမတာ အရိပ်ထူးက၊

မဆိတ်ဘူး ရှိတာ၊

ချမ်းသာပုံ တကယ်အေး၊

ဘယ်ဘေးမှ တွေ့ပါဘူးဗျာ၊

အနတ္တ ထင်လာရင်၊

မြင်တာမှာ မှတ်မစောနှင့်၊

ဓာတ်သဘော ဓာတ်ရုပ်ကောင်၊

ကင်းလွတ်အောင်ရှောင်၊

သုံးလောက ဝဋ်ထောင်ကို၊

လွတ်အောင်သာ ရုန်းပါတော့လေး။ ။

၃။ ဇာတိဆို သူ့အစ၊

မူလက အနတ္တာ၊

လူသတ္တဝါ နတ်ဗြဟ္မာ၊

မှတ်တာသာ ထင်တွဲ၊

သင်္ခါရ ပြုမှုအစဉ်ကို၊

ပုထုဇဉ် သိဖို့ခက်ခဲ။

ငါးပဉ္စ ခန္ဓာကိုယ်၊

ဉာဏ်မပါ သေလွဲ၊

သံသရာ အရှည်နွဲဘို့၊

ဂဟေစွဲ ဆက်တာ၊

ဉပါဒါန် တကာယ်စော၊

အပါယ်ကြော မျောဘို့သေချာ။

ဘေးဒုက္ခ အဖြာဖြာကို၊

ဘာဝနာ ဉာဏ်ရမှ၊

သံသရ ဝဋ်နယ်၊

လွတ်ဖို့ကြံရှုယ်၊

မျိုးဇာတိ ဇာတ်အနွယ်ကို၊

ဖြတ်ပယ်ကာ ပစ်ကြစို့လေး။ ။

၄။ ပယ်လေးရှာ နယ်အစ၊

တကာယ်ပ ပြုတ်ရန်၊

မဖွယ်လှတဲ့ ရုပ်နာမ်ကို၊

ဟုတ်အမှန် စစ်ဆေး၊

သက္ကာယ ဒိဋ္ဌိစင်အောင်၊

ရိပ်မိလျှင် ကင်းလွတ်ဖို့တွေး။

ငါအမှတ် ထင်မြင်တာကို၊

ဆင်ခြင်ကာ ဖြတ်ပေး၊

တွင်တွင်သာ ရပ်မနေးစေနှင့်၊

ပရမတ်ဆေး သုံးဆောင်၊

သမ္မဇဉ် ကင်းကွာပ,ရင်လ၊

အတွင်းရောဂမီး ထ,လို့လောင်၊

ဆိုးလိုက်တဲ့ ဝဋ်ကြောင်ရယ်၊

မလွတ်ပေါင် ရှာမှုနှင့်၊

တဂျာစု အသက်သေ၊

များလှ ဒုက္ခ၊

ဖန်ဆိုးတဲ့ လျှော်တောကို၊

ပျော်နေလျှင် ကောင်းမည်ပလေး။ ။

# နိဂုံး

မြန်မာ ဘုရင်မင်းမြတ် လက်ထက်က အသုံးတော်ခံ ဆီဆုံဆယ်ရှာစား ဆိုင်းဆရာကြီး ဆရာဖေတွင် မောင်စိမ့်နှင့် မောင်ကလေး ဟူသော သားနှစ်ယောက် ရှိခဲ့၏။ မောင်စိမ့်မှာ ဆိုင်းဆရာ ဆရာစိမ့် ဟူ၍ ကျော်ကြားလာသူ ဖြစ်ပြီး မောင်ကလေးမှာ နေမျိုးဗလကျော်သူ ဘွဲ့ရ ရှာစားကြီး စိန်ဗေဒါ ဖြစ်လာလေသည်။

ဆရာစိမ့်၏ ပထမအိမ်သူ ဒေါ်တိုးမှ တဦးတည်းသော သမီး ဒေါ်မမကြီး (စန္ဒယား မမကြီး) မှာ ဂီတနယ်ပယ်တွင် အလွန်ထင်ရှားလေသည်။ ဒေါ်မမကြီး၏ ခင်ပွန်းသည် စောင်းဆရာ ဦးအောင်ဒိုး ဖြစ်၍ ၎င်းတို့မှ သား ဦးကိုကိုကြီးနှင့် ဦးကိုကိုလေး တို့ကို ဖွားမြင်သည်။

ဆရာစိမ့်၏ ဒုတိယ အိမ်ထောင်သူ ဖြစ်သော ဇာတ်မင်းသမီးကြီး ဒေါ်စိန်မြိုင်မှ တဦးတည်းသောသား ဦးဘမောင် (အလင်္ကာကျော်စွာ ဆိုင်းဆရာကြီး ဦးဘမောင်) ကို ဖွားမြင်လေသည်။

ရှာစားကြီး ဆရာဖေ၏ ညီအကို ဝမ်းကွဲတော်သူ ဆရာဆယ်၊ တပည့် ဆရာကျယ်နှင့် တူအရင်း ဆရာနွဲ့ တို့သည် ဆိုင်းဆရာများ ဖြစ်ကြ၍ မန္တလေးမှ ပြည်မြို့သို့ သွားရောက် လုပ်ကိုင်နေခဲ့ကြသည်။

ရွာစားကြီး ဆရာဖေ၏ သားတပည့် ဖြစ်သော ဆရာပေမှာလည်း ပြည်မြို့သို့ ပြောင်းရွှေ့ အလုပ်လုပ်ခဲ့သည်။ ထိုအခါ ရွာစားကြီး ဆရာဖေ၏ မိတ်ဆွေကြီး ဦးကျော်ဖဲလည်း ပါလာလေသည်။

ဆရာပေတွင် သားမောင်ဘဖဲ တယောက်ရှိ၍ ဆရာပေ၏ နဲဆရာ ဆရာမှင်တွင် မောင်သာထွန်းနှင့် မောင်လှဖေ ဟူသော သားနှစ်ယောက် ရှိသည်။ မောင်ဘဖဲ၊ မောင်သာထွန်း၊ မောင်လှဖေတို့အား ဆရာကြီး ဦးကျော်ဖဲနှင့် ဆရာပေက ဂီတပညာကို သင်ပေးသည်။

ပြည်မြို့ရောက်ပြီး ခြောက်နှစ်အကြာတွင် ဆရာကြီး ဦးကျော်ဖဲ ကွယ်လွန်လေရာ ဆရာပေကပင် ထိုကလေး သုံးယောက်အား ဆက်လက် သင်ပြခဲ့သည်။ ဆရာပေသည် ဒုတိယ ကမ္ဘာစစ် မဖြစ်မီ ငါးနှစ်လောက်ကမှ ပြည်မြို့တွင် ကွယ်လွန်သည်။

မောင်သာထွန်းသည် ဦးဟန်ပ ဟူ၍ ဖြစ်လာသည်။ မောင်ဘဖဲနှင့် မောင်လှဖေ တို့မှာလည်း ဂီတပညာ အကျော်များ ဖြစ်လာခဲ့ကြသည်၊ မောင်လှဖေမှာ ဆိုင်းဆရာအဖြစ် ကြာကြာမလုပ်ဘဲ အခြားအလုပ်ကို လုပ်ကိုင်စားရင်း ဟင်္သာတမြို့တွင် နေ၍ ပတ္တလားအတီး အလွန်ကောင်းသူအဖြစ် ကျော်ကြားခဲ့သည်။ မောင်ဘဖဲနှင့် မောင်လှဖေတို့သည် အသက် ၅၀ ကျော် အရွယ်တွင် အသီးသီး ကွယ်လွန်ခဲ့ကြသည်။

ထိုကြောင့် ယနေ့ မြန်မာတူရိယာ ဆိုင်းပညာနှင့် ပတ်သက်လျှင် ဦးဟန်ပသည် အထက်ပါ မြန်မာဘုရင် အသုံးတော်ခံ ဆီဆုံဆယ်ရွာစား နေမျိုးကျော်ခေါင်ဘွဲ့ရ ဆိုင်းဆရာကြီး ဆရာဖေ၏

အကိုင်းမှ ဖြာထွက်လာသော ပုဂ္ဂိုလ် ဖြစ်ကြောင်းကို ကောင်းစွာ သိနိုင်ပါသည်။

နေမျိုးဗလကျော်သူ ဘွဲ့ရ ရွှာစားကြီး စိန်ဗေဒါ၊ အလင်္ကာကျော်စွာ ဆရာကြီး ဦးဟန်ပ၊ အလင်္ကာကျော်စွာ ဆရာကြီး ဦးဘမောင်တို့၏ တပည့်များသည် ယနေ့ မြန်မာတူရိယာဂီတ ဆိုင်းပညာနယ်ပယ်တွင် လက်ညှိုးထိုး၍ မလွဲအောင် ရှိနေပေသည်။ ထိုပုဂ္ဂိုလ်များသည် ထိုဆရာကြီးများ၏ နည်းနာ နိဿယကို ခံယူကာ မြန်မာတူရိယာဂီတ ပညာကို ကမ္ဘာက လေးစားလာအောင် စွမ်းဆောင် အားထုတ်ခြင်းအားဖြင့် ဆရာ့ ဆရာကြီးများအား ကျေးဇူးဆပ်သင့်ကြ ပါသတည်း။

တိုက်ပိုင်အမှတ်

၉၂၇ နန်းညွှန့်ဆွေ

နန်း အလင်္ကာကျော်စွာ ဦးဟန်ပ။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၁။

၉၃ စာမျက်နှာ၊ ပြည်သူ့လက်စွဲစာစဉ်။

ဆိုင်းဆရာကြီး ဦးဟန်ပ၏ ဘဝအတွေ့အကြုံများကို၊ ဆရာကြီးနှင့် တွေ့ဆုံမေးမြန်း ပြုစုထားသည်။

အဖိုး ၇၅ ပြား